
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၇၁၇၁၀၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၇၈၀၁၂၀၈

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၀၉၊ ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ဖိုးကာရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၂၀၀၀ကျပ်

BURMESE CLASSIC

## မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အိပ်မက်ရှင် | ၁ |
| ၂။ | အံ့ဩွယ် | ၂၂ |
| ၃။ | မြေကြီးသေသံ | ၄၂ |
| ၄။ | အိပ်မက်ထဲကလူ | ၅၀ |
| ၅။ | ကျောကုန်းပေါ်ကလက်ဝါးရာ | ၇၆ |
| ၆။ | ရက္ခစိုးအိပ်မက် | ၉၂ |
| ၇။ | အာချောင်သူတို့ဒုက္ခ | ၁၁၂ |
| ၈။ | လိပ်ကျောက်မြို့ရိုက်သံ | ၁၃၄ |
| ၉။ | ရွှေမန်ကျည်းရယ်ခုနစ်စဉ် ယဉ်ပါလေစရပ်ကယ်က | ၁၅၀ |
| ၁၀။ | ငါလည်းပါမယ်ချန်မထားနဲ့ မင်းတို့ကစားတော့မှင်းလုတယ် | ၁၇၀ |

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ရှင်

(၁)

"အစ်ကို"

"ဘာလဲ . . . မချို . . ."

"အစ်ကို ဒီခရီးကို ဖြစ်နိုင်ရင် မသွားပါနဲ့လား . . . အစ်ကို ရယ် ဟင်"

"မသွားလို့ မဖြစ်ဘူး . . . မချို၊ အားလုံးချိန်းဆို စီစဉ်ပြီးသား ဖြစ်နေပြီကွ။ ချိန်းပြီးမှ ကိုယ့်ဘက်က ပျက်ကွက်ရင် နောင် အသုံးအကြည်မရှိဖြစ်ပြီး စီးပွားရေးလုပ်ငန်းပါ ထိခိုက်သွားနိုင်တယ်။





နေပါဦး . . . ဘာဖြစ်လို့ မချိုက မသွားစေချင်ရတာလဲ။ မင်း နေမကောင်းလို့လား . . . ဟုတ်လား"

"ကျွန်မ ခုတလော အိပ်မက်တွေ မကောင်းလို့"

"ဟာ . . . မင်းကလည်းကွာ၊ တစ်ဆိတ်ရှိ အိပ်မက်ပဲ။ ကြာရင် မင်းအိပ်မက်ရူး . . . ရူးပြီး စိတ်ကျန်းမာရေးဆေးရုံကို ရောက်လိမ့်မယ်။ ကိုင်း . . . မင်းသူငယ်ချင်းတွေခေါ်ပြီး . . . ချက်ပြုတ်စားသောက်ကွာ . . . နော်"

ကိုချစ်ဦးဖေ ဇနီးသည် ခင်မြင့်ချိုကို အနမ်းဖြင့် နှုတ်ဆက်ပြီး တိုက်ခန်းမှ ထွက်သွားသည်။

ခင်မြင့်ချို လေးတွဲ့စွာ သက်ပြင်းချပြီး ရပ်လျက် ကျန်ရစ်ခဲ့၏။

* * * * * * * *

www.burmeseclassic.com

www.burmeseclassic.com

## (၂)

အိပ်မက်များကြောင့် . . .

ကြာရင် သူမရူးပြီး စိတ်ကျန်းမာရေးဆေးရုံကို ရောက်မည်တဲ့။

အိပ်မက် . . .

အိပ်မက်များကို ခင်မြင့်ချို နဂိုက မယုံကြည်ခဲ့။ သူမသည် ခေတ်ပညာတတ် ဘွဲ့ရတစ်ယောက်ဖြစ်သည်။ သိပ္ပံနည်းကျဖြစ်စဉ်များကိုသာ အလေးအနက်ထားခဲ့၏။

သို့သော် . . .

တစ်ကြိမ်မှာ သူမ ကားအက်ဆီးဒင့်ဖြစ်ပြီး နှစ်ရက်ခန့် ဆေးရုံမှာ သတိလစ်မေ့မြောခဲ့၏။

အဲဒီမှာ သူမကမ္ဘာသစ်တစ်ခုသို့ လွင့်မျော ရောက်ရှိသွားခဲ့၏။

မှောင်မှောင်မည်းမည်း ကမ္ဘာသစ်တစ်ခု . . .

နေမရှိ၊ လမရှိ၊ ကြယ်မရှိ။





သို့သော် မည်းမှောင်နေသော ကမ္ဘာသစ်ထဲမှာ ထူးဆန်းစွာ သွှပ်ရှားနေသည့် မျက်လုံးများကို အထင်းသား မြင်နေရသည်။

မျက်လုံးများက ဖြူလွလွ စိန်ရောင်များလို တောက်ပလျက် အစပထမ ကြယ်များဟု ထင်လိုက်၏။

ကြယ်များမဟုတ်။

ပိုးစုန်းကြူးများလား . . . ပိုးစုန်းကြူးများလည်း လုံးဝမဟုတ်။ မျက်လုံးပေါင်းများစွာ။

မှောင်ထဲက မျက်လုံးများသည် ခံစားချက်အသီးသီးနှင့် သွားလာလှုပ်ရှားနေကြ၏။ ကိုယ်လုံးကိုယ်ထည်ကို သူမ မမြင်ရ။ ဦးခေါင်းကို မမြင်ရ။

အချို့သော မျက်လုံးက ကြွေကွဲဝမ်းနည်းမျက်လုံး။

အချို့သော မျက်လုံးက ရွှန်းလဲ့စိမ်းစိုသောမျက်လုံး။

အချို့သော မျက်လုံးက ရဲရင့်မာကျောသည့်မျက်လုံး။

အချို့သော မျက်လုံးက မျှော်ငေးထမ်းတနေသည့် မျက်လုံး။

အချို့သော မျက်လုံးက တည်ငြိမ်အေးချမ်းသည့် မျက်လုံး။

အချို့သော မျက်လုံးက ရက်စက်ကြမ်းကြုတ် ကောက်ကျစ်စဉ်းလဲသော မျက်လုံးများ။

မျက်နှာကို လုံးဝမမြင်ရသော်လည်း သူမတွေ့နေရသည့် မျက်လုံးများက ခံစားချက်အသီးသီးနှင့်။ မျက်လုံးများက လေထဲမှာ မျက်နှာချင်းဆိုင်မှာ ရွေ့လျားနေကြသည်။

သူမ မှောင်မှောင်မည်းမည်း ကမ္ဘာသစ်ကြီးထဲက ထူးဆန်းသော မျက်လုံးများကို ကြောက်ရွံ့စွာ တုန်လှုပ်ချောက်ချားစွာ လိုက်ကြည့်နေစဉ်မှာ သူမရှေ့သို့ အရောင်တဖျတ်ဖျတ်ဟက်နေသော



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနှစ်လုံး ရောက်ရှိလာသည်။

ထိုမျက်လုံးနှစ်လုံးက သူမရဲ့ မျက်လုံးနှစ်လုံးကို စူးစူးစိုက်စိုက်ကြည့်ရင်း ယောက်ျားကြီးတစ်ယောက် လေသံနှင့်စကား ပြောနေသည်။

"ဟေ့ . . . ကလေးမ"

"က . . . လေး . . . မ"

"ရှင် . . . ရှင်"

ကြောက်ကြောက်နှင့် ထူးလိုက်မိ၏။

"ညည်း . . . ကြောက်နေသလား"

"ကြောက်တယ် . . . အရမ်းကြောက်တယ်၊

ကျွန်မ ဘယ်ကို ရောက်နေတာလဲရှင်၊ ဟင် . . . ဟင်၊

ဒါ . . . ဒါဆို . . . ကျွန်မ . . . ဒီ . . . ဒီမှာ . . . နေ . . . နေရမှာလား ဟင် . . . ဟင်"

"ကျွန်မ မနေဘူး . . . မနေချင်ဘူး။ ကျွန်မမှာ အိမ်ရှိတယ်၊ အဖေရှိတယ်၊ အမေရှိတယ်၊ သူငယ်ချင်းတွေရှိနေတယ်။ ကျွန်မကို ခုချက်ချင်း ပြန်ပို့ပေးပါ၊ ပြန်ပို့ပေးကြပါရှင် . . . ဟီး . . . ဟီး . . . ဟီး"

သူမ ဝမ်းလည်းနည်း ကြောက်လည်းကြောက်၍ မှောင်ထဲမှာ ငိုချလိုက်၏။

"ညည်းက ဒီကမ္ဘာသစ်မှာ မနေရပါဘူး။ ညည်းလမ်းမှားပြီး ခဏ အလည်ရောက်လာတာပါ။ မကြာခင် နေရာဟောင်းကို ညည်း ပြန်ရတော့မယ်"

"အို . . . ဒါ . . . ဒါ တကယ်လားဟင် အဘ . . . တကယ်ပဲလား"

"တကယ်ပါ သမီးရယ်၊ ညည်းနောင် ဒီနေရာကို မလာခဲ့ပါနဲ့။ အဘ ညည်းရောက်တုန်းရောက်ခိုက် အမှတ်တရလက်ဆောင် ပေးလိုက်ချင်လို့"

"အမှတ်တရလက်ဆောင် ပေးချင်လို့။ အဲဒါ ဘာလဲဟင် အဘ . . . ဘာလဲ"

"ရွှေပြေးနိမိတ်"

"ရွှေပြေးနိမိတ်"

"ဟုတ်တယ် . . . ရွှေပြေးနိမိတ်။ ဒီနိမိတ်ကို ညည်းရဲ့ သမီးရဲ့ ချစ်ခင်သူများအားလုံးအတွက် အရေးကြီးရင်သုံးဖို့ . . . ရော့ . . . ယူသွား"

စကားဆုံးသည်နှင့် အသံရှင်အဘိုးအိုသည် သူမရဲ့ မျက်လုံးများကို လက်ဝါးအေးစက်စက်ကြီးနှင့် အုပ်ချလိုက်၏။

ရေခဲလက်ဝါး၊ လူသေလက်ဝါးအလား အေးစက်လိုက်တာ။

"အား . . . အမလေး"

သူမလန့်ပြီး တအားကျူးအော်လိုက်သည်။ ပြီး . . . အဆက်မပြတ် အော်လိုက်သည်။

သူမ ပြန်သတိရချိန်၌ ဆေးရုံခုတင်ပေါ်မှာ ဆရာဝန်နှင့် သူနာပြုများ၊ မိဘဆွေမျိုးသားချင်းများရဲ့ ဝမ်းသာအားရအော်ခေါ်သံ၊ မေးမြန်းသံများကို အတိုင်းသား ကြားနေရသည်။

သူမ မသေနိုင်တော့။

အားလုံးကို မှတ်မိသတိရနေသည်။

သူမ စမ်းချောင်းမီးပွိုင့်မှာ ကားအက်ဆီးဒင့် ဖြစ်သည်ကို







www.burmeseclassic.com

www.burmeseclassic.com



သိလိုက်သည်။ သူမ နှစ်ရက်တိတိ သတိလစ်နေသည်တဲ့။

အခု အနီးမှာ ဖေဖေ၊ မေမေ၊ ဆရာသမား၊ သူငယ်ချင်းများ။

ပြီးတော့ သူမရဲ့ချစ်သူ ကိုချစ်ဦးပေါ့။

အို . . . သူမ အားရှိလိုက်ပါဘိ . . .

✣✣✣✣✣✣✣

(၃)

ခင်မြင့်ချို ကားအက်ဆီးဒင့်ဖြစ်ပြီးနောက်ပိုင်း . . . ဘာသာရေးကို လိုက်စားခဲ့၏။ ဂုဏ်တော်ပရိတ်များကို ရွတ်ဖတ်ခဲ့၏။ မွေးနေ့တိုင်း တရားထိုင်ခဲ့၏။ များမကြာခင် ထူးဆန်းသော အိပ်မက်ဆန်းများကို မြင်မက်ခဲ့ရသည်။

ဦးဆုံးအိပ်မက်က . . .

သူမရဲ့ သူငယ်ချင်း ကြည်ပြာလွင်ဦး ထီရုံးကြီးမှ ငွေထုတ်ကြီးပိုက်၍ ထွက်လာသည့်မြင်ကွင်း။

အိပ်မက်။ မိုးသောက်ချိန်အိပ်မက်။

သူမ ဝမ်းသာသွားခဲ့သည်။ သို့နှင့် ကြည်ပြာလွင်ဦးထံ ဖုန်းဆက်၍ ပြောလိုက်၏။ သူမရဲ့ အိပ်မက်ကို ကြားတော့ သူငယ်ချင်းမက ရယ်၏။ ဒါပေမင့် ပြောရှာသည်၊ ထီတော့ထိုးလိုက်ပါ့မယ် သူငယ်ချင်း ရယ်တဲ့။

အိပ်မက်ကို သဘောကျလို့တဲ့။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယုံတော့ မယုံဘူးတဲ့။

ဟော လဆန်းတော့ ကြည်ပြာလွင်ဦး သိန်းငါးဆယ်ထီပေါက်တော့သည်။ အို . . . ပျော်လိုက်သည့်ဖြစ်ခြင်း။ အံ့သြလိုက်ကြသည့်ဖြစ်ခြင်း။ ခင်မြင့်ချို ချက်ချင်းနာမည်ကြီးသွား၏။

သူတို့ သူငယ်ချင်းများကို ကြည်ပြာလွင်ဦးက ပုဂံဘုရားများသို့ လိုက်ပို့၏။ လက်ဆောင်ပစ္စည်းများ အလျှံပယ်ဝယ်ပေးခဲ့၏။

ဒုတိယအိပ်မက်။

ဦးလေး ဘရီ ထန်းပင်ပေါ်မှ ပြုတ်ကျသည့် အိပ်မက်။

ဘုရား . . . ဘုရား . . .

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ဦးလေးဘရီကို ကြို၍သတိပေးရ၏။ ဦးလေးဘရီကား သူမတို့ရွာမှ အသိဖြစ်၏။ လူကြုံနှင့်စာရေး၍ ''ဦးလေးဘရီ ထန်းပင်တက်ရင် သတိထားပါနော်။ ခင်မြင့်ချို သတိရလို့ စာရေးလိုက်တာပါ''ဟု ပြောလိုက်၏။

နောက်တစ်ပတ်ခန့် ကြာသောအခါ ရွာထဲကအသိများ ရောက်လာ၏။ ဦးလေးဘရီ ထန်းနုတက်လိုးရင်း ခြေချော်ကျ၍ ဘယ်ခြေထောက်ကျိုးသွားပြီး ဆေးရုံတင်လိုက်ရသည်တဲ့။

အလိုလေး . . .

သူမ ပုဗ္ဗနိမိတ်များရသလို ဖြစ်နေရော့သလား။

တိုက်ဆိုင်မှုများ များလာတော့။ အိပ်မက်ဆိုးလျှင် ဖွင့်မပြောတော့။ နှုတ်ဆိတ်နေလိုက်တော့သည်။

အိပ်မက်ကောင်းလျှင်တော့ ကြို၍ ဖွင့်ပြောလိုက်သည်။ သို့ကလို ကြိုပြောလိုက်သည့် အိပ်မက်နိမိတ်များသည် အံ့ဖွယ်ကောင်းစွာ တိုက်ဆိုင်နေလေ့ရှိသည်ကို ခင်မြင့်ချိုကြုံနေရ၏။

---

စိတ်ကူးသစ်စာပေ



မှုလက . . .

သူမနှင့်ချစ်သူ ကိုချစ်ဦးဖေတို့ နောင်နှစ်ဒီဇင်ဘာမှာ လက်ထပ်ဖို့ စီစဉ်ထားပြီးသား။

သို့သော် . . . အိပ်မက်တစ်ခု မက်ခဲ့၏။

ဝါမဝင်ခင် လက်ထပ်သည့် အိပ်မက်။

ဟော . . . ရှောင်လွှဲလို့မရခဲ့။ ကိုချစ်ဦးဖေ နိုင်ငံခြားသို့ ပညာသင်သွားရမည်မို့ ကဆုန်လထဲမှာပင် အရေးပေါ် လက်ထပ်ထိမ်းမြားခဲ့ရ၏။

✤ ✤ ✤ ✤ ✤ ✤ ✤

www.burmeseclassic.com

www.burmeseclassic.com

(၄)

အကြင်လင်မယားဘဝသို့ ရောက်သောအခါ ခင်မြင့်ချိုက အိပ်မက်ဆိုး အိပ်မက်ကောင်းမက်တိုင်း ချစ်လင်ကိုဖွင့်၍ ပြောခဲ့၏။

လွဲသည်ဆိုသော အိပ်မက်မျိုး မရှိခဲ့။

အားလုံး ဒက်ထိမှန်ခဲ့၏။

သို့နှင့် သူ့ကို စီးပွားရေး အောင်မြင်ခြင်းနိမိတ်၊ ကျဆုံးခြင်း နိမိတ်များကို ခင်မြင့်ချို ကြို၍ ပြောနိုင်ခဲ့၏။

ကြာတော့ ချစ်လင် ချစ်ဦးဖေက သူမကို နိမိတ်မရှိ နမာ မရှိ မပြောပါနှင့်ဟု ပိတ်ပင်ခဲ့၏။

ဒီလိုနှင့် နှုတ်ကို စောင့်စည်းရင်း သူမရဲ့ ထူးဆန်းသော အိပ်မက်များမှ သေဆုံးခြင်း၊ အိပ်မက်ရှင်ကြီးပွားခြင်း၊ အိပ်မက်ရှင် ထိခိုက်ဒဏ်ရာရနိုင်သော အိပ်မက်များကို ကြို၍ မြင်မက်လာခဲ့၏။

အနိဋ္ဌာရုံကို မကြိုက်မှန်းသိ၍ သူမပြောခဲ့တော့။

သို့သော် . . .





ဟုတ်မဟုတ် သေချာ၊ မသေချာ သိချင်၍ အိပ်မက်မြင်မက်သည့် လူပုဂ္ဂိုလ်များ၊ နေ့ညများ အကြောင်းကို လျှို့ဝှက်ဒိုင်ယာရီမှာ ရေးသွင်း၍ နေ့စွဲနှင့်မှတ်ပြီး သိမ်းထားခဲ့၏။

အံ့ဖွယ်ကောင်းလေစွ။

သူမ ကြုံမက်ခဲ့ရသည့် အသိအကျွမ်းများရဲ့ အနိဋ္ဌာရုံ အိပ်မက်များသည် သူမမှတ်သားထားသည့်အတိုင်း တစ်သဝေမတိမ်းဖြစ်ခဲ့သည်ကို တွေ့မြင်ကြုံကြိုက်ခဲ့ရလေသည်။

ပြောရလျှင် . . .

မိမိတို့ အိမ်တွင်းရေးနှင့် စပ်လျဉ်း၍ အိပ်မက်ဆိုးများ မြင်မက်ခြင်း မရှိခဲ့သည်မှာ ကြာပါပြီ။

သူမ အိပ်မက်နိမိတ်ဆိုင်ရာ စာအုပ်စာတမ်းများ ဖတ်ရှုလေ့လာခဲ့၏။ ရာဇဝင်သမိုင်းထဲက အိပ်မက်နိမိတ်များ၊ ဗုဒ္ဓဝင်ထဲက အိပ်မက်နိမိတ်များကို လေ့လာခဲ့သည်။

အိပ်မက်ကို ယုံကြည်ကိုးစားချင်၍မဟုတ်။

အိပ်မက်များရဲ့ သဘောသဘာဝနှင့် ဂမ္ဘီရဖြစ်စဉ်များကို သိချင်၍ ဖြစ်သည်။ အိပ်မက်ညံ့လျှင် ပြုမူဆောင်ရွက်ရမည့် အစီအရင်များကို လေ့လာသည်။ ထိုအခါမျိုးကျလျှင် ဘုရားကို ရေသပ္ပာယ်သည်။ ပန်း၊ ရေချမ်း၊ ဆွမ်းကပ်လှူ၍ ပရိတ်ကြီး (၁၁)သုတ်ကို ရွတ်ဖတ်၍ အားလုံးကို မေတ္တာပို့ခဲ့၏။

ဒါပေသည့် . . .

အိပ်မက်ထဲက ကြိုတင်နိမိတ်များ ဘာကြောင့် အပြင်မှာ တိုက်ရိုက်ဒက်ထိ ဖြစ်နေသည်ကို သူမစဉ်းစား အဖြေထုတ်၍မရ။

တစ်ခါတစ်ခါ ဆုတောင်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ ကားအက်ဆီးဒင့်ဖြစ်၍ ဆေးရုံမှာ သတိလစ်မေ့မြော နေစဉ် ရုတ်ခြည်းရောက်သွားခဲ့ရသည့် မဟူရာကမ္ဘာသစ်ထဲက မျက်လုံး ချည်းသက်သက် အသံရှင်အဘိုးရဲ့လက်ဆောင်။

အဘိုးရယ် အဘိုးပေးခဲ့သည့်လက်ဆောင်ကို အဘိုးပြန်ယူ သွားပါတော့ . . . ၊ သမီးမလိုချင်တော့ပါဘူး . . . အဘိုး။

သမီးတို့ ရှင်တော်မြတ်ဘုရားရဲ့ ကံ . . . ကံ၏ လုံ့လဝီရိယ၊ အကျိုးအမြတ်ကိုသာ ရင်ဆိုင်ခွင့်ပေးပါ . . . အဘိုးရယ်ဟု ညစဉ် ဆုတောင်းပါသော်ငြား . . .

တစ်နေ့ညက အိပ်မက်ဆိုးတစ်ခု မက်ခဲ့ရပြန်၏။

အိပ်မက် မမက်သည်မှာ ကာလအတန်ကြာခဲ့၍ သူမ ဆု တောင်းပြည့်ဝခဲ့ပြီဟု မှတ်ယူနေချိန်မှာ တုန်လှုပ်စရာကောင်းသော အိပ်မက်ကို မြင်မက်ခဲ့ရသည်။

ရေလှိုင်းကြားမှာ လူတစ်ယောက် မြုပ်ချီပေါ်ချီ ကူးခပ်နေ ၏။ သူနှင့်ဘေးမှာလည်း လူအချို့အော်ဟစ်နေကြသည်။

ဘုရား . . . ဘုရား . . .

ကိုချစ်ဦးဖေ . . .

သူမ အသက်တမျှ ချစ်ခဲ့ရသူ ချစ်နေရသူ ချစ်ခင်လွန်းသူ ချစ်လင် ကိုချစ်ဦးဖေ . . .

"အစ်ကို . . . အစ်ကို"

"အစ်ကိုရေ . . . အစ်ကို"

သူမ အသံကုန်ဟစ်၍ အော်ခေါ်လိုက်၏။ ဒီမှာ အိပ်မက်က လန့်နိုးခဲ့ရ၏။ အနီးမှာ ချစ်ခင်ပွန်းက သူမကို လှုပ်နှိုးပြီး သတိပေး နေ၏။





"ဘာတွေ ဖြစ်ပြန်ပြီလဲ . . . မချို"

"ဟို . . . ဟို . . . ဟို လန့်သွားလို့ပါ အစ်ကို"

"ဘာတွေမက်ပြီး လန့်ရပြန်ပြီလဲမချိုရာ မင်းကလဲ . . ."

"ဘာမှ မဟုတ်ပါဘူး အစ်ကိုရယ်"

"ဒါဆို အိပ်တော့ကွာ . . . ဟူး"

သူက တစ်ဖက်သို့လှည့်၍ စောင်ခေါင်းမြီးခြုံပြီး ပြန်အိပ် လိုက်သည်။ သူမ အိပ်လို့မပျော်။ ရင်တွေတုန်နေ ခုန်နေသည်။ အိပ် လို့မရတော့။ ပက်လက်ကနေပုတီးစိပ်ပြီး မေတ္တာပို့နေလိုက်သည်။

\+ + + + + + +

www.burmeseclassic.com

www.burmeseclassic.com

(၃)

ကိုချစ်ဦးဖေတို့ စက်လှေနှစ်စီးနှင့် မြစ်ဝကျွန်းပေါ်သို့ ကုန်ပစ္စည်းများ သွားပို့ကြသည်။ နို့ဆီ၊ သကြား၊ ဆပ်ပြာအပါအဝင် ခေတ်ပေါ်ကုန်ပစ္စည်းမျိုးစုံ သိန်းသုံးရာဖိုးခန့်ပါ၏။

လုပ်ငန်းတူ ဖက်စပ်သူငယ်ချင်းများနှင့် အောက်ကကုန်ပို့အပြန်မှာ မြစ်ဝကျွန်းပေါ်ထွက် ပစ္စည်းများပြန်သယ်၊ ပွဲရုံများသို့ပို့၊ အချို့ကို ကိုယ့်ပွဲရုံမှာကိုယ်ပြန်ရောင်း၊ ထက်ဝက်မက အသွားအပြန်မြတ်၍ အကျိုးအမြတ်ရှိလွန်းလှကား . . . .

အားလုံးလုပ်ငန်းမှာ ပျော်ပိုက်နှစ်မြုပ်လျက် ရှိနေကြသည်။

"ဘယ်နှစ်ရက်ကြာမှာလဲ . . . အစ်ကို"

"အသွားအပြန်သုံးရက်ပါ . . . မချို"

"ပြန်ရောက်ရင်အိမ်ကို တန်းလာခဲ့နော်"

"စိတ်ချပါ မိန်းမရာ၊ တန်းတန်းမတ်မတ် ပြန်လာခဲ့ပါမယ်။ မင်းအပြင်သွားနေရင်တောင် ဟောဒီ အိပ်ရာပေါ်ကနေ အိပ်ပြီး





စောင့်နေမယ်သိလား"

"ဟွန်း . . . အပြောကတော့ ရွှေမန်းပဲ၊ ဒါနဲ့အစ်ကို"

"ဘာလဲ . . . မချို"

"သွားရင် သရဏဂုံကို မမေ့နဲ့နော်၊ အမြဲရွတ်နေသိလား"

သူက ဘာမျှ ပြန်မပြော။ ဇနီးရဲ့ပါးကို ရွှတ်ခနဲနမ်း၍ နှုတ်ဆက်ပြီး အတက်ချိုကျေ့စ်ကိုဆွဲ၍ ထွက်သွားခဲ့လေသည်။

ချစ်လင်ခရီးထွက်ပြီး ဒုတိယမြောက်နေ့မှာဖြစ်၏။

ခင်မြင့်ချို ဈေးဝယ်စရာရှိလို့ အပြင်ထွက်သွားလိုက်၏။ ဘာဂျာတံခါးကိုစေ့ပြီး အိမ်ဖော်မလေးကို လိုအပ်တာများမှာကြားခဲ့၏။

အိမ်ဖော်ကောင်မလေးက ကုလားမလေး "မနီ" ဖြစ်သည်။

မနီသည် အစစအရာရာ စိတ်ချရ၏။ ဦးစွာပန်းဥယျာဉ်ထဲက ပန်းပင်များကို ရေလောင်း၏။ ပြီးနောက် နောက်ဖေးဘက်မှာ တံမြက်လှည်းနေလိုက်သည်။

အချိန်က မိနစ်၂၀ခန့် ကြာသွားသည်။

သန့်ရှင်းရေးလုပ်ပြီးသည်နှင့် အိမ်ထဲသို့ဝင်ရန် လုပ်သောအခါ စောစောက စေ့ထားသော ဘာဂျာတံခါးမှာ လူတစ်ကိုယ်စာနီးပါးဟနေသည်ကို တွေ့လိုက်ရ၏။

အိမ်ရှင် အန်တီမချိုများ ပြန်ရောက်နေရောလား။

ဒါမှမဟုတ် လူတစ်ဦးတစ်ယောက်များ ဝင်ရောက်နေရော့သလား။

သို့နှင့် အသာခြေဖွ၍ ဝင်ခဲ့လိုက်၏။

"အန်တီချို ပြန်ရောက်နေလားဟင်"

"အန်တီချို . . . အန်တီချို . . . ပြန်ရောက်နေလား"

www.burmeseclassic.com

www.burmeseclassic.com



ပြန်ထူးသံမကြားရ၍ ခပ်သုတ်သုတ်ဝင်လာပြီး ဟိုဟိုဒီဒီ ကြည့်လိုက်သောအခါ . . .

"ဟယ်"

ခုတင်ပေါ်က မွေ့ရာပေါ်မှာ လူတစ်ယောက် အိပ်နေ၏။

ခေါင်းပြူကြည့်လိုက်တော့ အန်တီချိုယောကျ်ား အိမ်ကြီးရှင် ဦးချစ်ဦးဖေ ဖြစ်နေ၏။ သူသည် ခုတင့်မွေ့ရာပေါ်မှာ ပက်လက်လှန်၍ အိပ်နေ၏။

ကြည့်စမ်း . . . အန်ကယ် ဦးချစ်ဦးဖေတို့များနှယ် အသံမပေး ဘာမပေးနဲ့ လန့်သွားတာပဲ။

အေးလေ . . . ဒါကလည်း သူလုပ်နေကျ အပြုအမူပါ။ သိပ်တော့မဆန်း။ ဒီနောက် ဘာကျွာတံခါးကိုစေ့ခဲ့ပြီး နောက်ဖေးမှာ အိုးခွက်ပန်းကန်များ ဆေးကြောနေလိုက်၏။ မကြာခင် အိမ်ရှေ့မှ ခေါ်သံကြားရ၏။

"မနီ . . . မနီရေ"

အန်တီချို ခေါ်သံဖြစ်၍ အန်ကယ်နိုးမှာ စိုးသောကြောင့် ခြေဖွ၍ ထွက်လာလိုက်၏။

"ရှူး . . . တိုး . . . တိုး"

"ဟဲ့ . . . ဘာဖြစ်လို့လဲ မနီရဲ့"

"အခန်းထဲမှာ အန်ကယ်ချစ်ဦးဖေ အိပ်နေတယ် အန်တီချိုရဲ့"

"ဟင် . . . နင့်အန်ကယ် ပြန်ရောက်နေတယ်။ ဘယ်အချိန်က ပြန်ရောက်နေတာလဲဟင်"

"နာရီဝက်လောက်ရှိပြီ။ ကျွန်မကိုတောင် အသံမပြုဘဲ အခန်းထဲမှာ ဝင်အိပ်နေတာ"





"ကြည့်စမ်း . . . ကြည့်စမ်း။ အစ်ကိုတို့များ ရောက်နေတာတောင်ဖုန်းမဆက်ဘူး . . . တွေ့မယ်"

သူမ ဝမ်းသာအားရနှင့် ပြေးသွားလိုက်ကာ အခန်းလိုက်ကာကို လက်နှင့်ဖယ်လိုက်သည်။

"ဟင်"

"မနီ . . . မနီ"

"ရှင် . . . အန်တီ"

"မြန်မြန်လာခဲ့စမ်း"

"ဘာလဲ . . . အန်တီ"

"ဘယ်မှာလဲ နင့်အန်ကယ် မရှိပါလား"

"ဟောတော့ . . . စောစောကပဲ ဒီခုတင်ပေါ် ပက်လက်ကြီးအိပ်နေတာ။ ကျွန်မကိုယ်တိုင် မြင်နေရတာအန်တီရဲ့"

အိမ်သာများ ဝင်နေရော့လား။ တံခါးကား ဝင်သူမရှိ။ အပြင်က ချက်ထိုးထားလျက်။

"အစ်ကိုရေ . . . အစ်ကို"

"အစ်ကို . . . အစ်ကို . . . ပြန်ရောက်နေပြီဆို"

သူမ အိပ်ခန်းများထဲမှာ လိုက်ရှာကြည့်သည်။ မရှိသည့်နောက် ခြံဝင်းထဲသို့ လိုက်ရှာကြည့်သည်။ လုံးဝမတွေ့။ တကြော်ကြော်အော်ခေါ်နေလိုက်သည်။

"မနီ . . . မတွေ့ပါလားဟဲ့"

"ဟင်"

"ညည်းဟာ . . . အစ်ကိုမှဟုတ်ရဲ့လား၊ သူခိုးများလား"

"အန်ကယ်မှ အန်ကယ်အစစ်ပါ အန်တီချို"



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်လွန်း၍ အိပ်ခန်းထဲသို့ နှစ်ယောက်သား ပြန်ဝင်လာပြီး နောက်ပြောင်နေမလားဟု မတ်တတ်အဝတ်ချိတ် ဗီရိုများကို လှန်ဖွင့်ရှာကြည့်သည်။ မရှိပါ။

သည်မှာပဲ . . . မသက်သာ၍ မွေ့ရာကို သေသေချာချာ စစ်ဆေးလိုက်၏။ မွေ့ရာအခင်းသည် လူတစ်ယောက် တက်အိပ်သွားဟန် တွန့်ကြေ၍ စောင်းနေ၏။

မိုးလင်းလို့ အိပ်ရာထလျှင် ဒီမွေ့ရာခင်းကို သူမစန့်စန့် ပြန့်ပြန့်ပြင်ထားနေကျ။

ခု . . . လူတစ်ယောက် အိပ်ခဲ့သည့်အသွင်။

"အလို"

ဒီမှာလဲ သူမ မမျှော်လင့်သည့်အရာကို သွားတွေ့လိုက်တော့၏။

မွေ့ရာခင်းကို ထောက်၍ အနီးကပ် စစ်ဆေးလိုက်သောအခါ ရေစိုကွက်ကြီး သုံးကွက်ကို အံ့ဩဖွယ်မြင်လိုက်ရ၍ သူမရင်ထဲမှာ ထိတ်ခနဲဖြစ်ပြီး ကြောင်သွား၏။

"ကလင် . . . ကလင် . . . ကလင်"

"ကလင် . . . ကလင် . . . ကလင်"

"အန်တီချို . . . ဖုန်းလာနေတယ်"

"ဖုန်း . . . ဘယ်က ဖုန်းလဲ"

"သိဘူး"

သူမရေစိုအိပ်ရာခင်းကို ကိုင်ရင်းတန်းလန်းနှင့် ထွက်လာလိုက်ပြီး ညာလက်နှင့်ဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဟဲလို . . . ခင်မြင့်ချိုပါရှင်"

"ခေါ်ခင်မြင့်ချိုလား။ ကျွန်တော် အောင်မြင့်သော်ပါ"





"ဪ . . . ကိုအောင်မြင့်သော်လား။ အစ်ကိုတို့ အေးအေးဆေးဆေးပဲမို့လားဟင်"

ဒီမှာ တစ်ဖက်ဖုန်းမှ ခေတ္တရပ်သွား၏။

"ကိုအောင်မြင့်သော် ကျွန်မ ပြောတာကြားလား"

"ကြား . . . ကြားပါတယ် . . . ခေါ်ခင်မြင့်ချို။ ကျွန်တော် အရေးတကြီးကိစ္စ ပြောချင်လို့"

"ရှင် . . . ဘာလဲဟင် . . . ပြောလေ . . . ပြောပါ . . . ဘာလဲ"

"ဟို . . . ဟို . . . ကိုချစ်ဦးဖေတို့ စက်လှေ ( ___ ) မှာ လေပြင်းနဲ့မိပြီး နစ်မြုပ်သွားလို့"

"ရှင် . . . အစ်ကိုတို့ စက်လှေ လေပြင်းမိပြီး နစ်မြုပ်သွားလို့။ ဒါ . . . ဒါဆို . . . အစ်ကို . . . အစ်ကိုရော . . . ဟင် . . ဟင်"

"ကိုချစ်ဦးဖေရော၊ ကိုမြင့်ကျော်ရော၊ စက်ဆရာပါ ရေနစ်ပြီး"

"အို . . . ဘုရား . . . အမလေး"

ခင်မြင့်ချို ဖုန်းကိုလွှတ်ချလိုက်သည်။ ဖုန်းခွက်သည် ဂွပ်ခနဲ မြည်၍ ကြိုးတန်းလန်း။


သူမ ရေစိုနေသည့်အိပ်ရာခင်းကို စိုးစိုက်ကြည့်နေရင်းမှာပဲ အိမ်ဖော်မနီ ရှူးဝါးစွာ အော်ဟစ်ရင်းပြေး၍ ထိုးပွေ့လိုက်ပါသော်လည်း . . .

* * * * * * *

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အံ့ဘွယ်

(၁)

ကျွန်ုပ်သည် ဗေဒင်လက္ခဏာ နက္ခတ်၊ စုန်း၊ တစ္ဆေ၊ သရဲ၊ ကျက်၊ ဖုတ်၊ ပြိတ္တာစသည့် ပရဝိဉာဉ်လောကအကြောင်းနှင့် အတိတ်ဟောနိမိတ်ဟော ဖြစ်စဉ်များကို လုံးဝအလေးအနက် မထားခဲ့။

ကိုယ်လုပ်မှ ကိုယ်စားရသည်။

ကိုယ်ဖြစ်လျှင် ကိုယ်ခံ။

ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်။

မကောင်းတာလုပ်လျှင် မကောင်းတာဖြစ်မည်။





အခန့်မသင့်၍ မလိုမုန်းထားသူ ချောက်တွန်းသူ ချွန်တွန်းများနှင့်တွေ့လျှင် ကောင်းတာလုပ်သည့်သည့်တိုင် မကောင်းထင်ပြီး အထင်အမြင် လွဲမှားကိုယ်ကျိုးနည်းရကိန်း ကြုံရတတ်သည်ဟု သုံးသပ်နားလည်ထား၍ . . .

ကိုယ်ကောင်းလျှင် ခေါင်းဘယ်မျှမရွေ့ဟု ဆိုသော်လည်း . .

သူများမကောင်းလျှင် ကိုယ်ရော၊ ခေါင်းရော ရွေ့နိုင်သည့်သဘောကို စဉ်းစားသည်။

ကျွန်ုပ်၏ဖခင်သည် ကျွန်ုပ်ကို လူကန့်လန့်ဟုဆို၏။ ကျွန်ုပ်ဖခင်သည် အမှန်အကန်ပင် ရတနာသုံးပါးကို ယုံကြည်၏။ အနန္တော အနန္တငါးပါးကို ရှိသေ၏။

ကျွန်ုပ်လည်း အနန္တော အနန္တငါးပါးကို ပမာမခန့် မလုပ်ပါ။ ဗုဒ္ဓ၏ကံငါးပါးကို ယုံကြည်ပါသည်။

ပစ္စုပ္ပန် ကံ . . . ကံ၏ အကျိုးကို ယုံကြည်ပါသည်။

သို့သော် . . .

ထိုအချိန်က ရုပ်ဝါဒစာပေများ အစွဲကြီးစွာ ဖတ်ရှုနှစ်သက်နေချိန်မို့ အတိတ်ကံ၊ အနာဂတ်ကံကို အလေးမထားခဲ့။

အိမ်မှာ ရိုးရာနတ်တင်မြှောက်လျှင် ကျွန်ုပ်က ရှုတ်ချခဲ့၏။

ဦးရှင်ကြီးတင်လျှင် ရယ်မောနောက်ပြောင်ပြီး လုံးဝမပါဝင်ခပ်တည်တည် ... ပတ်သက်ဘဲ ရှောင်သွားလေ့ရှိရကား အဖေက . . .

အမိုက်အမဲလေးမို့ ခွင့်လွှတ်ပါ။ အရှင်သခင်တို့ရေ . . . ပြောဆိုတောင်းပန်ပြီး ရင်ကိုဖိရှာ၏။

အမေကား တုန်လှုပ်ချောက်ချား၍ မဆုံး။

ဗေဒင်တို့ လက္ခဏာတို့ဆို ဝေလာဝေး။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ကိုင်ရိုတစ်ယောက် လက်ဝါးပြင်မှ လက္ခဏာ အရေးအကြောင်းတို့ကြည့်ပြီး မနောအမြင်နှင့် ဟောပြောလိုက်လျှင် သေဆိုသေ၊ ရှင်ဆိုရှင်၊ မိန်းမရဆိုရ၊ ထီးနန်းစွန့်ဆိုစွန့်၊ ထောင်ကျ ဆိုကျ၊ အလွန်မှန်သည်ဟု စာအုပ်များမှာ ဖတ်ရ၏။

သည်တုန်းက ဟုတ်မဟုတ် ဆရာကြီးကိုင်ရိုနှင့် တွေ့ချင်၏။ မေးမြန်းစပ်စုချင်၏။ သို့သော် လက္ခဏာပညာရှင် ဆရာကြီးကိုင်ရို နှင့် ကျွန်တော်ကား အလှမ်းဝေးလှ၏။

မိုးနှင့်မြေသို့တည်း။

သူနှင့် ကျွန်တော် မဆုံဖြစ်ခဲ့။ ခု . . . သူမရှိတော့။

\+ + + + + + +

(၂)

ကျွန်ုပ်မှာ ချစ်သူတစ်ဦးရှိခဲ့၏။ သူမသည် လွန်စွာစွဲမက် ဖွယ်ကောင်းသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း စွင့်စွင့်ငွားငွား ဖွံ့ဖွံ့ ထွားထွားဖြစ်သည်။ အသားဖြူ၍ ဆံပင်ရှည်နှင့်ဖြစ်၏။

ရယ်လိုက်လျှင် သွားတက်ကလေးက ထင်းခနဲပေါ်လာရကား ထိုအပြုံးသည် ကျွန်ုပ်၏ အသည်းနှလုံးကို တုပ်ချည်ထားသကဲ့သို့ ရှိ၏။

သို့ဖြစ်၍ သူမကို ကျွန်ုပ်လွန်စွာ ချစ်မြတ်နိုး၏။

သို့သော် သူမနှင့် ကျွန်ုပ်နှင့် ယုံကြည်မှု ကွာခြား၏။

သူမက ရတနာသုံးပါးကို လွန်စွာ ကိုင်းရှိုင်း၏။

အနန္တောအနန္တငါးပါးကို ကျွန်ုပ်လိုက်မမီအောင် ရှိသေလေးစား တန်ဖိုးထား၏။

ဂုဏ်တော်၊ ဂါထာ၊ မန္တန်မျိုးစုံကို ကျက်မှတ်ရွတ်ဆို၏။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရောင်ညှို့သော ... ကိုလည်း လက်ခံ၏။

ဒါအပြင် . . .

ဆေး နက္ခတ်၊ လက္ခဏာ၊ ယတြာနှင့် နတ်ဝင်သည်များ ... ခြင်း။ မနောလိုလို လူပုဂ္ဂိုလ်များ၏ ဟောပြောခြင်းများကို အတိုင်းအတာတစ်ခုအထိ လက်ခံယုံကြည်ပြီး လိုအပ်သလို ပြုမူဆောင်ရွက်၏။

ကျွန်ုပ်သည် ချစ်သူကို ကျွန်ုပ်လမ်းကြောင်းပေါ်သို့ ဆွဲတင်ပါသော်လည်း အချစ်က အချစ်၊ ယုံကြည်ခြင်း လေ့လာလိုက်စားခြင်းက တစ်လမ်းဖြစ်သည်တဲ့။

ယုံကြည်ချက်မတူ၍ လမ်းခွဲလိုပါမူ စောစောစီးစီးလမ်းခွဲနိုင်ပါကြောင်း ကျွန်ုပ်ကို အတိအလင်းဖွင့်ဟ၍ ဆွေးနွေးခဲ့ရကား . . . နောက်ဆုံးချစ်သူကို မြတ်နိုးလွန်း သံယောဇဉ်ကြီးလွန်း၍ သူမ၏ ယုံကြည်လက်ခံမှုများကို အတိုက်အခံ မလုပ်တော့ဘဲ . . .

ကိုယ်ရံတော် တပ်မှူးအဖြစ်သာ အစဉ်လိုက်ပါ ကူညီစောင့်ရှောက် ပေးလျက်ရှိခဲ့ရလေသည်။ တစ်နေ့သောအခါ . . .

"အစ်ကို"

"ဘာလဲ . . . မွေး"

"ကျိုက်ခေါက်ဘုရားသွားမလို့ . . . လိုက်ခဲ့ပေးပါ အစ်ကို"

"ဘာသွားလုပ်မလို့လဲဟင်"

"ညကအိပ်မက်ဆိုးလို့ ယတြာသွားချေမလို့"

"ဟာ . . . မင်းကလဲ"

"ဟာ . . . မင်းကလဲတွေ . . . ဟို . . . မင်းကလဲတွေ လုပ် မနေနဲ့။ လိုက်မယ်၊ မလိုက်ဘူးသာပြော။ အစ်ကို မလိုက်ရင် အခြားလူ





အဖော်ခေါ်သွားမယ်"

သူမက သို့ကလို ခပ်ရှင်းရှင်း၊ ခပ်ဘွင်းဘွင်း သမားတည်း။ ကျွန်ုပ်သည် အိပ်မက်များကို မယုံကြည်ပါ။ အိပ်မက်ဆိုသည် စိတ်အစွဲအလမ်း စိတ်ကူးယဉ်၊ မပြီးပြတ်ခဲ့သော ကြုံတွေ့မှု၏ နောက်ဆက်တွဲ ဓာတ်လမ်းအဆက်များဟုသာ နားလည်လက်ခံခဲ့၏။

သို့ဖြစ်၍ ချစ်သူစိတ်ကူးတစ်ဖက်စွန်း မရောက်စေရန် ပြောဆိုဆွေးနွေးမည်ဟု နှုတ်မှဟလိုက်ရုံရှိသေး၊ ချစ်သူမွေးက ရေပိတ်စပါး ... ကားဆိုခဲ့သောအခါ . . .

"အစ်ကိုလဲ နေခင်းမှာ ချိန်းထားတဲ့ကိစ္စကရှိ"

"ဒါဖြင့် မလိုက်နိုင်ဘူးပေါ့"

"လိုက် . . . လိုက်မှာပါ မွေးရဲ့ . . . အဟဲ . . . ဟဲ"

"ဟွန်း . . . ဘယ်လိုလူစားလဲ မသိဘူး"

သို့နှင့် ကျွန်ုပ်သည် သူမနှင့်အတူ သူမမွေးနေ့ဖြစ်သော ... ကြာသပတေးနေ့က ကျိုက်ခေါက်ဘုရားသို့ ရောက်ခဲ့၏။

သူမက ဘုရားစောင်းတန်းမှ ပန်းများ၊ အမွှေးတိုင်များ၊ ဖယောင်းတိုင်များကို ဝယ်၏။ တံခွန်ကုက္ကားများကို ဝယ်၏။ မနိုင်နင်းဖြစ်၍ ကျွန်ုပ်က ဝိုင်းကူသယ်ပေးရ၏။

ဘုရားပေါ်ရောက်သော် ပန်းများကိုရေဆေးပြီး ဗုဒ္ဓရုပ်ပွားတော်ရှေ့က ပန်းအိုးမှာ စိုက်ထိုး၊ မီးပူဇော်ကာ ဗုဒ္ဓရုပ်ပွားတော်ကို ... လေးစားစား ရှိခိုးနေ၏။

ကျွန်ုပ်ကား လက်တန်းတစ်ခု နံဘေးမှာရပ်၍ သူမရဲ့အလှ ... သာ ငေးမောကြည့်နေမိ၏။

"ဒိဋ္ဌိကြီး . . . ဘုရားမရှိခိုးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ရှိခိုးပြီးတော့ သူမက ကျွန်ုပ်ကို လှမ်းမေးလိုက်သည်။

"ဘုရားက ကိုယ့်ဦးခေါင်းပေါ်မှာ ရှိပြီးသားပါ"

"ဟွန်း . . . ဘယ်လို လူစားလဲမသိဘူး"

သူမက သူမရဲ့ လက်သုံးစကားနှင့် မျက်စောင်းတစ်ချက်ထိုးပြီးနောက် သူမရဲ့ မွေးနံဂြိုဟ်တိုင်ရှိရာ ကြာသပတေးဂြိုဟ်တိုင်ဆီသို့ လှမ်းခဲ့၏။

ရောက်သည်နှင့် . . .

ပန်းများနှင့် သူမအသက် အရေအတွက် ဖယောင်းတိုင် (၂၅)တိုင်နှင့် အမွေးတိုင် (၂၅)တိုင်ထွန်း၏။

ဂြိုဟ်တိုင်မှ ကျောက်ဖြူဘုရားရုပ်တုကို ရေသက်စေ့လှူ၏။ အောက်က နေနံကြွက်ရုပ်တုကို ရေလောင်း၏။

ပြီး . . .

ဆုတောင်းစကားများ အတန်ကြာပြောပြီး ထရပ်လိုက်သည်။

"ဝ, ပြီလားကွ . . . "

"ဘာ . . . ပြောတယ်"

"ဩော် . . . ဆုတောင်းလို့ ဝပြီလားလို့ မေးတာပါ မွေးရဲ့ . . . အဟဲ"

"ရှင်က . . . ဒိဋ္ဌိပဲ"

"ဒိဋ္ဌိဆိုတဲ့ စကားအဓိပ္ပာယ်ရော သိလို့လား"

"လျှာမရှည်နဲ့၊ ဟွန်း . . . ဘယ်လိုလူစားလဲ မသိဘူး"

သူမအကြောင်းသိနေ၍ ကျွန်ုပ်လျှာတိုနေလိုက်ပါသည်။ ၎င်းနောက် တစ်ယောက်လက် တစ်ယောက်ကိုင်ပြီး စေတီတော်ကို တစ်





ပတ် ပတ်ကြ၏။

ပြီးနောက် မြောက်ဘက်စောင်းတန်းမှ ဆင်းလာကြစဉ် ရေတုဘုရင်နတ်သျှင်နောင်အုတ်ရိုးစေတီရှေ့ စောင်းတန်းအုတ်ကြမ်းခင်းမှာ အဘိုးအိုတစ်ဦးကို မြင်လိုက်ရ၏။

အသက် (၈၀) ခန့်ရှိလိမ့်မည်။

ဆံထုံးကြီးနှင့် နှုတ်ခမ်းမွေးဖွားဖွား၊ မုတ်ဆိတ်ဖားလျားနှင့်၊ အဘိုးအိုနောက်မှာ ရှင်မီးအင်္ကျီဝတ် သျှောင်ပေစူးလေးနှင့် အသက် (၁၀) နှစ်ခန့် နွမ်းပါးသော မိန်းကလေးတစ်ဦးကို တွေ့ရ၏။

အဘိုးအို၏ မြေးနှင့်တူ၏။

သူ့ရှေ့မှာ သပိတ်အဖုံးတစ်ခု လှန်ထား၏။ အထဲမှာ ငွေစက္ကူအချို့လည်း တွေ့ရသည်။ လှည့်ကြားသောအခါ အဘိုးအိုက စကားပြောတော့၏။

"ခုနစ်ရက်သားသမီးများ ကိုယ့်ဘဝရဲ့ ပစ္စုပ္ပန်လက်ငင်းကောင်းကျိုးဆိုးကျိုး၊ အနာဂတ်ကောင်းကျိုးဆိုးကျိုးများ သိလိုပါက အဘိုးပညာပိုင်းနှင့် ဟောပြောကူညီနေပါသည်ကွယ့်။ လိုအပ်ရင် ဝင်ရောက်လှူဒါန်း လေ့လာရယူနိုင်ပါသည်ကွယ်ရို့"

ဒီမှာ ချစ်သူမွေးက စိတ်ဝင်စားသွား၏။

"အစ်ကို မေးကြည့်ရအောင်"

"အို . . . မွေးကလဲ . . . ဒါတွေက . . . ဟို . . . လူ"

"လျှာမရှည်နဲ့ . . . အစ်ကို စိတ်မဝင်စားရင် ထိုင်ကြည့်နေ။ ဘာမှဝင်မပြောနဲ့၊ မွေးမေးကြည့်လိုက်ဦးမယ်"

"ခက်တာပဲကွာ"

"မခက်ပါဘူး . . . သူ့ဘာသာသူ တွက်ချက်ပြီး ဟောမှာ



www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ လာ''

သို့နှင့်အဘိုးအိုရှေ့သို့ ရောက်ခဲ့၏။

ဩော် . . . အနီးကပ်ကြည့်လိုက်မှ အဘိုးအိုကြီးက မျက်စိနှစ်လုံး ကွယ်နေရှာပါတကား။

''အဘိုး''

''ဝေ . . . သမီးလား . . . မြေးလား''

''သမီးပါ . . . အဘိုး၊ သမီးရဲ့ဘဝ အဆိုးအကောင်းလေး သိချင်ကြားချင်လို့ပါ . . . ဟောပြောပေးပါ အဘိုးရယ်။ ဒီမှာ အလှူငွေနှစ်ရာ လှူပါတယ်ရှင်''

''သာဓုဗျာ . . . သာဓု . . . သာဓု၊ သမီးက ဘာနေ့သမီးတုံး''

''ကြာသပတေးနေ့သမီးပါ အဘိုး''

''အခု အသက်ကရောကွယ်''

''နှစ်ဆယ့်ငါးနှစ်ပါရှင်''

''အင်း . . . သမီးက သိုက်ဖွားပဲ၊ ဟုတ်ရဲ့လားကွယ့်''

''မှန်ပါတယ် အဘိုး''

အဘိုးအိုကြီးက ဘယ်ကျောက်သင်ပုံးပေါ်မှ မရေးခြစ်ဘဲ နှုတ်တိုက်ဟောပြောနေ၏။

''သိုက်ဖွား . . . သုံးခုကြွင်းသမားပဲ။ ငါ့သမီးရဲ့ သုံးခုကြွင်းသမားများသည် လူတွေကို အမြဲယှဉ်ပြိုင်နေရတတ်သည်။ အားလုံးအပေါ် အနိုင်လိုချင်သည်။ နိုင်လိုမင်းထက် တစ်ဖက်သတ် ပြောဆိုမှုကြောင့် ဘယ်လုပ်ငန်းမဆို အတိုက်အခိုက်အနှောင့်အယှက် ကြီးတတ်တယ်ကွယ့်''

''သိပ်မှန်တာပေါ့ . . . အဘိုးရာ''





ဤစကားကား မွေးက ဝန်ခံသည်မဟုတ်၊ ကျွန်ုပ်က ဝင်၍ထောက်ခံလိုက်ခြင်းဖြစ်ရကား မွေးရဲ့နဂါးမျက်စောင်းက ကျွန်ုပ်အပေါ်ဆွေ့ခနဲ ရောက်လာခဲ့၏။

''ဒါ့ကြောင့် နှုတ်ချိုချိုပြောပါ။ တစ်ဖက်သားစကားကို ပြီးဆုံးအောင် နားထောင်ပါ။ အလုပ်လုပ်ရင် ဆန္ဒမစောပါနှင့်။ စကားပြောဆို မကြမ်းပါနဲ့။ အမြဲအနိုင်ယူလိုစိတ်ကိုလျှော့ပါ။ အဲဒါတွေ မထိန်းနိုင်ရင် ငါ့သမီးဘဝပျက်စီးလိမ့်မယ် ကြားလား''

''ဟုတ်ကဲ့ . . . အဘိုး။ ဒါနဲ့ အဘိုး၊ သမီးရဲ့အိမ်ထောင်ရေးလေး ဟောပေးပါဦး . . . အဘိုး''

''အိမ်ထောင်ရေးကို ပြောရရင် အင်္ဂါသားဖြစ်သင့်တယ်။ အခု သမီးကြုံရသူက ရုပ်ဝါဒသမားလို လူစားပဲ''

ကျွန်ုပ် အနည်းငယ်အံ့သြသွား၏။ မွေးကလည်း လှည့်၍မေးဆတ်ပြလိုက်၏။

''သူနဲ့ အဆင်ပြေပါ့မလား . . . အဘိုး''

''ကြာမှ အဆင်ပြေမယ်။ ပေးစမ်း . . . သမီးရဲ့ ညာလက်''

မွေးက သူမရဲ့ ညာလက်ကို တိုးပေးလိုက်၏။ အဘိုးအိုက တုန်ယင်သော သူ့ညာလက်နှင့် လှမ်းကိုင်ပြီး အတန်ကြာအာရုံပြု၍ခေါင်းတညိတ်ညိတ်လုပ်ရင်းက . . .

''ညည်း . . . ဒီနေ့ ဘုရားမှာ ယတြာလုပ်နေတာ''

''သမီးကို အဘိုးဒီနေ့ အရေးကြီးတာတစ်ချက် ပြောချင်တယ်''

''ပြောပါ . . . အဘိုး''

''ခု . . . ဘယ်အချိန်ရှိနေပြီလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မွှေးက သူ့ဘယ်လက်မှ နာရီကို လှမ်းကြည့်ပြီး . . .

"နံနက် (၁၀) နာရီပါ . . . အဘိုး"

"ဟုတ်ပြီ ခု . . . ပြန်တော့မလို့လား"

"ဟုတ်ကဲ့ရှင့်"

"မပြန်နဲ့ဦး"

"ရှင် . . . ဘာဖြစ်လို့လဲ အဘိုး"

"အဘိုး အချိန်နက္ခတ်ကို မကြိုက်လို့ပါ။ ဒီမှာသမီး . . . သမီးဒီနေ့ သမီးရဲ့မွေးနေ့ ဂြိုဟ်ထောင့်အံရိုပ်ရှိရာ အရပ်မှာ ပုတီး သက်စေ့စိပ်နေလိုက်ပါ။ မွန်းတည့် (၁၂)နာရီကျော်မှ ပြန်ပါ။ အခု လုံးဝမပြန်ပါနဲ့။

"ပုတီးစိပ်ပြီးရင် (၃၁)ဘုံသားများရော၊ မြို့တော်ရှင်၊ ရွာတော် ရှင်များရော၊ သမ္မာဒေဝနတ်များရော၊ ကျိုက်ခေါက်ဘိုးဘိုးကြီးရော ကိုယ်စောင့်နတ်များရော မေတ္တာပို့ပါ။ ဒါနဲ့ သမီးနဲ့အတူအဖော် ပါလာ သေးသလား"

"ဟုတ်ကဲ့ . . . ပါ . . . ပါတယ်အဘိုး"

"ယောကျ်ားလေးနော်"

"ဟုတ်ကဲ့ရှင့်"

"ဖြစ်နိုင်ရင် . . . အဒီရှုလေးလဲ . . . ဒီသမီးနဲ့အတူ ရှိနေ ပေးပြီး (၁၂)နာရီကျော်မှ အတူပြန်စေချင်တယ်"

"ဘာဖြစ်လို့လဲ ဟင် . . . အဘိုး . . . ဟင်"

"အဘိုး . . . ပြောသလိုသာ လုပ်ပါကွယ်။ အန္တရာယ်ကင်း ဘေးရှင်းပြီး လုပ်ငန်းများ အောင်မြင်ဖို့ပါသမီး။ ကိုင်း . . . ဒါပါပဲ ပြီးပါပြီ"





အဘိုးအိုက ဘာမျှဆက်မပြောတော့ဘဲ စိပ်ပုတီးကိုအာရုံပြု၍ စိပ်နေသဖြင့် ကျေးဇူးစကားပြောပြီး ထလာခဲ့လိုက်ကြသည်။

\+ + + + + + +

(၃)

"အစ်ကို"

"မွှေး"

"မွှေးတို့ ဘုရားပေါ် ပြန်တက်ကြရအောင်"

"ဘာလုပ်မလို့လဲ မွှေးရာ . . . မင်းကိစ္စ ဝိစ္စတွေ ပြီးပြီ မဟုတ်လား"

"မပြီးသေးဘူး . . . ကျွန်မ ဒီအဘိုးပြောသလို (၁၂) နာရီ အထိ ဂြိုဟ်ထောင့်မှာ ပုတီးစိပ်နေလိုက်ဦးမယ်။ အစ်ကိုပါ စောင့်ပေး ပါနော်"

"ဟာကွာ . . . မင်းကလဲ မျက်မမြင်တစ်ဦးပါးစပ်က ထွေ့ တရာ လျှောက်ပြောတိုင်း လိုက်လုပ်နေမလို့လား"

"ဘာပဲဖြစ်ဖြစ် ဒီနေ့ကုသိုလ်အလုပ် လုပ်မယ်ဆိုပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တာပါ အစ်ကို။ ပြီး . . . အစ်ကို့ကိုလည်း (၁၂) နာရီကျော်မှ ကျွန်မနဲ့အတူ ပြန်ပါလို့ ပြောလိုက်တယ်မို့လား"

"ထပ်သရီး . . . အစ်ကို ဒါတွေလုံးဝ အယုံအကြည်မရှိဘူး မွေး"

"ဒါ . . . ဒါဖြင့် အနားမှာ အတူနေမပေးဘူးပေါ့"

"ဒီနေ့ အရေးကြီးတဲ့ ငွေရေးကြေးရေးကိစ္စ (၁၁း၃၀) နာရီမှာ ချိန်းထားတယ်။ အချိန်ပြည့်စောင့်ပေးနိုင်မှာ မဟုတ်ဘူးကွာ။ အစ်ကို့ကိုခွင့်လွှတ်ပါ မွေးရာ၊ ငွေကိစ္စက များနေလို့ပါ"

"အင်းလေ . . . ဒါဆိုလဲ ခဏနေပြီးရင် သွားပေါ့ . . . လာ"

ဒီလိုနှင့် ကျွန်ုပ်တို့နှစ်ဦး ဘုရားပေါ်သို့ ပြန်တက်ခဲ့လိုက်ကြသည်။ မွေးရဲ့ ကြာသပတေးမွေးနေ့ ကိုးဟိုက်တိုင်သို့ရောက်သော် အရိပ်ရသော မျက်နှာချင်းဆိုင်ဇရပ်ရိပ်မှာ မွေးကထိုင်၍ ပိုက်ဆံအိတ်ထဲက စိပ်ပုတီးအဖြူလေးကို ထုတ်ယူလိုက်သည်။

ဘုရားရှိခိုးသည်၊ ဆုအမိန့်တော်ဆိုသည်။ ပါဠိ စီးပွားကို ရွတ်ဆိုသည်။ အပိုင် အဆိုင် အစောင့်အရှောက် ပုဂ္ဂိုလ်များကို မေတ္တာပို့သည်။

ပြီးနောက် မျက်လွှာကိုချပြီး ပုတီးကို အာရုံစိုက်၍ စိပ်နေလိုက်၏။ အချိန်အတန်ကြာသွားခဲ့ပြီး ကျွန်ုပ်လက်က နာရီကိုကြည့်လိုက်တော့ (၁၁း၁၀) နာရီရှိနေပြီ။

ငွေကြေးကိစ္စ ချိန်ထားသည်က (၁၁း၃၀)နာရီ။ မြို့ထဲက "ဘိုအုန်းသီး" လက်ဖက်ရည်ဆိုင်မှာ။ ဘုရားရှေ့က ကားစီးလျှင် (၁၀)မိနစ်ခန့် ကြာလိမ့်မည်။

သို့နှင့် ချစ်သူမွေးကို ကြိုပြောပြီးမှ သူမအပါးမှ ခြေသံမပြု အသံပေးပြီး ကားမှတ်တိုင်ရှိရာသို့ အရှေ့ဘက်စောင်းတန်းမှ ပြန်ဆင်း





လာခဲ့သည်။

ကားမှတ်တိုင်ရောက်တော့ ကားစောင့်နေလိုက်၏။ ကား တစ်စီးလာ၏။ မရပ်ဘဲ မောင်းသွား၏။ နောက်တစ်စီးက လူပြည့်ကျပ်နေ၍ မရပ်ဘဲမောင်းသွားပြန်၏။

ဒီလိုနှင့် လူပြည့်ကျပ်နေသော ကားသုံးစီး မျက်စိရှေ့မှ မရပ်ဘဲဖြတ်သွား၏။ အချိန်က (၁၀)မိနစ်ခန့်ပဲ လိုတော့သည်။

ဘယ်ကားမျှတားမရ။

ထိုစဉ် ဂျစ်ကားတစ်စီး ဝင်လာနေ၏။ ကျွန်ုပ် မရဲ့ အရှေ့ လက်တားလိုက်သော် ကားကရပ်ပေး၏။ ကားပေါ်မှာ ကြက်ခြင်း ဘဲခြင်းများပါ၏။

"အရေးကြီးလို့ပါဗျာ၊ ကားကြုံ လိုက်ပါရစေ။ ကားခပေး တောင်းသလောက်ပေးပါ့မယ် နောင်ကြီးရာ"

"ဈေးပဲရောက်မယ် . . . ကိုယ့်လူ"

ကားဒရိုင်ဘာ ပါးစပ်မှ အရက်နံ့ရနေ၏။

"ရတယ်ဗျာ"

"ဒါဆို . . . တက်၊ တစ်ဆယ်တော့ပေး"

ကျွန်ုပ် ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်၏။ ကြက်ကုလား မှုံးတစ်ယောက်လည်း ပါနေလိုက်သေး၏။

ငနဲက ကားစီးရင်း ပုလင်းပြားကို မော့နေသေး၏။ ပြီး ရှေ့က ဒရိုင်ဘာသောက်နှင့် မူးမူးရူးရူးစကားများ အော်ကြီးဟစ်ကျယ် ပြောလာကြ၏။ ကားသည် ယစ်ထွေထွေနှင့် မောင်းလာလို့လားမသိ၊ ဘယ်ညာယိမ်းနေ၏။

ကုန်းဆင်းများမှာ မောက်မာစီး၍ သံတန်းကို မြန်မြန်စွာ ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ထားရှာ၏။ မျက်နှာချင်းဆိုင်ကားများက ကျွန်ုပ်တို့ ဂျစ်ကားဆရာကို ကလော်တုတ်သွား၏။

"ဖြည်းဖြည်းမောင်းပါ ကားဆရာ"

"အ . . . ချဉ် . . . ပါ . . . ဗျာ"

ဒီလိုနှင့် နာမည်ကျော်သရက်ပင်မောင်နှမသို့ ရောက်လာ၏။ ၎င်းကုန်းသည် မြေကြမ်းသည်ဟု နာမည်ကြီး၏။

ဒီမှာ ဘွားခနဲပေါ်လာသည့် မျက်နှာချင်းဆိုင်ကားကို ကျွန်ုပ်တို့ဂျစ်ကားဆရာက တရကြမ်းကွေ့ရှောင်လိုက်ရင်း . . .

"ကား . . ."

"ဟ . . . ဟ . . . ရေ . . . ကား . . . ကား"

"ဝုန်း"

"ဂျလုံ . . . ဝုန်း"

"အား"

"အ မာ ရေ"

"ဝုန်း"

ကျွန်ုပ်တို့ ဂျစ်ကား အရှိန်ကို မထိန်းနိုင်ဘဲ လက်ယာဘက်သို့ စောင်းမှောက်ပြီး လျှောတိုက်ပါသွားသည်။ ကြက်ကုလားရဲ့အော်သံ၊ ကြက်ဘဲများရဲ့အော်သံ၊ ဒရိုင်ဘာရဲ့ ညည်းညူသံများကို ကြားလိုက်ရပြီး ကျွန်ုပ်လည်း မြေပြင်သို့ လွင့်စဉ်ခုန်ကျသွားခဲ့သည်။

"ဗုန်း"

"အား . . . အင်"

\+ + + + + + +

(၄)

ကျွန်ုပ်သတိရ၍ မျက်စိဖွင့်ကြည့်လိုက်တော့ ဆေးရုံပေါ်မှာ ရောက်နေသည်။ ကျွန်ုပ် ညာဘက်ခြေထောက် ကိုက်ခဲနာကျင်နေသောကြောင့် လက်နှင့်စမ်းလိုက်သောအခါ ညာခြေထောက်မှာ ကျောက်ပတ်တီးကြီးနှင့်ပါလား။

ခြေထောက်ကျိုးသွားခဲ့ချေပါကလား။

မျက်နှာမှာလည်း ပလတ်စတာများနှင့်ပါလား။

"အစ်ကို သတိရ . . . ရပြီလား . . . ဟင် . . . ဟင်"

"မွှေး"

"ကျွန်မရော အဘိုးမနောပေဒင်ဆရာကြီးက သတိပေးရဲ့သားသားရဲ့သားနဲ့ အစ်ကိုက ဖွတ်ထွက်သွားတော့ . . . အခု . . . ခု . . . အင် . . . အီး"

မွှေးက ကျွန်ုပ်ရဲ့ ဆိုးဝါးလှသော ဖြစ်အင်ကို ကြည့်၍ ငိုလိုက်သည်။ မျက်ရည်စက်များသည် ချစ်သူရဲ့ပါးပြင်မှာ စီးလိမ့်၍ ကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို"

"မွေး"

"ဟို . . . ဟို . . . အဘိုးအိုကြီးဟောတာ မမှန်ဘူးလားဟင် . . . ဟင်လို့"

"ဟုး"

ကျွန်ုပ်ဆေးရုံပေါ်မှာ ရက်အတန်ကြာနေလိုက်ရ၏။ ဟိုနှစ်ယောက်ကတော့ မဆင်းရသေး။ ဆေးရုံမှာ ကျောက်ပတ်တီးဖြေပြီး ဆင်းခွင့်ရသောအခါ . . .

အားလပ်သော တနင်္ဂနွေနေ့၌ မွေးနှင့်ကျွန်ုပ် ကျိုက်ခေါက်ဘုရားရှိရာသို့ လာခဲ့ကြ၏။

အဓိက မနောဗေဒင်ဆရာ အဘိုးအိုကို တွေ့ဆုံမေးမြန်းလို၍ ဖြစ်၏။ ဤတိုက်ဆိုင်မှုသည် ဘာကြောင့်ဖြစ်ရသလဲ။

အဲဒါကို ဘယ်လိုနည်းပညာနှင့် အဘိုးအိုကြီးတင် သိမြင်ဟောပြောနိုင်သလဲ။

အဲဒီအချက်ကို သိချင်သည် ဆွေးနွေးချင်သည်။

သို့နှင့် . . .

နတ်သျှင်နောင် အရိုးအိုးအုတ်ဂူရှေ့သို့ လာခဲ့လိုက်ကြသည်။ မနောဗေဒင်ပညာရှင် လူထူးမျက်မမြင် အဘိုးအိုကို ရှာကြည့်လိုက်၏။

မတွေ့။

အနီးရှိ လူများကို မေးကြည့်လိုက်သောအခါ ထိုအဘိုးအိုမြေအဘိုး မလာတာကြာပါပြီတဲ့။

မတတ်နိုင်တော့။

ကျွန်ုပ်သိချင်တာ မေးခွင့်မရတော့။





ဒီနေရာမှာ ပြောပြရန် နောက်ဆုံးတစ်ချက် ရှိနေပါသည်။

၎င်းအကြောင်းအရာကား . . .

မျက်မမြင်အဘိုးအို ဟောပြောညွှန်ကြားသည့်အတိုင်း ကျွန်ုပ်ချစ်သူ မခင်မွေးသည် ထိုနေ့ (၁၂)နာရီ အမိ သူမမွေးနံဂြိုဟ်တိုင်မှာ (၁)နာရီ အဓိဋ္ဌာန်ပုတီးစိပ်ခဲ့လိုက်သော အကျိုးကျေးဇူးကား . . .

အိမ်ပြန်ရောက်ပြီး နောက်နေ့နံနက်မှာ လျှောက်ထားသည့် လုပ်ငန်းတစ်ခုမှ ခေါ်စာရောက်လာခဲ့ခြင်းဖြစ်၏။

ခေါ်စာကား . . .

အိတ်စပို့လုပ်ငန်း ကုမ္ပဏီကြီးမှ ခေါ်စာဖြစ်၏။ သွားရောက်တွေ့ဆုံလိုက်သောအခါ . . .

ချစ်သူမွေးရဲ့ အရည်အချင်းကိုနှစ်သက်၍ လစာငွေ ကျပ်နှစ်သိန်းနှင့် အလုပ်တန်းခန့်လိုက်ခြင်းပဲ ဖြစ်လေသတည်း။

ကျွန်ုပ်မှာမူကား . . .

ယနေ့တိုင် ခြေတစ်ဖက်ထော့နင်း . . . ထော့နင်း . . .

သို့နှင့် . . . နောက်ပိုင်း . . .


* * * * * * *

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# မြေကြီးခေါ်သံ

(၁)

ကျွန်တော်တို့ ကျောင်းသားဘဝရောက်စဉ် ဗုဒ္ဓဘာသာနှင့် ပြည်သူ့နီတိကို ကျောင်းမှာသင်ခဲ့ရ၏။ ထိုစဉ်က ပဋ္ဌာနန္တရိယ ကံထိုက်ခြင်းအကြောင်းကို သင်ခဲ့ရ၏။

အနန္တောအနန္တငါးပါးကို ကိုယ်ထိလက်ရောက် ပြစ်မှားစော်ကားခဲ့လျှင်၊ ကံသုံးပါးအနက် တစ်ပါးပါးနှင့် ပြစ်မှားကျူးလွန်ခဲ့လျှင် ပဋ္ဌာနန္တရိယ ကံကြီးထိုက်၍၊ ပဋ္ဌာနန္တရိယ ကံထိုက်လျှင် ငရဲကြီးရှစ်ထပ်အနက် အောက်ဆုံး၊ အပြင်းဆုံး၊ အပူဆုံး မဟာအဝီစိငရဲ၌ နောင်ပွင့်





မည့် ဘုရားလက်ထက်သို့တိုင် နှစ်ပေါင်းများစွာ ငရဲခံရမည်။

ဘဝကံပေးလေးကောင်းမှ ကံအားလျော်စွာ ကျွတ်လွတ်၍ နောင်ပွင့်လာမည့်ဘုရားကို ဖူးမြော်နိုင်ခွင့်ရမည်။ ဥပမာ အဖကိုသတ်ရန် စေခိုင်းသည့် အဇာတသတ်ရဲ့အဖြစ်။

ဆိုရလျှင် ပဋ္ဌာနန္တရိယ ကံကြီးထိုက်ခြင်းအကြောင်းကို ကိုရင်ဘဝ၊ ပဉ္စင်းဘဝ၊ သံဃာတော်အရှင်သူမြတ်များ ဟောကြားသည့်တရားဒေသနာဝတ္ထုဇာတ်ကြောင်းဖတ်ပြီး ထေရဝါဒကို ပိုမိုသက်ဝင် ယုံကြည်လာသောအခါ၊ နှစ်ခြိုက်ရိုကျိုးစွာ ဆည်းပူးလေ့လာမိသော ဗုဒ္ဓစာပေများမှ သိရှိကြားနာ မှတ်သားရသောအခါ . . .

ဘုရားရှင်၏ ဦးရိုးတော် သုဗ္ဗဗုဒ္ဓမင်းကြီး မြေမျို၍ နတ်ရွာစံခြင်း၊ ဘုရားရှင်၏ ယောက်ဖတော် အရှင်ဒေဝဒတ် မြေကြီးဟက်တက်ကွဲ၍ ရဟန်းသံဃာအများရှေ့မှာ မြေမျိုလို့ သေဆုံးသွားရခြင်းများကို တုန်လှုပ်ချောက်ချားဖွယ် မှတ်သားနားလည်ခဲ့ရ၏။

တစ်ခါတစ်ရံတော့ ဟုတ်ပါ့မလားဟု ဝီစိကိစ္စ သံသယဖြစ်မိ၏။ ကိုယ်တွေ့မကြုံဖူး မမြင်ဖူးသေး၍ပဲပေါ့ကိုး။

တစ်နေ့သောအခါ မြေကြီးထဲက ခေါ်သံများကြားရပြီး အရှင်လတ်လတ်မြေမျိုသလို ကြောက်မက်ဖွယ်ကောင်းသူတစ်ဦးကို မြင်တွေ့ခဲ့ရသည်။

စာဖတ်သူများ ဆင်ခြင်သံဝေဂရရန် ဗဟုသုတရစေရန် အကျိုးငှာ ဝတ္ထုသဖွယ် ရေးသားလိုက်ရပေသည်။

အထူးသဖြင့် ဤဝတ္ထုအား "ဘကောင်းချိန်" လို သားမိုက်သားဆိုးများ အထူးဂရုစိုက်ဖတ်မိစေရန် ရေးရခြင်းဖြစ်သည်။

✣ ✣ ✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

(၂)

"ဘကောင်းချိန် . . ."

ဒီနေ့ပဲ ထောင်ကလွတ်လာသည်။ ဒါနှင့်ဆိုလျှင် တတိယ အကြိမ်မြောက် ထောင်မှထွက်ခဲ့ခြင်းဖြစ်၏။

အရင်က နွားခိုးမှုနှင့်တစ်ကြိမ်၊ လူရိုက်မှုနှင့်တစ်ကြိမ် ကျခဲ့ဖူးသည်။

ယခုအကြိမ်ကား အမေ့အိမ်ကို မီးရှို့မှုဖြစ်သည်။

မိခင်ကြီး ဒေါ်စိမ်းချွန်သည် သားလုပ်သူ ဘကောင်းချိန်ကို ရင်နှင့်အမျှ ချစ်ရှာ၏။ ဘကောင်းချိန်မှာ ဖခင်မရှိတော့။ ဖခင် ဦးဘချွန် ကွယ်လွန်သွားတာ ဘကောင်းချိန် လူမှန်းသူမှန်း သိတတ်စအရွယ်ကတည်းက။

ဘကောင်းချိန်ကို မိခင်ကြီး ဒေါ်စိမ်းချွန် ပိုးမွေးသလို မွေးခဲ့ပါသည်။ မွေးဇာတာနက္ခတ်ညံ့လို့ပဲလား၊ အဖေ အုပ်ထိန်းမှုနှင့် ကင်း





ဝေး၍ပဲလားမသိ၊ ဘကောင်းချိန်တစ်ယောက် စာသင်ကျောင်းမှာ ဆရာမနိုင် တပည့်ဆိုးဖြစ်ခဲ့ရ၏။

ကျောင်းသားများကို ရန်စနှိပ်စက်၏။ ပစ္စည်းများကို အနိုင်လု၍ ဖျက်ဆီး၏။ မိခင်ဒေါ်စိမ်းချွန် ကျောင်းမှာလိုက်ဖြေရှင်း တောင်းပန်သည့် အကြိမ်မနည်း။

နောက်ဆုံး စာသင်ကျောင်းက ဘကောင်းချွန်ကို ဆုံးမပဲ့ပြင်လို့ မရသည့်အဆုံး ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးအပုပ်မခံနိုင်၍ ကျောင်းထုတ်ပစ်လိုက်သည်။

ကျောင်းသုံးကျောင်း ပြောင်း၍ထားခဲ့ပါ၏။

သုံးကျောင်းစလုံးမှ နှစ်မပြည့်ခင် ဘကောင်းချိန်ကို ကျောင်းမှအသီးသီး ထုတ်ပစ်ခဲ့ရ၏။

အကြောင်းကား သူသည် ကျောင်းသားများကို အနိုင်ကျင့်၏။ ပစ္စည်းများကို ခိုး၏။ ဆရာ၊ ဆရာမများကို မထီလေးစားလုပ်၏။ ကျောင်းပြေး၏။ လောင်းကစားများ ပြုလုပ်၏။ ဈေးမှအလစ်သုတ်၏။ ဤသို့ တာတေလန် ကျောင်းသားမျိုးကို ဘယ်လိုဆရာသမားသည် ကြာရှည်သည်းခံနိုင်အံ့နည်း။ သူ့နောက်ကို နောက်ကျောင်းသား တစ်ယောက် နှစ်ယောက်ပါသွားခဲ့လျှင် ပညာမဏ္ဍိုင် အသီးအပွင့်လေးများ အချိန်စော၍ ကြွေပုပ်ကုန်လိမ့်မည်။

နောက်ဆုံး ပညာအသိအခြေခံလေးများ ရရှိစေရန် ဘကြီး ဘုန်းကြီးကျောင်းမှာ အပ်လိုက်၏။ ၁၅ ရက်အတွင်း ဘကြီးဘုန်းကြီး ကိုယ်တိုင် ကြိမ်လုံးနှင့် အရှုံးထပ်အောင်ရိုက်ပြီး နှင်လိုက်ရ၏။

သူနှိပ်စက်ရမ်းကား၍ ဘုန်းကြီးကျောင်းသားတစ်ဦး လက်ကျိုးသွား၏။ နောက်တစ်ယောက်ကား ခေါင်းပေါက်သွား၏။ သပိတ်အသစ်



www.burmeseclassic.com

www.burmeseclassic.com



များကို ခိုးရောင်း၏။ ရှေးဟောင်းကြေးစည်ကြီးကို ရောင်းစား၏။

ကြေးဆင်းတုတော်တစ်ဆူကို ခိုး၍အဝှက် ကိုရင်ကြီးများ ဖမ်းမိတွေ့ရှိသွားပြီးနောက် ဘကြီးဘုန်းကြီးကိုယ်တိုင် တိုင်မှာကြိုးတုပ်၍ ရိုက်နှက်ဆုံးမရ၏။ ထိုစဉ်က မိခင်လုပ်သူ ဒေါ်စိမ်းချွန်ပါ အနားမှာ ရှိနေ၏။ အစ်ကိုဘုန်းကြီးကို ရှိခိုးတောင်းပန်၍ မရခဲ့။

ရိုက်နှက်ဆုံးမပြီးနောက် သူ့ကိုတရားပြ ဆုံးမလိုက်သေးသည်။

"ဘကောင်းချိန်"

မော်လို့တောင်မကြည့်။

"မင်းဟာ တစ်နေ့ လူဆိုးလူမိုက် ဖြစ်မယ့်ကောင်။ မိဘစကားနားမထောင်၊ ဆရာစကားနားမထောင်၊ သံဃာပစ္စည်း ဘုရားပစ္စည်း မှန်းမသိ၊ ငရဲမကြောက် အပါယ်မကြောက် ကျူးလွန်ဆိုးသွမ်းတဲ့ကောင် မင်းတစ်နေ့ဒုက္ခ အကြီးအကျယ်ရောက်မယ် ဘကောင်းချိန်။ နောင်တရပါစေ၊ စာတတ်မြောက်ပါစေဆိုပြီး ငါဘကြီးဘုန်းကြီး သည်းညည်းခံ ဆုံးမပဲ့ပြင်ခဲ့ပေမဲ့ မင်းဟာခွေးမြီးကောက် ကျည်တောက်စွပ်လို့ အ[illegible]ဘူး သွားတော့ . . . ဒီနေ့ကစပြီး ငါတို့ကျောင်းရိပ်ကို လုံးဝမနင်းနဲ့၊ ဒကာမကြီး ခင်ဗျားကျပ်ကျပ်အလိုလိုက်။ တစ်နေ့ ဒကာမကြီး မျက်ရည်နဲ့မျက်ခွက် ပြည့်လျှံအုံငိုထွန်းနေလိမ့်မယ် . . . ကိုရင်ကြီး"

"ဘုရား"

"ကြိုးဖြေပြီး ကျောင်းပြင်ပို့လိုက်"

"မှန်ပါဘုရား"

ကြိုးဖြေပေးလိုက်သောအခါ ဒူးညွတ်သွားသည်။ ၎င်းနောက်



ကြိမ်ရာများကို ကြည့်ပြီးနောက်

"တောက်"

မိုက်ပါဘိလေ။

✦✦✦✦

www.burmeseclassic.com

www.burmeseclassic.com

(၃)

မှန်းမသိ၊ ဝဲ့ယ်ကြီးရောက်လာတော့ အမေမှဆိုးမကြီး မနိုင်တော့။ ခေါင်း မကွယ်လွန်ခင်က ရှာဖွေထားခဲ့သည့် လက်ဝတ်ပစ္စည်းများ ဘကောင်းချိန်ကြောင့် ကုန်ခဲ့ရ၏။

နွားခိုးမှုနှင့် ကုန်ခဲ့၏။

လူရိုက်မှုနှင့် ကုန်ခဲ့၏။

ထောင်ကလွတ်လာတော့ အဖေလက်ကျန်ပစ္စည်းများ ထုတ်ပေးရန်ပြော၏။

"အမေ့မှာ မရှိတော့ပါဘူး ငချိန်ရယ်"

"ခင်ဗျားကြီး မညာနဲ့နော် . . . ကျုပ်ထောင်ထဲ ရောက်နေတုန်း ခင်ဗျားအဲဒီပစ္စည်းတွေနဲ့ ထိုင်စားနေတာ မဟုတ်လား"

"သားရယ် . . . မရှိလို့ အမေအကြော်ရောင်းစား၊ အဝတ်ငှားလိုက်လျှော်၊ သူများပေးစာ ကမ်းစာစွန့်စာနဲ့ အသက်ဆက်နေရ





တာပါသားရယ်"

"အိုဗျာ . . . ခင်ဗျား ကျုပ်ကိုညာနေတာ၊ ဝှက်ထားတာရှိတယ် ထုတ်ပေး"

"ဘုရားစူး . . . မရှိပါဘူး သားရယ်"

"ခင်ဗျားကြီး ကျုပ်ရှာလို့များတွေ့ရင်လား ငချိန်အကြောင်းသိရမယ်"

အရက်မူးနေသော ဘကောင်းချိန်သည် အိမ်တစ်အိမ်လုံးကို လှန်လှောမွှောက်လှန်၍ ရှာ၏။ တိုင်များကို ခေါက်၍ ဓားနှင့်ခုတ်၍ ရှာ၏။ တိုင်ခြေများကို တူးရွင်းနှင့် တူး၍ရှာ၏။ ဘာမျှမတွေ့ရသော အခါ ဒေါသဖြစ်ပြီး အိမ်ကို မီးနှင့်ရှို့တော့သည်။

အမေအိုကြီးက အလန့်တကြား အော်တော့၏။

အဲဒီလိုအော်ရမလားဟု မအေကို မီးပုံထဲသို့ တွန်းလှဲလိုက်သည်။ မီးသည် အိမ်ကိုစွဲ၍ အမယ်အိုကြီးကိုပါ ဟပ်တော့၏။

ဆံပင်နှင့် အဝတ်များ မီးစွဲရင်းနှင့်အော်ပြီး လမ်းမပေါ်သို့ ပြေး၏။ အရပ်က ဝိုင်းဝန်း၍ မီးကို မနည်းငြိမ်းခဲ့ရသည်။

အမေကြီးဆေးရုံရောက်ခဲ့သည်။

ဘကောင်းချိန် ထောင်နန်းစံရပြန်သည်။

ရုပ်ပျက်ဆင်းပျက် ဒုက္ခိတအမေအိုသည် အလုပ်လုပ်ကိုင်စားသောက်မရနိုင်တော့ အရပ်တကာလှည့်တောင်းစုပြီး သားရှိရာသို့ စားစရာပစ္စည်းလေးများ ယယ်ခြမ်း၍ ထောင်ဝင်စာလာတွေ့၏။

သားထောင်မှ လွတ်မည့်နေ့ကို ကြိုသိ၍ ပုဆိုးအသစ်တစ်ထည်၊ အင်္ကျီအသစ်တစ်ထည်ဝယ်ပြီး ရထောင်ဘူးဝသို့အလာ အရှိန်နှင့်မောင်းနှင်လာသည့် ကားနှင့်တိုက်မိပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ဘကောင်းချိန်ကား ထောင်ကလွတ်လာတော့ မိခင်ကြီးက သူ့ကို လာကြိုစောင့်ရင်း ကားတိုက်၍ သေဆုံးကြောင်း သိရသောအခါ မျက်ရည်တစ်ပေါက်မကျ။ ပိုတောင်ဝမ်းသာသလို ရှိနေသေး၏။

ကျန်ရစ်သည့် ဝါးအိမ်ကို ရသည့်ဈေးနှင့်ရောင်း၍ နေ့စဉ် သောက်စားမှုးယစ်သည်။ မကောင်းသောမိန်းမများနှင့် ပျော်ပါးသည်။ ဖဲဝိုင်းတကာ လိုက်ရှာလောင်းကစားသည်။

ရက်ပိုင်းအတွင်း အိမ်ခြံရောင်းရငွေကုန်ပြီ။

မကြာခင် အရက်နာနှင့် မကောင်းသောမိန်းမအနာ စွဲလာခဲ့ သည်။ လူသည် ရောဂါနှင့် နဝန်းလုံးရင်း ရုပ်ပျက်လာ၏။ အိပ်စရာ နေစရာမရှိ၍ ဇရပ်မှာ အိပ်ရ၏။ အပင်အောက်မှာ အိပ်ရ၏။ ကောက်ရိုး ပုံနှင့် အမှိုက်ပုံနံဘေးမှာ အိပ်ရ၏။

အခု သူ . . . သူဌေးသားလို မသုံးဖြုန်းနိုင်။ သူတောင်း စားလို တောင်းစားနေရပြီ။ သနားလို့ ပေးသမျှ ရသမျှကို အရက်ပဲ သောက်ပစ်၏။ ကျွန်တော်တို့အဖေက သူ့ဘဝ ကျဆုံးချိန်နှင့် နောက် ဆုံးချိန်ကို မကြည့်ရက်၍ စားကျန်လေးများကို စွန့်ကြ၏။

''မောင်ချိန်''

''ဗျာ . . . ဦးလေးဟန်''

''မင်း . . . ည . . . ည ဘုရားရှိခိုးအိပ်ရဲ့လား''

''ဟင့်အင်း''

''ဘာလို့ ဘုရားမရှိခိုးရတာလဲ မောင်ချိန်''

''အိပ်လို့မရဘူး ဦးလေးဟန်''

''ဘာဖြစ်လို့''





''မြေကြီးထဲက ခေါ်နေလို့''

''ဟေ . . . မြေကြီးထဲကခေါ်နေလို့ . . . ဘယ်သူက ဘယ်သူ့ ကို ခေါ်နေတာလဲကွ''

''ကျွန်တော် မြေကြီးပေါ် မှုးမှုးနဲ့ အိပ်ပျော်သွားရင် မြေကြီး ထဲကနေ ကျွန်တော့်နာမည်ကို ခေါ်နေတယ်။ ''ငချိန် . . . လာခဲ့၊ အခု ချက်ချင်း . . . လာခဲ့တဲ့။ အဲ . . . ကြောက်စရာကောင်းတဲ့ အသံကြီး ဗျာ။ အဲဒါ မြေကြီးပေါ်မှာ လဲကျတိုင်း၊ အိပ်မိတိုင်း ကြားနေရတယ်''

''ဘုရား . . . ဘုရား မင်းအရက်ကြောင် ကြောင်နေလို့များ သား ငချိန်ရာ''

''မသိပါဘူးဗျာ''

''မင်းအမေကိုရော ရည်မှန်းပြီး ရှိခိုးရဲ့လား မောင်ချိန်''

''သူ့ရှိခိုးလည်း ဘာထူးမှာမို့လဲဗျ''

''မောင်ချိန်ရယ် အနန္တောအနန္တငါးပါးကို ပြစ်မှားတာထက် စာရင် ပစ်ပယ်တာထက်စာရင် အနန္တောအနန္တငါးပါးကို ရိုသေလေးစား တာ အားကိုးယုံကြည်တာလေးတောင် ကောင်းသောသေခြင်း၊ သေပြီးရင် ကောင်းသောမြတ်သော အကျိုးကို ခံစားရရှိနိုင်တယ် မောင်ချိန်''

''တော်ပါဗျာ၊ ဒီအချိန်မှာ ဒါတွေအားကိုး ယုံကြည်နေလည်း ကျုပ်ရောဂါ ပျောက်မှာမဟုတ်ဘူး။ ကျုပ်လည်း ချမ်းသာလာမှာ မဟုတ်ဘူး။ ကျုပ် ဦးလေးသာဟန်ကို ကျေးဇူးတင်တယ်ဗျာ။ ကျုပ် အပေါ်မှာ နားလည်မှုရှိတာ ကောင်းခဲ့တာ ဦးလေးတစ်ယောက်ပဲ ရှိခဲ့တယ်။ အဲဒါ ကျုပ်သေရင်လည်း မမေ့ဘူး''

''မင်း အမေက မင်းအပေါ်ပိုကောင်းခဲ့ပါတယ်ကွာ''

''အလကားဗျာ''



www.burmeseclassic.com

www.burmeseclassic.com



''မင်း ဘကြီးဘုန်းကြီးလည်း ကောင်းခဲ့တာပါပဲကွာ''

''တော်စမ်းပါဗျာ ရင်နာလွန်းလို့''

✤✤✤✤✤✤✤

(၄)

တစ်နေ့သောအခါ ကျွန်တော်တို့ရပ်ကွက် အရှေ့ဘက်ရှိ မြေကြီး အက်ကြောင်းကျင်းနက်ကြီးမှာ ဘကောင်းချိန် မြေကျွံကျပြီး အော်နေသည်ဆို၍ လူတွေဝိုင်းကြည့်နေကြသည်။

ကျွန်တော်တို့ရော အဖေတို့ပါ ရောက်သွားခဲ့သည်။ ဘုရား . . . ဘုရား အပာ့တ်ပါပဲကလား။ ကိုဘကောင်းချိန် မြေကြီးပတ်ကြား အက်ကြားမှာ ကျွံကျနေ၏။ သူ့ရှေ့မှာ ဗုဒ္ဓဆင်းတုတော်တစ်ဆူလည်း ခွင့်စဉ်ကျနေ၏။

''ကယ် . . . ကြ . . . ပါ . . . အား''

''ပူလွန်းလို့ . . . ကယ်ကြပါဗျ''

''အမေ . . . အမေ''

''ဘကြီး ဘုန်းကြီး . . . ဘကြီး ဘုန်းကြီး''

လူအချို့က သူ့အနားကို ကပ်ကြကူညီကြသည်။ ပတ်ကြား



www.burmeseclassic.com

www.burmeseclassic.com



အက် မြေကြီးကြားမှ အခိုးများထွက်နေ၏။

ဒီနေရာကို အချို့က ရေနံကျုပ်ပြင်ကုန်းဟု ခေါ်ကြ၏။

အင်္ဂလိပ်အစိုးရခေတ်က ရေနံများရှာရန် ကြိုးစားခဲ့ဖူး၏။

မြေကြီးပတ်ကြားအက်များမှ အခိုးများ ထွက်နေ၏။ မီးခြစ်ခြစ်လျှင် ဟုန်းခနဲ မီးတောက်၏။

နားလည်သူများက ၎င်းပက်ကြားအက်များအောက်မှာ ရေနံသိုက်ရှိသည်ဟု ဆိုကြ၏။ အချို့က ဂက်စ်အငွေ့များရှိသည်ဟု ဆိုကြ၏။

အချိန်ကာလက လွတ်လပ်ရေးရပြီးစဖြစ်၍ ခေတ်မီဖွံ့ဖြိုးသောနည်းစနစ်နှင့် သုတေသန မပြုနိုင်သေး။

သို့ဖြစ်၍ ၎င်းနေရာကို "နဂါးသိုက်" ဟုခေါ်ကြ၏။ "ငရဲကုန်း" ဟုခေါ်ကြသေး၏။ မြေကျွံကျသော နွားများ၊ ကျွဲများ ပြန်မတက်နိုင်ခဲ့။ အက်ကြောင်းကြီးထဲသို့ ကျလျှင်ဆယ်လို့မရ။ ပူလွန်း၍ အနားဘယ်သူမျှ မကပ်ရဲ။ ဘကြီးဘုန်းကြီးက တူသားကို သနား၍ ကြိုးပစ်ပေး၏။ ကြိုးကား သူ့အနားကိုမရောက်။

"အမေ"

"အမေ . . . ပူတယ် . . . အား . . . အား"

လူအများ ဝိုင်းကြည့်နေသည့်ကြားမှ အခိုးအငွေ့လိုလို တံလျှပ်လိုလို ထွက်နေသည့် မြေကြီးပတ်ကြားအက်ကြားထဲသို့ ကိုဘကောင်းချိန် လျှောကျပြီး မျက်စိအောက်မှ လုံးဝပျောက်ကွယ်သွားသည်ကို နောက်ဆုံးအဖြစ် အားလုံးမြင်လိုက်ရလေသည်။

ဒီမှာ ဘုန်းတော်ကြီးက လက်အုပ်ချီ၍ အဓိဋ္ဌာန်ပြုပြီး အခိုးတံလျှပ်ထနေစဉ် မြေပတ်ကြားအက်ရှေ့မှ ဇဗ္ဗကြေးဆင်းတုကို သွား





ယူကောက်၍ ပင့်လိုက်ပြီး အမြန်ပြန်လာခဲ့လိုက်သည်။

"အင်း . . . လူမိုက်မှ ကမ်းကုန်အောင်မိုက်တဲ့ လူမိုက်ပဲ။ ဘုရား တရား သံဃာ မိဘ ဆရာမှန်းလည်းမသိ၊ ကံငါးပါးအကြောင်းလည်း နားမလည်၊ ဒီဘဝရောက်တာတောင် ငါ့ကျောင်းက ကြေးဆင်းတုကို ခိုးဖြစ်အောင် လာခိုးသေးတယ်။ အင်း . . . လူမိုက်တို့သွားရာလမ်း၊ ပဉ္စာနန္တရိယကံကျူးလွန်သူတို့ သွားရာလမ်းကတော့ သေခြင်းဆိုး အရုပ်ပဲပေါ့"

, ဆရာတော်ဘုန်းတော်ကြီး၏ မိန့်ဆိုစကားကို ကြားရသောအခါ ကိုဘကောင်းချိန် မူးနေစဉ်က အဖေ့ကိုပြောပြသော စကားအချို့ ကျွန်တော်ပြန်၍ ကြားယောင်နေမိ၏။

"အိပ်လို့မရဘူး ဦးလေး"

"မြေကြီးထဲကနေ ကျွန်တော့်နာမည်ခေါ်သံကို ကြားကြားနေတယ်"

မဟုတ်မှုလွှဲရော လူမိုက်ကို ငရဲပြည်က ခေါ်ရော့သလား။

✤✤✤✤✤✤✤

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ထဲကလူ

(၁)

အိပ်မက်ကို မယုံကြည်ဘဲ ဥပေက္ခာပြုနိုင်ကြရင် ကောင်းတော့ကောင်းတာပါပဲ။ သို့သော် . . . အိပ်မက်များရဲ့ ဆန်းကြယ်တဲ့ ကြိုတင်နိမိတ်ပြမှုများကို နည်းနည်းလေးဖြစ်ဖြစ် ပညာသတိလေးနဲ့ ဆင်ခြင်စောင့်ကြည့်ရင် ထူးခြားမှုအနည်းနှင့်အများ တွေ့ကြရမှာပါပဲ။ ဘာလို့လဲဆိုတော့ . . . မကြာခဏထူးခြားသော တိုက်ဆိုင်မှု





ဖြစ်ရပ်များကို ရှေ့ပြေးနိမိတ် အိပ်မက်များမှတစ်ဆင့် ထပ်တူကြုံကြရလို့ပါပဲ။

ဒါကို အချို့သောပညာရှင်များက တိုက်ဆိုင်မှုများကို "ဖြစ်တန်ရာ နိယာမ" (The Laws of Probability) များဖြင့် ဖြေရှင်း၍ ရအံ့လောဟု ဆန်းစစ်ကြပါတယ်။ ပြောရရင်တော့ဗျာ . . . ဟောဒီ အနန္တ စကြဝဠာကြီးဟာ ထူးဆန်းစွာ ရှင်သန်နေသော စွမ်းအား (Mysterious Forces) က ပြုပြင်ခြယ်လှယ် နေကြရော့သလား။ ဒီလိုလည်း တွေးမိခဲ့ကြတယ်။

မဖြစ်နိုင်သည့် အဖြစ်အပျက်များကို မမျှော်လင့်သည့်အချိန်၊ မမျှော်လင့်သည့်နေရာမှာ မမျှော်လင့်ဘဲ ဖြစ်ပေါ်ကြုံတွေ့ရတာလည်း ရှိပါတယ်။

ဒါကို ပညာရှင်များက (Synchronicity) လို့ ဝေါဟာရ အသစ်နဲ့ အမည်ပေး မှည့်ခေါ်ကြပြန်တယ်လို့ ဖတ်ရှုဖူးတယ်။ အံ့သြစရာတော့ ကောင်းသားခင်ဗျ။

ဆိုကြပါစို့ဗျာ . . . ဥပမာတစ်ခုကို အလျင်ပြောပြချင်ပါတယ်။

ကျွန်တော့် သူငယ်ချင်းတစ်ဦးရယ် . . . သူ့နာမည်က ကိုပေါက်ကျိုင်းတဲ့။ ပေါက်ကျိုင်းဟာ ဆင်းရဲတယ်။ ပညာနည်းနည်းပဲ တတ်တယ်။ မိဘတွေဆုံးပါးသွားလို့ ကျန်ရစ်ခဲ့တဲ့ တဲအိမ်သာသာအိမ်မှာ တစ်ယောက်တည်းနေရင်း ကြုံရာကျပန်းအလုပ် လုပ်ကိုင်စားသောက်နေတာ၊ တစ်ခုတော့ရှိတယ် . . .

သူဟာ ရိုးသားသိမ်မွေ့တယ်။ ဘာသာတရားကို လေးစားတယ်။ ရပ်ကွက်ထဲက ဝါတွင်းဆွမ်းလောင်းမှာ သူ့အချက်အပြုတ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်တာဝန်ယူသလို အရေးထဲမတက်ခင်မှာလည်း နိဗ္ဗာန်ဆော်လုပ်တယ်။ ဘုန်းကြီးကျောင်းဝင်းထဲက စေတီသန့်ရှင်းပြီး ပန်းရေချမ်းနဲ့ဖြစ်နေတာ ပေါက်ကျိုင်းကြောင့်ပဲ။

မိန်းမဆို ဘယ်မိန်းမမျှ စိတ်မဝင်စားဘူး။ လူကလည်း အသားဖြူဖြူချောချော။ ရှိုးသားတော့ မိန်းကလေးအချို့က သူ့ကိုစိတ်ဝင်စားကြတယ်။ ဒါ . . . ကျွန်တော်တို့ ကာလသားတိုင်းအသိပဲ။

"ပေါက်ကျိုင်း . . . မင်းကို ခင်မြရည်က ကျနေတယ်ကွ"

"ကျရင် သူ့ဘာသာပြန်ကောက်ပစေပေါ့ကွာ"

"မင်းကောက်ရမှာဟ"

"လက်မအားပါဘူးကွာ၊ မင်းပဲ ကူကောက်ပေးလိုက်ပါ . . . မှိုင်းရာ"

အဲဒီလိုလူစား . . .။ သူ့ကို မျက်စိကျ စိတ်ဝင်စားသူထဲမှာ အတန်အသင့် ပိုက်ဆံရှိသူ မိန်းကလေးလည်းပါသလို၊ ရုပ်ချော၊ ကိုယ်လုံးလှလှ သွားညီတောက်တောက်ကျချင်စရာ မိန်းမအချို့လည်း ပါကြတယ်။

မိန်းကလေးများဘက်က ဘယ်လိုပဲ ရေလာမြောင်းပေးလုပ်လုပ် . . . ကျွန်တော်တို့ ကာလသားများက ဘယ်လိုပဲ ဝိုင်းအောင်သွယ်၊ ဘေးတီး၊ လှော်ပေးပေး ပေါက်ကျိုင်းက မထုံတက်သေး။ လက်ဖက်သုပ်လောက်မျှ အာရုံမစိုက်။

တစ်နေ့ ပေါက်ကျိုင်းထူးဆန်းတဲ့ အိပ်မက်တစ်ခုမက်ပါရော။ ဒီအကြောင်း သူက ကျွန်တော့်ကို ပြန်ပြောပြတာ။

အိပ်မက်ထဲမှာ နန်းတွင်းသူ အဝတ်အစားနဲ့ အလွန့်ကိုချောမောလှပတဲ့ မိန်းမတစ်ယောက် အထုပ်ကြီးတစ်ထုပ်ကိုင်ပြီး သူ့





အိမ်ပေါ်တက်လာတယ်တဲ့။

ဒီလောက်ချောတာ၊ လှတာ၊ ယဉ်တာ၊ သန့်တာ၊ ခန့်တာ၊ လှတာမျိုး တစ်ခါမျှမမြင်ဖူးလို့ အံ့ဩငေးမော ကြည့်နေတုန်း နန်းတွင်းသူ မိန်းမချောက သူ့ရှေ့တည့်တည့်လာရပ်ပြီး . . .

"မောင်တော်"

"ဟင် . . . ခင် . . . ခင်ဗျား ဘယ် . . . ဘယ်သူလဲ"

"မောင်တော် . . . နှမတော် မြင့်မြတ်ချယ်လေ။ မောင်တော်နဲ့ မင်္ဂလာလက်ထပ်ပွဲမှာ ရွှေလည်နွဲ့မယ့် မောင့်ကြင်ယာတော် မြင့်မြတ်ချယ် လေ . . ."

"အို . . . မ . . . မဟုတ်ဘူး။ ကျုပ် . . . ကျုပ် . . . ခင်ဗျားကို မသိဘူး။ သွား . . . သွား"

ဒီမှာ အမျိုးသမီးနန်းတွင်းသူ မြင့်မြတ်ချယ်ဆိုသူက လှိုက်လှိုက်လှဲလှဲ ရယ်လိုက်ပြီး သူ့အနားကို တိုးကပ်လိုက်တယ်။ သေသေချာချာ ကြည့်လိုက်တော့ သွားစွယ်လေးနှစ်ဖက်နှင့် ပါးပေါ်မှာ စံပယ်တင်မှဲ့နက်လေးနဲ့။

ချက်ချင်းပဲ လက်ထဲက ကတ္တီပါအထုပ်ကြီးကိုဖြေချပြီး အထဲက မင်းညီမင်းသားများဝတ်တဲ့ အဝတ်အစားအချို့ကိုထုတ်လို့ ပေါက်ကျိုင်းရဲ့ကိုယ်ပေါ်မှာ ရယ်ကာမောကာပြောကာနဲ့ ဖွတ်ဝတ်ဆင်ပေးလိုက်တယ်။

ပေါက်ကျိုင်းအံ့ဩလွန်းလို့ ဘာပြန်ပြောရမှန်း မသိချိန်မှာပဲ လျှင်မြန်သွက်လက် ကျွမ်းကျင်လွန်းလှတဲ့ သူမ ပြုပြင်ဆင်ယင်ပေးမှုနဲ့ အညတြပေါက်ကျိုင်းဟာ မင်းညီမင်းသားအသွင်ကို ချက်ချင်းဖြစ်သွားခဲ့တယ်။ ဒါကိုမြင့်မြတ်ချယ်က ရှေ့နောက်ဝဲယာ သေသေချာချာ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် . . .

"မောင်တော်က ဒီလိုကျတော့လည်း ခန့်တာပဲနော်။ အဟင်း . . . ဟင်း . . . အဟိ . . . လာ . . . မောင်တော် သွားကြစို့"

"နေ . . . နေပါဦး၊ ဘယ် . . . ဘယ်ကိုသွားရမှာလဲ"

"လက်ထပ်မင်္ဂလာပွဲလေ . . . ဟိုမှာ စောင့်နေကြပြီ"

"အို . . . မ . . . မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

"လာပါ မောင်တော့်ရယ်၊ ရှက်မနေပါနဲ့၊ နှမတော်တစ်ယောက်လုံး မောင်တော့်ဘက်က လုံးဝရှိနေတာဥစ္စာ၊ ကိုင်း . . . ကြွကြစို့"

သို့ကလို ပြောပြီးနောက် ရွှေနန်းတော်သူသဏ္ဌာန် မြင့်မြတ်ချယ်ဆိုသူ မိန်းမပျိုက သူ့လက်ကိုဆွဲပြီး ဖိတ်ဖိတ်လက် ဟည်းဟည်းထနေတဲ့ ဗိုလ်ခြေပရိသတ်ကြားကနေ သူ့ကိုခေါ်သွားခဲ့တာ မြင်လိုက်ရတဲ့အချိန်

မြန်းဆို . . . အိပ်မက်က လန့်နိုးခဲ့ရော။

အိပ်မက်က ခွဲညားဆန်းပြားလွန်းလို့ . . . ပြန်ပြီး အိပ်မက်ကို သူတွေးနေမိတယ်။ ရွှေနန်းတော်သူ သူမရဲ့ကိုယ်ပေါ်မှာ စိန်ရွှေရတနာ ပြိုးပြိုးပြက်ပြက်လက်လို့။ ပြီးတော့ မြောက်မြားလှစွာသော ဗိုလ်ခြေပရိသတ်။ တစ်ခါ သူ့ကိုယ်ပေါ်က မင်းညီမင်းသား ရွှေနန်းတော်သားလို တောင်ရှည်အချိတ်နှင့် အဝတ်အစားများ။

ဒီအိပ်မက်ကို သူမဖိတ်ခေါ်ခဲ့။ လုံးဝလည်း မစဉ်းစားခဲ့ဆန်းလိုက်တာ။ အဲဒီအိပ်မက်ဆန်းအကြောင်းကို သုံးကြိမ်သုံးခါမက်ပြီးနောက် ကျွန်တော့်ကို ပေါက်ကျိုင်းက ပြန်ပြောပြခဲ့တာ။ သိပ်ဆန်းပြားတာပဲ မှိုင်းကြီးရာတဲ့။





"ဒါဆို . . . မင်း မကြာခင် မိန်းမရတော့မှာ ကျိန်းသေပြီ . . ပေါက်ကျိုင်း"

"ငါက အဲဒါမျိုးတွေ စိတ်မဝင်စားတာ မင်းအသိပဲလေကွာ"

"စောင့်ကြည့်ဦးပေါ့ကွာ"

တစ်နေ့တော့ . . . ပေါက်ကျိုင်း သူငယ်ချင်းအချို့နဲ့ မန္တလေးကို ဘုရားဖူးသွားတယ်။ ငါးရက်ကြာခဲ့တယ်။ ဘုရားဖူးက ပြန်လာတော့ ပေါက်ကျိုင်းတစ်ယောက် ပြန်ပါမလာဘူး။ ဒါနဲ့ . . . ပေါက်ကျိုင်း ဘာလို့မပါလာလဲ မေးလိုက်တော့ သန်းရွှေမောင်ဆိုတဲ့လူက . . .

"ပေါက်ကျိုင်း မိန်းမရသွားပြီ . . . မှိုင်းကြီး"

"ဟေ . . . ဟုတ်ရဲ့လားဟ။ မနောက်ပါနဲ့ကွာ . . . သန်းရွှေမောင်ရာ"

"ဟုတ်တယ် . . . မှိုင်းကြီး မင်းကောင်ရတဲ့မိန်းမက သာမန်ထဲက မဟုတ်ဘူးဗျ။ မိုးကုတ်က သူဌေးသမီး"

"ဟေ . . . အဟုတ်"

မြဟန်၊ ခင်ညိုနီးနဲ့ ချစ်ကိုကိုတို့ကပါ ဝိုင်းပြောမှ ကျွန်တော်မယုံချင်ယုံချင် ယုံခဲ့လိုက်ရတယ်။ ဖြစ်ပုံအကျဉ်းက ဒီလို . . . မန္တလေးတောင်ပေါ်အတက်မှာ အလွန့်ကို ချောမောလှပပြီး မြန်မာဆန်တဲ့ အမျိုးသမီးတစ်ဦးက ဆင်းရဲသော်လည်း ခန့်ခန့်သန့်သန့်၊ ဥပဓိရုပ်ကောင်းတဲ့ ပေါက်ကျိုင်းကို တန်းဝင်မိတ်ဆက်ပြီး စားသောက်ဆိုင်မှာ ခေါ်ကျွေးမွေးတာ . . . ပေါက်ကျိုင်းအရှိန်ကြောင့် သူတို့အုပ်စုပါ စားသောက်ဆိုင်ကြီးမှာ ကျကျနန စားသောက်ကြရတာတဲ့။ မိန်းမရွယ်ကလည်း ချောလည်းချော၊ ချမ်းလည်းချမ်းသာသတဲ့။ အဖော်အမျိုးသမီးကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးလည်း ပါဆိုပဲ။

သန်းရွှေမောင် အပြောအရ တောင်ပေါ်မှာ ပေါက်ကျိုင်းနဲ့ အဲဒီအမျိုးသမီး ပက်ပင်းလည်းဆုံကြရော နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး လုံးဝအံ့အားသင့်နေကြတာတဲ့။ စကားမပြောနိုင်ကြဘူးဆိုပဲ။

အဲဒီမှာပဲ နန်းဆန်ဆန် အမျိုးသမီးချောက ပါးစပ်ကနေ ''မောင်တော်''လို့ လွှတ်ခနဲပြောပြီး ပေါက်ကျိုင်းဆီကို တန်းဝင်သွားတာတဲ့။ ဒီမှာပဲ မိန်းမဆို လုံးဝစိတ်ကူးထဲ မထည့်တဲ့ ပေါက်ကျိုင်းဟာ နန်းဆန်ဆန် မိန်းမချောလေးကို မြင်လည်းမြင်လိုက်ရော ဘဝဟောင်းက ချစ်သူကြင်ဘက်ကို တွေ့လိုက်ကြုံလိုက်ရသလို မျက်နှာပေါ်မှာ အံ့ဩဝမ်းသာရိပ်တွေ လျှံတက်လာပြီးနောက်ပိုင်း . . .

''နေ . . . နေ . . . ပါဦး . . . သန်းရွှေမောင်၊ အဲဒီ အမျိုးသမီးက ဘယ်တလဲဟင်''

''လောလောဆယ်နေတာ မန္တလေး၊ (      ) မှာ၊ မိဘတိုးဘွားဆိုင် ဥယျာဉ်ခြံမြေက မိုးကုတ်မှာတဲ့။ ချမ်းသာလိုက်တာမှ ကျိုက်တက်ပဲကိုယ့်လူ။ ကောင်မလေးကပဲ ရှူးတာလား၊ တို့ကောင်ကပဲ ကော်ပေါက် တိုးချင်လို့လားမသိဘူး။ မောင်တော် မောင်ကြီးနဲ့ ပါးစပ်က တဖွဖွပြော။ တို့ကောင်ကလည်း ပြုံးပြုံး ပြုံးပြုံးနဲ့၊ နောက်ဆုံး ရွှေနန်းဆန် ကောင်မလေးအိမ် တန်းပါသွားတာပဲ''

''နေပါဦးဟ . . . သန်းရွှေမောင်ရ၊ အဲဒီမိန်းကလေး နာမည်ရော မင်းတို့ သိခဲ့ကြရဲ့လားကွ''

''ဟာ . . . သိရုံဘယ်ကမလဲ၊ သူတို့တိုက်ပါရောက်ခဲ့တာ။ နည်းတဲ့တိုက်ကြီး မဟုတ်ဘူး . . . ဟည်းနေတာပဲ''





''ဒါ . . . ဒါဆို . . . အဲဒီမိန်းကလေးနာမည်က . . . ဘယ်သူ''

''မမြင့်မြတ်ချယ်တဲ့ဗျား''

''ဟင် . . . မမြင့်မြတ်ချယ်''

ကိုင်း . . . ဘယ်လောက် အံ့ဩစရာ အဖြစ်ဆန်းလဲဗျနော်။ နောင်အခါ ပေါက်ကျိုင်းနဲ့မမြင့်မြတ်ချယ်တို့ လက်ထပ်ပြီး ကျွန်တော်တို့ဒေသကို အလည်လာကြတော့မှ ကျွန်တော် ပေါက်ကျိုင်းနဲ့ ဇနီး မမြင့်မြတ်ချယ်ဆိုသူကို အနီးကပ် အံ့ဖွယ်တွေ့မြင်လိုက်ရတယ်။

အလိုလေး . . .

လွန်ခဲ့သည့်အချိန်ကာလ (ပေါက်ကျိုင်းလူပျိုဘဝ)က ပြန့်ပြောပြသည့် အိပ်မက်အတိုင်းပါကလား။ သူမရဲ့ဟန်ပန်က ရွှေနန်းသူဟန်ပန်။ ချောလိုက်တာလည်း ငေးယူရရဲ့။ ပါးပေါ်မှာ စံပယ်တင်မှဲ့နဲ့။

ဘုရား ဘုရား . . . ရယ်လည်းရယ်လိုက်ရော ကျွန်တော်တွေ့လိုက်ရတာက မမြင့်မြတ်ချယ်ရဲ့ သွားတွေမှာဘယ်ညာသွားစွယ်နှစ်ချောင်းနဲ့။ ပြုံးလိုက်တိုင်း မဟာဆန်ပြီး လှလိုက် ကျက်သရေရှိလိုက်တဲ့အပြုံး။ ဒီမှာ ပေါက်ကျိုင်းက ကျွန်တော့်ကို တစ်ခွန်းသောစကားပြောလိုက်တယ်။

''မှိုင်းကြီး . . . မယုံနိုင်စရာကောင်းလှတဲ့ အိပ်မက်တွေဟာ . . . တစ်ခါတစ်ခါ အပြင်မှာ တကယ်ကို အံ့ဩချင်စရာကောင်းလောက်အောင် တိုက်တိုက်ဆိုင်ဆိုင် တည့်ကိုလာဖြစ်နေတာ မထူးဆန်းဘူးလား . . . သူငယ်ချင်းရာ'' တဲ့။

ဒီအကြောင်းကို ပြန်စဉ်းစားဆင်ခြင်ကြည့်မိတော့ ကျွန်တော် ဖတ်ခဲ့ရဖူးတဲ့စာအုပ်ထဲက ပညာရှင်တစ်ဦး ကောက်ချက်ချသလိုပဲ။

မဖြစ်နိုင်သည့်အဖြစ်အပျက်များက မမျှော်လင့်သော အချိန်း

www.burmeseclassic.com



မမျှော်လင့်သော နေရာများတွင် ဖြစ်ပေါ်လေ့ရှိတတ်သည်တဲ့။ အဲဒါကို (Synchronicity) ဟု ခေါ်ကြလေသည်ဆိုပါကလား။

\+ + + + + + +

(၂)

တစ်နေ့သောအခါ အိပ်မက်ရဲ့ဆန်းကြယ်လှသော သက်ရောက်မှုအားတစ်ခုကို ကျွန်တော်ကိုယ်တိုင် ကြုံခဲ့ရပါလေရောခင်ဗျား။

အဲဒီအချိန်က ရေနံစက်ရဲ့ ဂျက်တီသင်္ဘောဆိပ်မှာ သင်္ဘောဆိုက်နား တာဝန်ကျနေသည့်အချိန်။ ကျွန်တော်တို့ သင်္ဘောသားကလေးများသည် ကုန်တွဲစီပီများကို တွဲ၍လိုရာသို့ ပို့ပေးရတာရယ်။ ညဘက်ရေဆိပ်မှာ သင်္ဘောရပ်နားတော့ ကျွန်တော် အိပ်မက်ဆန်းတစ်ခု မက်ခဲ့ပါရော ခင်ဗျား။

အိပ်မက်ထဲမှာ လူရွယ်တစ်ယောက် ကျွန်တော့်ဆီကို လာနေတာ။ သူဟာ ကျွန်တော့်ရှေ့မှာရပ်နေတယ်။ ကြည့်လိုက်တော့ . . . အသက် (၃၀) ကျော်ခန့်၊ လူပုံနွဲ့နွဲ့။ အလို . . . သူ့ကိုယ်ပေါ်မှာ နီရဲသော သွေးစက်များ တစ်ကိုယ်လုံး ပေကျံစီးကျလို့ပါကလား။

---



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း . . . ဦးခေါင်းဟာ ဟက်တက်ကြီးကွဲပြီး အရေရော အရိုးရောပေါ်လို့၊ မျက်နှာဟာ သွေးတွေနဲ့ စေးထန်းနေတယ်။ သူ့ရင်ဝမှာလည်း ထိုးသွင်းဒဏ်ရာအပေါက်ကြီးက သွေးတွေ စက်စက်ကျနေဆဲ။ ကျွန်တော် သူ့အဖြစ်ကိုကြည့်ပြီး ကြီးစွာတုန်လှုပ် ချောက်ချားသွားခဲ့ရပါရောလား။

"ခင် . . . ခင်ဗျား . . . ဘယ်သူလဲ။ ဘာ . . . ဘာဖြစ်လာတာလဲ"

"ကျုပ် . . . ကျုပ်နာမည် ကိုကံပေါ်ပါ။ ကျုပ် . . . ကျုပ် မြစ်သုံးဆိုင် ရေလယ်သမ္ဗန်ပေါ်မှာ အသတ်ခံခဲ့ရတယ်"

"ဟင် . . . ခင် . . . ခင်ဗျား အသတ်ခံရတာ။ ဒါ . . . ဒါဆို ခင်ဗျားဟာ တစ္ဆေ . . ."

"ကျုပ်ကို . . . ကူညီကြပါဗျာ"

"ကျွန်တော် ကြောက် . . . ကြောက်တယ်ဗျ . . . ကိုကံပေါ်"

"မကြောက်ပါနဲ့တော့ဗျာ . . . ကျုပ်အားကိုးရမယ့်လူက . . . ခင် . . . ခင်ဗျားပဲ ရှိလို့ပါ"

"ခင်ဗျားကို ဘယ်သူတွေက သတ်သွားတာလဲ ဟင်"

"ကျောက်ဒိုးနဲ့ လက်ပွား ကျုပ်ကိုသမ္ဗန်ပေါ်မှာ ဓားနဲ့ခုတ်ထိုးသတ်ပြီး မြစ်သုံးဆိုင်မှာ ရေထဲပစ်ချ မျှောခဲ့တယ်။ ကျုပ်အခု ခင်ဗျားတို့ သဘော်ဆိပ်တောင်ဘက်က လမုပင်မှာ ရောက်နေတယ်။ ကျုပ်ကိုကူညီပါ။ ကျုပ် . . . ကျုပ်လျှောက်သွားနေရတယ်။ ဘဝ မကောင်းဘူး။ ခင်ဗျား ကူညီမယ် မဟုတ်လားဟင်"

"အင်း . . . အင်း" ဟု ဘုမသိ ဘမသိ ပြီးပြီးရော ခေါင်းညိတ်လိုက်မိတယ်။





"ဝမ်းသာတယ်ဗျာ၊ ကျုပ် ဒီ . . . ဒီဘဝဆိုးမှာ မနေချင်ဘူး။ ဆက်ဆက် ကူညီပါဗျာ နော် . . . ကျုပ် . . . သွား . . . မယ်"

သည့်နောက် သူဟာ ယိုင်ထိုးယိုင်ထိုးနဲ့ ပြန်လှည့်ပြီး ကူးတို့ သဘော်ဆိပ်တောင်ဘက်က လမုပင်ရိုးကမ်းစပ်ကို လျှောက်သွားနေတာ မြင်လိုက်ရပြီး ကျွန်တော် အိပ်မက်က လန့်နိုးခဲ့ရတယ်။ နိုးနိုးချင်း လက်ကနာရီကို ကြည့်လိုက်တော့ နံနက်နှစ်နာရီ။

ဒါနဲ့ . . . အိပ်မက်ထဲက ကိုကံပေါ်ဆိုသူ ထွက်သွားတဲ့ လမုပင်ရိုးကမ်းစပ်ကို လှည့်ကြည့်လိုက်တော့ ဘုရား . . . ဘုရား။ လမုပင် ကမ်းစပ်မှာ လူတစ်ယောက်ရပ်နေသည့် သဏ္ဌာန်ခပ်ဝါးဝါးကို မြင်လိုက်ရပါကလား။ သူဟာ အဝေးတစ်နေရာကို ငေးမောကြည့်နေလို့။

မိုးလည်းလင်းရော ဒီအကြောင်းကို သဘော်ဆလင် ဦးဝင်းမောင်ကို ပြောပြလိုက်တော့ သူက . . .

"အိပ်မက်ပါကွာ"

"ကျွန်တော် အဲဒီနေရာကို သွားကြည့်ချင်တယ် ဆရာ"

"ဘာလုပ်မှာလဲကွာ . . . မေ့လိုက်စမ်းပါ . . . ဖွီး"

"အိပ်မက်ထဲမှာ သေသေချာချာ အကူအညီတောင်းသွားလို့ပါ ဆရာ"

"ကိုင်း . . . ဒီလောက်ရှိနေမှတော့ လုံခြုံရေး တစ်ယောက် ခေါ်သွားပြီး ကြည့်ချင်သွားကြည့်ပေါ့ကွာ . . . သွား . . . သွား . . . ကြာစေနဲ့နော်"

ဒါနဲ့ တာဝန်ကျ လုံခြုံရေးအမှုထမ်းတစ်ဦးခေါ်ပြီး မိနစ် (၂၀)နဲ့ လျှောက်ရသည့် လမုပင်ကမ်းစပ် မြစ်ကမ်းပြန့်ရှိရာကို ထွက်လာခဲ့လိုက်တယ်။ ကမ်းစပ်ဟာ မြက်ရိုင်းများ၊ ကျောက်တုံးများပြိုကျ။ မြစ်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါးနဲ့အတူ မြက်ရိုင်းမြက်ဖုတ်များပေါ်မှာ ရေတက်နဲ့ ဖိနပ်စုတ်များ အမှိုက်များ သစ်တိုသစ်စများ တင်ကျန်ပေါ်နေကြတယ်။

"ဘာနံ့ကြီးလဲဗျ"

"အေးကွ . . . ပုပ်အဲ့အဲ့အနံ့ပဲကွ"

"ခွေးသေကောင်များ တင်နေရော့လားဗျာ"

အပုပ်နံ့သဲ့သဲ့ကို ရနေတယ်။ ဒီလိုနဲ့ . . . လမုပင်တွေ ရေမြုပ်နေတဲ့ ကမ်းစပ်လည်း ရောက်ရော . . . ကျီးကန်းတွေနား၊ အော်နေတဲ့အသံကို ကြားလိုက်ရရော။ ဒါနဲ့ . . . နှစ်ဦးသား ကျီးနားအော်နေရာကို တိုးကပ်ကြည့်လိုက်ရော . . .

"ဟော"

"အမလေး . . . "

"လူ . . . လူ . . . ကြီးဗျ။ ဘုရား . . . ဘုရား"

လုံခြုံရေး ရဲဘော်ကိုသောင်းကြိုင်နဲ့ ကျွန်တော်ဟာ မြင်လိုက်ရသည့် မြင်ကွင်းကြောင့် အကြီးအကျယ် တုန်လှုပ်ချောက်ချား သွားရပါရောဗျာ။ ဘုရား . . . ဘုရား . . . မြင်ရသည့်မြင်ကွင်းက ပေါင်လုံးသာသာခန့်ရှိတဲ့ လမုပင်ခွကြားမှာ လူသေအလောင်းသဏ္ဍာန် တစ်ခု၊ ဦးခေါင်းညပ်ပြီး မှောက်ခုံတွဲလောင်း ဖြစ်နေတဲ့မြင်ကွင်း။

ရေကျချိန်မို့ သစ်ပင်ခွကြား ခေါင်းကညပ်ပြီး ကျရေထဲမှာ ခြေထောက်က တွဲလောင်းကြီး။

"ကိုမှိုင်း . . . "

"ဟင် . . . ဟင်"

"မဖြစ်ဘူး . . . ကျွန်တော်တို့ အနားကို အရမ်းသွားလို့ မဖြစ်ဘူး။ သက်ဆိုင်ရာလူကြီးတွေကို သွားပြီးအကြောင်းကြားမှ ဖြစ်





မယ်လာ"

သည့်နောက် နှစ်ယောက်သား ခြေကုန်အမြန်လှမ်းပြီး လုံခြုံရေးမှူးများကို အကြောင်းကြား။ သူတို့ကမှ ရဲစခန်းနှင့် တာဝန်ရှိသူများကို အကြောင်းကြားလိုက်ရော။ မကြာခင် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ ရောက်လာခဲ့ကြပါရော။ ဒါနဲ့ . . . ရေစပ် လမုပင်ကြားညပ်တင်နေသည့်အလောင်းကို ဆေးရုံဝန်ထမ်းများနဲ့ မ,ယူချီချပြီး ကမ်းပေါ်တင်လိုက်ရော . . . ယောက်ျားအလောင်းတစ်လောင်း။ ဦးခေါင်းမှာ ဟက်တက်ကွဲ ဓားခုတ်ရာတစ်ချက်၊ ရင်ဝမှာ ထိုးသွင်းဓားဒဏ်ရာတစ်ချက်နဲ့၊ အသက် (၃၀)ခန့်။ လူက ရေနစ်၍ ပုပ်ပွ အနံ့ထွက်ပြနေပြီ။ ခါးမှာပုဆိုးမရှိတော့။ ဘောင်းဘီတိုနှင့်။

သို့နှင့် အလောင်းကို သယ်ယူသွားကြသလို ကျွန်တော့်ကိုလည်း စစ်ဆေးမေးမြန်းရန် ရဲစခန်းသို့ ခေါ်သွားခဲ့ကြတယ်။

+++++++

www.burmeseclassic.com

www.burmeseclassic.com

(၃)

နောက် မကြာခင်ရက်ပိုင်းအတွင်း လူသတ်တရားခံများကို ရဲစခန်းမှ ဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်ခဲ့ကြတော့တယ်။ အံ့သြစရာ ကောင်းသည်ကား . . .

သေဆုံးအသတ်ခံရသူ၏ အမည်မှာ ကိုကံပေါ်ဆိုသူ ဖြစ်နေသကဲ့သို့ ကိုကံပေါ်ကို ရက်ရက်စက်စက်သတ်သွားသည့် တရားခံနှစ်ဦး၏ အမည်မှာလည်း အိပ်မက်ထဲမှာ ကိုကံပေါ်ပြောသွားခဲ့သည့် ကျောက်ဒိုးနှင့် လက်ပွားဆိုသူနှစ်ဦး ဖြစ်နေခြင်းပါပဲခင်ဗျာ . . . ။

ဒီမှာ ရင်းနှီးကျွမ်းဝင်ခဲ့ရသည့် အမှုလိုက်ဒုရဲအုပ်က . . .

''အံ့သြစရာပါပဲ ကိုမှိုင်းရယ် . . . သေသူက ခင်ဗျားကို ယုံကြည်ကိုးစားစွာ အိပ်မက်ထဲကတစ်ဆင့် ဖြစ်စဉ်ကို အတိအကျ ပြောပြီး လာအကူအညီ တောင်းခဲ့တာပဲ။ ခင်ဗျား အိပ်မက်ထဲကအ တိုင်း





သေသူအမည်၊ လူသတ်တရားခံအမည်၊ ဒဏ်ရာဒဏ်ချက် သည့်အခင်းဖြစ်နေရာ အားလုံးအံ့ကိုက် အတိအကျပဲဗျာ။ ဓါးရှုံးငွေပြတ်တော့ သူငယ်ချင်းကို ရေလယ်မှာ ရက်ရက်စက်စက် ပြီး ပစ္စည်းယူ၊ လူစွန့်ခဲ့တာပဲ။ ဒီကောင်တွေ မလွယ်ဘူး''တဲ့။

ချစ်စွာသော စာဖတ်ပရိသတ်များခင်ဗျား . . .

အိပ်မက်များက လွန်စွာဆန်းကြယ်သလို၊ အံ့ဖွယ်လည်း ကောင်းလှပါသည်။ ယုံလို့လည်းရတယ်၊ မယုံလို့လည်း ရပါတယ်။

ဒါပေမဲ့ . . . အိပ်မက်ရဲ့ ကြိုတင်နိမိတ်ကို အရမ်းကာရော ဥပေက္ခာမပြုသင့်ဘူးလို့ အကြံပြုချင်တယ်ဗျာ။ ဘာလို့လဲဆိုတော့ (တိုက်ဆိုင်မှု) ဆန်းကြယ်ဖြစ်ရပ်များ နိယာမ (The Laws of Probability) များနဲ့ ဖြေရှင်းလို့ရနိုင်မည်လား။

မည်သို့ဖြစ်စေ . . .

ကိုကံပေါ်ရဲ့ မိဘများကတော့ ကျွန်တော့်ကို လွန်စွာကျေးဇူးတင်ခဲ့ကြပါတယ်။ ကိုကံပေါ် ရက်လည်သည့်နေ့က ကျွန်တော်လည်း ဘုသိုလ်ပါဝင်ပြီး ရေစက်ချ အမျှဝေတော့ . . . သာဓုခေါ်ပါ ကိုကံပေါ် လို့ ပြောခဲ့လိုက်ပါတယ်။


နောင် . . . ကျွန်တော်တို့သဘော အဲဒီရေဆိပ်ရောက်တိုင်း ဘုရားရှိခိုးပြီးရင် ကိုကံပေါ်ကို ရည်စူးလို့ အမျှဝေနေမိတာ ညစဉ် လိုလိုပါပဲ။

✤ ✤ ✤ ✤ ✤ ✤ ✤

မောင်ညီမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကျောကုန်းပေါ်က လက်ဝါးရာ

(၁)

မင်းကလည်း စာရေးဆရာပီပီ တယ်စပ်စုတဲ့လူပဲကိုး ညီမှိုင်း ဘာတဲ့၊ ငါ့ကျောကုန်းပေါ်က လက်ဝါးရာကြီးက ဘယ်လိုလုပ်ဖြစ်လာရတာလဲ ဟုတ်လား။ အေး . . . မင်းက သိပ်သိချင်နေမှတော့လည်း မရှက်တော့ပါဘူးကွာ။ နောင်လာနောက်သားများ ဆင်ခြင်နိုင်အောင် ပြောပြရတော့မှာပေါ့။

ဒီလိုကွ . . . ညီမှိုင်းရေ့ ပရိတ်ညာဉ်လောကဆိုတာ အတော်ကို ဆန်းကြယ်သား ကိုယ့်လူရေ။ ဒါကြောင့်လည်း တို့ဘုရားရှင်ကိုယ်





တော်မြတ်ကြီးက အပါယ်လေးဘုံအကြောင်း ဟောခဲ့တာကိုးကွ။ ငယ်ရွယ်တုန်းက ဒါတွေသိပ်လည်း နားမလည်၊ သိပ်လည်း အလေးအနက် ထားခဲ့ဘူးပေါ့ မောင်ရာ။

အသက်အရွယ်ရလာလို့ ဘာသာရေးဘက်လိုက်စားလာ၊ အားကိုးမှီခိုလာတော့မှ၊ ရဟန်းအရှင်သူမြတ်များ ဟောပြောဆုံးမစကားများ ကြားနာရတော့မှ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံသားများအကြောင်း လက်ခံလို့ရတာ၊ လက်ခံနိုင်ခဲ့ရတယ် စာရေးဆရာရေ . . .။

အိမ်း . . . ငါ့ကျောကုန်းပေါ်က သေရာပါ လက်ဝါးရာကြီးရဲ့ ဖြစ်စဉ်က ဆန်းလည်းဆန်းကြယ်ပါ့ မောင်ရာ။

ဖြစ်ပုံက ဒီလိုမောင်ညီမှိုင်းရဲ့။ ဒီလို . . . ဒီလို . . .။

\+ + + + + + +

www.burmeseclassic.com

www.burmeseclassic.com

## (၂)

တို့ရပ်ကွက်ထဲမှာ ကိုကျောက်နီဆိုတဲ့ လူတစ်ယောက်ရှိတယ်။ ကိုကျောက်နီက အရက်ကို တစ်နေ့တစ်ပုလင်းသောက်တဲ့ လူကွ။ လူကလည်း ဖလကောင်းကောင်း တုတ်တုတ်ခိုင်ခိုင်ကြီး။ သူက အရက်သောက်ပေမဲ့ မမူးဘူး။ မရမ်းကားဘူး။ လူနေပုံကလည်း ခပ်ဘည်ဘည်ပဲ။ ပိုက်ဆံ့ကလည်း ရှိတယ်။ မိန်းမသားမယားမရှိဘူး။ တစ်ကိုယ်ရေတစ်ကာယသမား။

အလုပ်လည်း မျိုးစုံလုပ်တယ်။ လူချမ်းသာကြီးတော့ မဟုတ်ပါဘူး။ အလုပ်မျိုးစုံလုပ်ပြီး စုဆောင်းနိုင်လို့ ရှိတယ်ဆိုတဲ့ သဘောပေါ့။

ကိုကျောက်နီက အချင်းချင်း ရင်းနှီးတဲ့လူကို ငွေတိုးလေးဘာလေးချေးတာရှိတယ်။ ဥပမာ–ငွေတစ်ရာ ချေးတယ်ဆိုရင် သူက ကတိတည်မှ ကြိုက်တယ်။ ကတိမတည်တဲ့လူဆိုရင် တစ်ကြိမ်ပဲ ဆက်ဆံလေ့ရှိပြီး နောင် အဲဒီလူ ဘယ်လိုအခက်အခဲရှိရှိ လုံးဝကို လှည့်မကြည့်တဲ့ လူစားမျိုးကြီး။ လူခွစား လူတိကျကြီး။

သူ့မှာ စုစုဆောင်းဆောင်းလေး ရှိနေတော့ အားကိုးချင်ပြီး





ချက်စိကျနေတဲ့ မိန်းမများလည်း ရှိတယ်ကွ။ ဒါပေမင့် သူက ဘယ်မိန်းမကိုမှ အနားအကပ်မခံဘူး။ သိတယ်လေ၊ သူ့ကိုချစ်လို့မဟုတ်ဘူး။ သူ့ပစ္စည်းတွေကို မက်မောကြလို့ ဆိုတာကိုပေါ့။

တစ်ခါများ . . .

ဦးဘကျားဆိုတဲ့ လူကြီးက သူ့အိမ်ရှေ့က ကုက္ကိုပင်ကို လက်ခစားပေးပြီး လှဲခိုင်းတယ်။ ပြောတုန်းက ငါးရာကျပ်နဲ့ကွ။ ခုတ်လှဲပုံပြီးလို့ ပိုက်ဆံလည်းရှင်းရော ဦးဘကျားက ငွေလေးရာပဲ ယူပါကွာ၊ ခဏလေးညစ္စာလို့ပြောပြီး ငွေလေးရာလည်းပေးရော ကျောက်နီက ဘာလုပ်သလဲသိလား။ ဦးဘကျားပေးတဲ့ ငွေလေးရာနဲ့ ဦးဘကျားမျက်နှာကို ပစ်ပေါက်ပြီး ခင်ဗျားလို ကတိမတည်တဲ့ လူ့ကြောင်သူတော်ကို ကျုပ်တစ်သက်လုံး အထင်လည်း မကြီးတော့ဘူး၊ လေးလည်း မလေးစားတော့ဘူးလို့ ပြောပြီးထွက်လာခဲ့လိုက်တယ်ကွ။ သူက အဲဒီလိုလူ။

အဲ . . . တစ်ခုတော့ရှိတယ်။ သူ သနားပြီဆိုရင် ငွေတင်မကဘူး။ ကိုယ်ပေါ်က အင်္ကျီပါ ချွတ်ပေးလေ့ရှိတယ်။

သူ့ကိုလိမ်ရင်၊ ညာရင် မလိမ့်တပတ်လုပ်တဲ့လူဆိုရင် ပစ္စည်းဆုံးချင်ဆုံးပစေ။ ဒါပေမင့် သူ့လက်ဝါးနဲ့ မှတ်လောက်အောင်တော့ တီးပစ်လေ့ရှိတယ်။ သူ့လက်ဝါးစာ တစ်ချက်မိရင် မလွယ်ဘူး။ အနည်းဆုံး လေးငါးရက်အိပ်ရာကကို မထနိုင်အောင် လက်သံက ပြောင်တယ်ဗျာ။

သာမှုနာမှုရှိရင်လည်း ရင်းရင်း၊ မရင်းရင်း ထင်းခွဲ ရေခပ်အိုးတိုက် ချက်ပြုတ် အကုန်လုပ်ပေးတာပဲ။ အရက်သာ တစ်ပုလင်းပေးလိုက်။ ဘာမှု ပြန်လှည့်ကြည့်စရာ မလိုဘူး။ အားလုံး အေးအေးဆေးဆေး သိမ်းလုပ်ပေးတဲ့လူ။



www.burmeseclassic.com

www.burmeseclassic.com



ငွေတန့်ဖိုးနဲ့ လုပ်ရမယ့်ကိစ္စဆိုရင် ငါးပြားတစ်စေ့ လျှော့လို့ ရေသူ့ စိတ်က သိပ်ကြီးတာ။ သူနဲ့လုပ်ရင် ဘာကိစ္စလုပ်လုပ် ကတိပျက်လို့ ရေသူ့ အလုပ်လုပ်ရင် တိကျတယ်။ အချိန်မှန်တယ်။ သူ့ဘက်ကလည်း ကတိတည်လေ့ရှိတယ်။

\+ + + + + + +

BURMESE CLASSIC

(၃)

တိုတိုဆိုကြပါစို့ကွာ . . . ၊ ရုတ်တရက်ပဲ သူ့ကားတိုက်ခံရပြီး ဆုံးသွားခဲ့ပါရောလေကွာ။ ဒါနဲ့ သူ့နာရေးကိစ္စကို သူ့မိတ်ဆွေအချို့နဲ့ အရပ်လူကြီးအချို့ ဦးစီးပြီး စီစဉ်ရတာပါ။

အဲဒီမှာ ထူးဆန်းအံ့ဩစရာကောင်းတာက သူ့သေတ္တာထဲမှာ ငွေစက္ကူအနည်းငယ်ကလွဲပြီး ဘာမျှမရှိတာပဲ။ ငါတို့အားလုံးရော အိမ်နီးနားချင်း ဝန်းကျင်အားလုံးကပါ သူ့မှာ ရွှေရောငွေရောရှိတာကို သိကြတယ်။ သူ့ရွှေတွေ ဝယ်စုတာလည်း မြင်ရတယ်။ မိန်းမ သားမယားမရှိဘဲ ဘာလို့ဝယ်စုနေရတာလဲလို့မေးရင် အိုစာမင်းစာ တုံးလုံးပက်လက်စာလို့ ဆိုလေ့ရှိတာကိုး။

အခု သူသေလို့ လိုအပ်သလို သုံးရအောင်ရှာတော့ ဘာမျှမတွေ့ရတော့ဘူး။ တွေ့ရတာက ငွေလေးသုံးရာနဲ့ ရွှေဝယ်ဘောက်ချာစာရွက် ၁၀ ရွက်ပဲ တွေ့ရတယ်။ ဒါနဲ့ ပိုက်စိပ်တိုက်အနံ့ရှာကြတယ်။ လုံးဝမတွေ့ရဘူး။

၊ အချို့က သူခိုးခိုးလို့ ပါသွားပြီနဲ့တူတယ်လို့ ကောက်ချက်ချ

www.burmeseclassic.com



ကြသလို အချို့ကတော့ လုံခြုံမယ့်တစ်နေရာရာမှာ ဝှက်ထားမှာပဲလို့ တွေးကြတယ်။

ရှိစေတော့ကွာ။

ပြောချင်တာက သူ့အိမ် (မသာအိမ်)မှာ လူစောင့်ရအောင် ဖဲဝိုင်းလုပ်ပြီး မသာစောင့်လုပ်ရတာပဲ။

ဖဲဝိုင်းကလည်း ကောင်းသလား မမေးနဲ့။

အဲဒီကရတဲ့ အကောက်နဲ့ အရပ်က စုလို့ကူလို့ရတဲ့ငွေနဲ့ သူ့ရက်လည်ကိစ္စ ပြီးသွားခဲ့ရတယ်။

အမိက ဖြစ်ပုံက ဒီလိုဟေ့။

ငါက ဖဲကစားလေ့ မရှိဘူးကွ။ ကိုကျောက်နီနဲ့တော့ အတော်ငယ်ရင်းနှီးပါတယ်။ အိမ်ချင်းကလည်း အနီးကလေးကိုးကွ။

ဒါနဲ့ကွာ။ ပွဲဦးညမှာ အိမ်ပြည့်ဝင်ကူပါဆိုလို့ ဝင်ကူကစားရင်း ငါ့လက်စွပ်ရယ်၊ ဆွဲကြိုးရယ်၊ လက်ပတ်နာရီရယ် သန်းခေါင်ကျော်မှာ ကုန်ပါလေရော မောင်ရေ။ အဲဒီခေတ်က ငွေနဲ့ဆို တစ်သောင်းဖိုးလောက် ရှိတယ်ကွ။

ငါဒုက္ခရောက်ပါလေရော။

ဘာလုပ်ရမှန်း မသိတော့ဘူး။ ကုန်မှ နမြောလိုက်တာကွာ။ လူတစ်ကိုယ်လုံးလည်း ထူပူပြီး ချွေးစေးတွေ ပြန်နေပြီ။ ဒါနဲ့ ထိုးစရာကုန်တော့ မသန်းချစ်တို့ဆိုင်မှာ အရက်ဝင်သောက်ရင်း အဲဒီပစ္စည်းတွေပြန်ရအောင် ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားနေမိတယ်။

ဒါတွေ ရင်းစားပြန်ရဖို့က အချက်နှစ်ချက်ပဲရှိတယ်။ တစ်အချက် အလုပ်ကို ကြိုးစားပမ်းစားလုပ်ပြီး ခြိုးခြံချွေတာစုဆောင်း နှစ်အချက် လှေမျှော လှေနှင့်လိုက်၊ ငွေမျှော ငွေနှင့်လိုက်ဆိုတဲ့ အလုပ်



ပဲ။ ပထမအချက်က အချိန်အကြာကြီး စောင့်ရမယ်။ ဒုတိယအချက်က ကံမကောင်းရင် အိမ်ပါရောင်းချင်ရောင်းရမယ့် ကိန်းပဲ။ ငါ့မလဲ မှုန်နေပြီကွာ။ ဒါနဲ့ မထူးပါဘူးဆိုပြီး အိမ်က ဝက်တစ်ကောင်ရောင်းလို့ ဖဲဝိုင်းကို ပြန်ဦးလှည့်လိုက်တယ်။

ဒီမှာ ငါတစ်ချက် စဉ်းစားလိုက်တယ်။ ငါက ဖဲသမားမဟုတ်ဘူး။ ဟိုမှာက ဖဲသမား ဉာဏ်သမားတွေ အများကြီး။ အဲဒီ ကောင်တွေ အဆွယ်ကောင်း၊ အလိမ်ကောင်းလို့ ငါခံလိုက်ရတာ။ ဒါနဲ့ အကြံတစ်ခု ရလိုက်တယ်။ ပရစိညာဉ်လောကကို ယုံကြည်အားကိုးလို့တော့ မဟုတ်ပါဘူး။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အချို့ပြောစကားအရ လုပ်ကြည့်တာပါ။

ငါ အသုဘအိမ်မဝင်ခင် ခြံအပြင်မှာပြင်ထားတဲ့ ကိုကျောက်နီရဲ့ အလောင်းစင်နားသွားပြီး သူ့အခေါင်းကို လက်နှင့်ကိုင်လို့ . . .

"ကိုကျောက်နီ၊ မနေ့က ကျုပ်ဖဲလိမ်ညာခံရပြီး ငွေတစ်သောင်းဖိုးလောက် ကုန်သွားခဲ့တယ်ဗျာ။ အခု ကျုပ် ဝက်ကလေးရောင်းပြီး ငွေမျှောငွေနဲ့ လိုက်မလို့ လုပ်နေရပါပြီ။ ကျုပ်ကို ကူညီပါဗျာ။ ဒီညကျုပ်ရှုံးထားတဲ့ ရင်းစားလေး ပြန်ရအောင် ကူညီပါ။ ရင်းစားပြန်ရရင်တော်ပါပြီ။ အဲဒီလို ပြန်ရအောင် လုပ်ပေးပါဗျာ။ ကျုပ် ခင်ဗျားကြိုက်တဲ့ အရက်တစ်ပုလင်း ဝယ်တိုက်ပါ့မယ် ကိုကျောက်နီရာ နော် . . ."

အဲဒီလိုပြောပြီး ခေါင်းကို သုံးချက်လက်ဝါးနဲ့ပုတ်ပြီး ကတိအတည်ပြုလို့ ဖဲဝိုင်းရှိရာကို ဝင်လာခဲ့လိုက်တယ်။ ဖဲသမားတွေကလည်း ငါ့ကိုမြင်တော့ အချဉ်ကြီးပြန်လာပြီဆိုပြီး တစ်နေရာ ဝင်နိုင်းကြတယ်။

အံ့သြစရာ ကောင်းလိုက်တာကွာ . . .။

ကိုးမီးဝိုင်းထဲ ဝင်ထိုင်သည့်အချိန်ကစပြီး ရှစ်၊ ကိုး၊ ကုလား

www.burmeseclassic.com



သုံးကောင်၊ တစ်သုံးလုံးဝိုက်၊ သုံးသုံးလုံးဝိုက်နဲ့ . . . . ။ ငါချည်းပဲ ဆယ်လှည့်လောက် ဆက်တိုက်ရလိုက်တာ။ ဉာဏ်သမားတွေ မျက်လုံးပြူးကုန်ကြရော။ သင်းတို့ပါတာ ကုန်တာပေါ့။ ကြည့်စမ်း၊ ငါ့ပုဆိုးကြားမှာ ငွေစက္ကူတွေကို ဖွေးဖွေးလှုပ်လို့။

နောက်ဆုံးပိတ်တစ်လှည့် ကုလားသုံးကောင်နဲ့ ဝိုင်းသိမ်းပြီး ငါရှုံးထားတဲ့ ပစ္စည်းတွေ ပြန်ရွေးလိုက်တယ်။ အားလုံးပြန်ရတယ်။ လက်ထဲမှာလည်း ငွေပိုလေးကျန်လို့ ဝက်ကလေးတစ်ကောင် ရင်းစားပြန်ဝယ်လိုက်တယ်။

\+ + + + + + + +

(၄)

ငါ့ပစ္စည်းတွေ ပြန်ရလို့ ငါပျော်လိုက်တာကွာ။ နောက်နေ့ကပြီး မသာအိမ်ကို ငါလုံးဝခြေဦးမလှည့်တော့ဘူး။ ဒီလောင်းကစားအလုပ်ဟာ အမှန်စိတ်ဆင်းရဲဖို့ကောင်းတယ် ညီမြိုင်။ ရှုံးဟာ ဖဲရှုံးတာပြီဆိုရင် ကြံရာမရဖြစ်ပြီး မကောင်းမှုဒုစရိုက်လုပ်ဖို့ ဝန်မလေးတော့ဘူးသိလား။ အတော့်ကို ကြောက်စရာကောင်းတယ်။ လောင်းကစားများ ဘယ်တော့မှ မလုပ်လေနဲ့ ငါ့ညီ။

"ပြောဦးလေဗျာ၊ ခင်ဗျားကျောက်နီးက လက်ဝါးရာအကြောင်း"

"ဩော် . . . အေး . . . အေး ဟုတ်သားပဲ။ ဒီလိုကွ ညီမြိုင်ရ ဒါ ငါ့အမှားကွ။ အဲဒီလို ဖဲပြန်နိုင်ပြီး ပစ္စည်းတွေပြန်ရလို့ ပျော် ပြီး ငါကျောက်နီကို ပေးထားတဲ့ကတိ မေ့နေခဲ့လိုက်တယ်။ ငါထင်တာက ငါ့ကံနဲ့ ငါနိုင်တာလို့ ထင်မှတ်နေတာကိုးကွ"

ကျောက်နီအသုဘရက်လည်ပြီး နောက်နေ့ညမှာ ကျောက်နီက ငါ့ကို အိပ်မက်ပေးပါလေရော ကိုယ့်လူရေ . . . ။

www.burmeseclassic.com



အိပ်မက်ထဲမှာ ကိုကျောက်နီက မျက်နှာထိ မျက်နှာထားကြီးနဲ့ စိုက်ကြည့်ပြီး ဘာပြောမှတ်လို့တုံး။

"ဟော့ကောင် . . . မောင်ကြိုင်၊ ငါတာဝန်ကျေအောင် မင်းဆန္ဒကို လုပ်ပေးပြီးပြီ။ မင်းကတိအတိုင်း ဘာမှလုပ်မပေးပါလား"

ဒါနဲ့ ငါက မေးလိုက်တယ်။

"ဘာကတိလဲဗျ ကိုကျောက်နီရ"

'ဩော် . . . မင်းက မေ့တောင်နေမှကိုး။ အေး . . . ရတယ် ကြိုင်'

အဲဒီလိုပြောပြီး အိပ်မက်ထဲက ဖြုန်းခနဲ ပျောက်သွားခဲ့တယ်။

အိပ်မက်ကနိုးတော့ စဉ်းစားတယ်။ ငါ ကိုကျောက်နီကို ဘာကတိပေးခဲ့သလဲ။ ဟော . . . သတိရပြီ။ ငါဖဲရှုံးတဲ့နောက်နေ့ သူ့ခေါင်းကိုပုတ်ပြီး ဖဲနိုင်အောင် ကူညီပါ။ ရှုံးတာတွေ ပြန်ရရင် အရက်တစ်ပုလင်း တိုက်ပါမယ်လို့ ပြောခဲ့တာကိုး။

ဒီနေရာမှာ ငါက တစ်ချက်ပြန်စဉ်းစားတယ်။

အဲဒီတုန်းက အလှည့်တိုင်း ငါနိုင်တာသည် သူကူညီလို့ဆိုတာဖြစ်နိုင်ပါ့မလားဆိုတာကိုပဲ။ စဉ်းစားကွာ။ သူသေလို့ တစ္ဆေဘဝရောက်သလား၊ သရဲဘဝရောက်သလား၊ ပြိတ္တာဘဝရောက်သလား ငါမသိ။ လူက ဖဲရှုံးလို့မှုန်ပြီး ကြံမိကြံရာ ပြောမိပြောရာ လုပ်မိလုပ်ရာ လုပ်ခဲ့လိုက်တာပဲ။

ငါ့ကံနဲ့ ငါနိုင်တာရော မဖြစ်နိုင်ဘူးလား။ အဲဒါ ကျောက်နီက သူကူညီလိုက်တာလို့ အိပ်မက်ထဲမှာ ခပ်တည်တည် လာပြောနေတယ်။

အေးလေ . . . တိုက်ဆိုင်မှု ဖြစ်ပါလိမ့်မယ်။ အရက်တစ်ပုလင်း ဘယ်လောက်မှ အဖိုးမတန်ပါဘူး။ ကြုံတဲ့နေ့၊ အားတဲ့နေ့ ဝယ်ပြီး





သူ့မြေပုံပေါ် သွားပို့ပေးပါမယ်။ မဟုတ်မှလွဲရော ဒီလူ မကျွတ်မလွတ်ဘဝနဲ့ အရက်သောက်ချင်လို့ အိပ်မက်လာပေးတာနေမှာပါ။

အဲဒီလိုနဲ့ အမှုမဲ့ အမှတ်မဲ့နေလိုက်တာ တစ်ပတ်တိတိ ကြာသွားခဲ့တယ်။

+++++++

www.burmeseclassic.com

www.burmeseclassic.com

(၃)

တစ်ညဦးမှာပေါ့ကွာ၊ အိုက်လွန်းလို့ အင်္ကျီချွတ်ပြီး အိမ်ရှေ့ လမ်းမထွက်လို့ လေညင်းလေးခံနေလိုက်တယ်။ ခဏနေပြီး ရေချိုး မယ်ပေါ့။ ငါလမ်းလျှောက်နေလိုက်တယ်။

အဲဒီအချိန်မှာ နောက်ကနေ ငါ့ကျောကုန်းကို တစ်စုံတစ် ယောက်က လက်ဝါးနဲ့ တအားပိတ်ရိုက်လိုက်တာ ဖောင်းခနဲအသံနဲ့အတူ ငါရှေ့ကို ထိုးစိုက်ကျသွားတယ်။

လက်ဝါးရိုက်ချက် ဘယ်လောက်ပြင်းသလဲ မသိဘူး။ မျက် လုံးထဲ မီးပွင့်သလိုဖြစ်ပြီး အသက်ရှူ ရပ်မတတ်ဖြစ်သွားလို့ တလိမ့် ခေါက်ကွေး လမ်းဘေးလဲကျသွားတယ်။

ကျောထဲက နာကျင်လွန်းလှတဲ့ ဝေဒနာကို ကြိတ်မှိတ်ခံစား ပြီး ငါ့ကျော အသားလွတ်ရိုက်သွားတဲ့လူ ဘယ်သူလဲ သိချင်လို့ မျက် လုံးအားယူပြီး ဖွင့်ကြည့်လိုက်တော့ လူထွားထွားကြီးတစ်ယောက် မီးရောင်ကို ကျောခိုင်းပြီး တောင်ဘက်ကို တစ်လှမ်းချင်း သွားနေတာ ကိုတွေ့လိုက်ရတယ်။





ဝန်းကျင်မှာ သူကလွဲပြီး ဘယ်သူမှ မရှိဘူး။ အဲဒီအချိန်မှာပဲ လူထွားကြီးက နောက်ပြန် တစ်ချက်လှည့်ကြည့်လိုက်တာ . . .

"ဟင်"

"ကို . . . ကိုကျောက်နီ . . . ကိုကျောက်နီ"

သူ့မျက်နှာကို လမ်းမတတ်တိုင်မီးရောင်နဲ့ ငါလှမ်းမြင်လိုက် ရတော့ အံ့ဩတုန်လှုပ်ပြီး ကြက်သီးတွေ တဖြန်းဖြန်းထလို့ ငါသတိ လစ် မေ့လဲကျသွားခဲ့တယ်။

ငါသတိရတဲ့အချိန်မှာ အိမ်ပေါ်ကို ရောက်နေပြီ။ ငါ့နံဘေး မှာ အိမ်နီးနားချင်းတွေလည်း ဝိုင်းလို့။ လမ်းဘေးသတိလစ်နေတဲ့ ငါ့ကို တစ်အိမ်ကျော်က ကိုညိုကြီး အိမ်အပြန်တွေ့လို့ ပွေ့ယူလာခဲ့တာတဲ့။

အဲဒီအချိန်မှာ ငါ့ပါးစပ်က ကယောင်ကတမ်းတွေ လျှောက်ရွတ် အော်နေတယ်တဲ့။ ကျောက်နီ . . . ကျောက်နီလို့လည်း အော်နေသတဲ့။

နောက်ပိုင်း ပရိတ်ရေမန်းတွေ ဘာတွေနဲ့ တောက်သပ်တိုက် မှ ငါလည်း ပြန်ကောင်းသွားတယ်။ ဒါနဲ့ ငါကလည်း ဖြစ်ကြောင်း ကုန်စင်ကို ပြန်ရှင်းရတယ်။

ဒီမှာ ကျောပြင်က စပ်ဖျဉ်းဖျဉ်းနဲ့ နာလွန်းလို့ အားလုံးကို ကြည့်ခိုင်းတော့ ငါ့ကျောပြောင်ပြောင်ပေါ်မှာ အတော့်ကိုကြီးတဲ့ လက်ငါး ချောင်း လက်ဝါးရာကြီးတစ်ခု ညိုမည်းပြီး တင်ကျန်ရစ်ခဲ့တယ်။

ထူးဆန်းတာက အဲဒီလက်ဝါးရာကြီးဟာ အခုအချိန်အထိ နှစ်ပေါင်းများစွာ မပျောက်မပျက်ဘဲ ဒီအတိုင်းသေရာပါ အသားစွဲ ကျန်ရစ်ခဲ့တာပဲ ညီမှိုင်းရ။

✣ ✣ ✣ ✣ ✣ ✣ ✣

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ရက္ခစိုးအိပ်မက်

ကျွန်တော်တို့ရဲ့ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သော စက်ဘီးပြင်သည့် လုပ်ငန်းသည် မြို့လယ်ကားမှတ်တိုင်နှင့် မလှမ်းမကမ်းရှိ ညောင်ပင်အိုကြီးတစ်ပင်အောက်မှာ ရှိ၏။

ထိုညောင်ပင်အိုကြီးအောက်၌ ကျွန်တော်တို့နှင့်အတူ ကွမ်းယာဆိုင်လည်း ရှိနေ၏။ 'ကွမ်းယာဆိုင်ပိုင်ရှင်အမည်က 'ကိုကျိုးစား' ဟု ခေါ်၏။

ဘာကြောင့် ကိုကျိုးစားဟု ထူးထူးဆန်းဆန်းခေါ်ရသလဲဆို





သည့် အကြောင်းအား ရင်းနှီးလာပြီးနောက်ပိုင်း မေးကြည့်တော့ ငယ်စဉ်အခါက သူ့လက်ထဲမှမုန့်များကို ကျီးကန်းများ ထိုးစား၍ ကုန်လေ့ရှိသောကြောင့် ကျီးစားဟု အမည်ပြောင်ခေါ်ကြရာမှ ကြီးပြင်းလာသည့်တိုင် ငယ်နာမည်အရင်းပျောက်ပြီး ကိုကျိုးစားဖြစ်သွားခဲ့ရသည်ဟု ဆိုလေသည်။

ကိုကျိုးစားနှင့် ကျွန်တော်သည် ညောင်ပင်အိုကြီးအောက်မှာ အတူစီးပွားရှာဘက် ဖြစ်ပါသော်လည်း အသွင်သဏ္ဌာန်ယုံကြည်မှုက ခြားနားကြ၏။

❁

ခြားနားရခြင်းအကြောင်းကား ညောင်ပင်အိုကြီး ဖြစ်၏။

ဤညောင်ပင်အိုကြီး၏ သက်တမ်းသည် နှစ်ပေါင်းမနည်းတော့။ လုံးပတ်က လူကြီးသုံးယောက်စာ ပုဆိုးနှစ်ကွင်းခန့်ရှိ၏။ မူလက ဤညောင်ပင်အောက်မှာ ကျွန်တော့်အဘိုးက စက်ဘီးပြင်ဆိုင်ဖွင့်ခဲ့၏။ ထိုအခါက လွန်ခဲ့သည့် နှစ်ပေါင်းများစွာက။ အဘိုးကွယ်လွန်သောအခါ အဖေက ဤနေရာမှာ အမွေဆက်ခံ၍ ဆိုင်ဖွင့်လုပ်ကိုင်၏။

ယခု ကျွန်တော့်အဖေ မရှိတော့။ အဖေ့ကိုယ်စား ကျွန်တော်က အဖေ့အမွေကိုဆက်ခံ၍ ဤညောင်ပင်အိုအောက်မှာပဲ စက်ဘီးပြင်ဆိုင်ကို ဖွင့်သည်။

အဲဖေသည် သူမကွယ်လွန်ခင်ကတည်းက ကျွန်တော့်ကို ဤနေရာမှာပင် စက်ဘီးကျွတ်ဖာ၊ လေထိုး၊ ဟန်တယ်ချိန်၊ ဝှေချိန်၊ အသစ်ဆင်၊ ချိန်းဆက်၊ ချိန်းပြင် စသည့်စက်ဘီး ဆိုက်ကား ပြုပြင်ခြင်းဆိုင်ရာ ပညာရပ်အခြေခံများကို လက်ထပ်သင်ကြားပေးခဲ့သည်။ ကျွန်တော်တို့ မိသားစုကလည်း မနည်းလှ။ လူ ၆ ယောက်ရှိသည်။

ကျောင်းနေသူ သုံးဦးရှိသည်။ အလျဉ်မီအောင် အချိန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အမျှ အလုပ်ကို ကြိုးစားလုပ်ရ၏။ သည်မှာ ထူးခြားသည်ကား အမေ အပြုအမူပဲဖြစ်သည်။ အမေနှင့် ကျွန်တော်သည် နံနက်မိုးလင်းသည် စက်ဘီးပြင် ကိရိယာထည့်ထားသော သေတ္တာကိုထမ်း၍ ဤဗြောင်ပ အိုကြီးအောက်သို့ ရောက်လာကြ၏။ ရောက်သည်နှင့် အမေသည် ညောင်ပင်အောက်ရှိ အမှိုက်များအားလုံးကို တံမြက်လှည်း၏။ အမှိုက် များကို သင့်ရာနေရာမှာ စုပုံ၏။

ပြီးလျှင် ညောင်ပင်အိုမှာရှိသည့် ကွန်းစင် (ရက္ခစိုးစင်) မှာ ထန်းရည်ချမ်းကပ်လှူ၏။ အမွှေးတိုင်ထွန်း၏။ (ညဘက်ရောက်လျှင် ဆီမီး တိုင်လှူ၏) သည့်နောက် ညောင်ပင်စောင့် ရက္ခစိုးဆိုသည့်ပုဂ္ဂိုလ်ကို ရည်မှန်းအာရုံပြု၍ မေတ္တာပို့၏။ ဂုဏ်တော်ဂါထာများ ရွတ်၏။ အမျှ ပေးဝေ၏။

ဆိုရလျှင် ထိုညောင်ပင်အိုကြီးမှာ ရက္ခစိုးရုပ်တုလည်း မရှိပါ။ ပုံတော်တားချပ်လည်း မရှိပါ။ ညောင်ပင်အိုကြီးကား အချို့အကိုင်းများ ခြောက်၍နေ၏။ ကျိုးပဲ့နေ၏။ အချို့သော ကိုင်းအနည်းငယ်မှာသာ ရွက်နုများနှင့် စိမ်းစိုနေ၏။ အရိပ်ဖွဲ့နေ၏။

၎င်းညောင်ပင်အိုကြီး၏ ပင်စည်တွင် ဟိုလူ ဒီလူ ဟိုအိမ် သည်အိမ်က လာရောက်စွန့်ချိတ်ထားသည့် ဗောင်းတော်စများ၊ နတ် အုန်းဆွဲဆိုင်းများ၊ နတ်စင်အဟောင်းအပျက်များ၊ မြင်းဖြူရှင် နတ်ရုပ် အဟောင်းများ စသည်တို့နှင့် ဝန်းဖွဲ့နေ၏။ ၎င်းပစ္စည်းများ ကျပြုန လျှင် နေရာတကျ အမေက ပြန်ချိတ်ပေးလေ့ရှိ၏။

သို့ကလို အမှုကိစ္စပြီးသည်နှင့် စက်ဘီးဆိုက်ကားပြင်ရန် လာအပ်သူများ၏ ကိစ္စအဝဝကို လုပ်ကိုင်ပေး၏။ အမေက နံနက် (၁၁) နာရီ ထိုးလျှင် ထမင်းချိုင့်လာပို့၏။





အမေသည် စားဦးစားဖျားများကို ဘုရားရှင်အား ရည်မှန်း ကပ်လှူပြီးလျှင် ညောင်ပင်အိုကြီးရှိ ရက္ခစိုးကွန်းစင်မှာ စားပွဲလေးတစ်ပွဲ တိဆက်ကပ်လှူဒါန်းသည်မှာ နေ့စဉ်နံနက်တိုင်းဖြစ်သည်။ ဒီအလုပ် များကို အမေသည် နေ့စဉ်ဝတ္တရားမပျက် လုပ်လေ့ရှိ၏။

ဆိုရလျှင် အဖေ့စက်ဘီးပြင်ဆိုင်သည် မြို့တွင်းရှိ အခြားသော စက်ဘီးပြင်ဆိုင်များထက် ပို၍အလုပ်အပ်သူများခဲ့၏။ နေထွက်မှ မိုးချုပ် ကျွန်တော်တို့သားအဖ လက်မလည်အောင် လုပ်ရ၏။ သို့ဖြစ်၍ ကျွန်တော် တို့ မိသားစုအတွက် လုံလောက်သောဝင်ငွေကို နေ့စဉ်ရရှိခဲ့၏။

တိုတိုပြောရလျှင် အဖေသည် အသက်အရွယ်ကြီး၍ အိုမင်း မစွမ်း နာမကျန်းဖြစ်လာသောအခါ အလုပ်မှနားခဲ့၏။ စက်ဘီးပြင်ဆိုင် ကို ကျွန်တော်နှင့် ညီလေးတို့က ဦးစီးလုပ်ကိုင်ရတော့၏။ အဖေကား အိမ်မှာပဲ ဆေးကု၍ လှဲနေရသည်ကများ၏။ အဖေ့ရောဂါသည် နှစ်ပေါင်း များစွာ တကုန်းကုန်း တကုပ်ကုပ် လုပ်ခဲ့ရသည့်ဒဏ် သက်ကြီးနာ ဖြစ်လေသည်။

အဖေ ဤလုပ်ငန်းရှိရာသို့ မလာရောက်နိုင်၍ ကျွန်တော်တို့ ဦးစီးရသောအခါ အဖေက တစ်နေ့စကားဆန်းတစ်ခု ကျွန်တော့်အား ပြောခဲ့သည်။

"လူကလေး၊ ဒီနေရာမှာ မင်းအလုပ်ကို ဦးစီးလုပ်ကိုင်ရင် ပထမဦးဆုံး လုပ်ကိုင်ရမယ့်အလုပ်က ညောင်ပင်အောက်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်ပါ။ ညောင်ပင်ရက္ခစိုးကြီးအတွက် နေ့စဉ် ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီးတစ်တိုင် အမွှေးနံ့သာ ပူဇော်လှူဒါန်းပါနော် သား"

"ဘာဖြစ်လို့လဲ အဖေ"

"ဒီလို ကုသိုလ်ကောင်းမှု ကုသိုလ်ဒါနကို မင်းတို့ အဘိုး



www.burmeseclassic.com

www.burmeseclassic.com



လက်ထက် ကတည်းက နေ့စဉ်လုပ်ခဲ့တာ။ အဖေ့လက်ထက် အဲ့ထိ ဘာလို့လဲဆိုတော့ ဒီညောင်ပင်မှာ ထူးခြားဆန်းကြယ်တဲ့ ညောင်စောင့်ရုက္ခစိုး ရှိနေလို့ပဲ''

''အဖေ မြင်ရလို့လား''

''အဖေတို့ကို မကြာခဏ အိပ်မက်ပေးလေ့ရှိတယ် သားရဲ့''

''ကျွန်တော်တော့ တစ်ခါမှ မမြင်မက်ဖူးပါဘူး အဖေ''

''အေး . . . မင်းတို့ ငါတို့ကို သူကကိုယ်ထင်တော့ မပြဘူး ပေါ့သားရယ်။ ဒါပေမဲ့ မင်း အဘိုးလက်ထက်မှသည် ငါ့လက်ထက် တိုင် မကြာခဏ အိပ်မက်လေးလေ့ ရှိတယ်ကွယ့်''

''ဘယ်လိုပေးတာလဲ အဖေ''

''မင်းတို့ အဘိုးရော၊ အဖေကရော သူ့ကိုရည်မှန်းပြီး နေ့စဉ် ညစဉ် ကုသိုလ်ဒါနပြုတော့ အိပ်မက်ထဲမှာပြောတယ်။ မင်းတို့ကို ငါစောင့်ရှောက်ပါမယ်တဲ့။ ဒါနသီလမပြတ်ကြ၊ မေတ္တာဘာဝနာရှိကြ၊ ကိုယ် ကျင့်တရားကို ထိန်းသိမ်းကြတဲ့။

အဲဒီအချိန်ကစပြီး ဒီမြို့ပေါ်မှာ အဖေတို့ မင်းတို့အဘိုးထက် တော်တဲ့ စက်ဘီးပြင်ဆိုင်များ ရှိနေကြသည့်တိုင် စက်ဘီး၊ ဆိုက်ကား ပြင်ချင်သူတွေက တို့ဆိုင်ပဲ လာအပ်ကျလွန်းလို့ စီးပွားရေး အဆင် ပြေခဲ့ရတယ်။

ရုက္ခစိုးကြီးကို ကိုယ်တိုင်မမြင်ရသည့်တိုင် အလှူဒါနပြုပါ၊ မေတ္တာပို့ပါ၊ ကောင်းမှုကုသိုလ်များကို နေ့စဉ်အမျှဝေပါ။ ငါ့သားများ ကို သူစောင့်ရှောက်ပါလိမ့်မယ်။ ဘာမျှ အပန်းကြီးတာ မဟုတ်ဘူး။ ရှိခိုးနေရတာ မဟုတ်ဘူး။ ကုသိုလ်ပြုနေရတာ။

ညောင်ပင်ကြီးများမှာ ရုက္ခမူစောင့် ပုဂ္ဂိုလ်ဆိုတာရှိတယ်။





ကျွန်းသစ်ထဲမှာ ကြားဖူးဖတ်ဖူးတယ် မဟုတ်လား။ ရုက္ခစိုးဘုမ္မစိုးတဲ့။ ကိုယ်ကောင်းရင် သူကောင်းလိမ့်မယ်။ ကိုယ်ဆိုးရင်လည်း နေလို့ မရအောင် ပြုတတ်တယ်။ သတိထား၊ အဖေပြောတာ မမေ့နဲ့တဲ့''

❖❖❖❖❖❖❖

❑

အဖေမှာသည့်အတိုင်း ကျွန်တော်လည်း ဤအလုပ်ကို ဦးစီး လုပ်ကိုင် ရသည့်အချိန်မှစ၍ စက်ဘီးပြင်ဆိုင်ကို ရောက်သည်နှင့် (နဂို အဖေနှင့်လုပ်စဉ်က လုပ်နေကျအတိုင်း) ယခုလည်း စိတ်ပါလက်ပါ ညောင်ပင်အိုအောက်မှ အမှိုက်သရိုက် ညောင်ရွက်ကြွေများကို လှည်း ကျင်းသိမ်းဆည်းသည်။

ညောင်ပင်ရှိ ရုက္ခစိုးကွန်းစင်မှာ သောက်တော်ရေ၊ အမွှေးတိုင်၊ အောင်သပြေပန်း၊ မေမြို့ပန်း လှူသည်လဲသည်။ အမေ နံနက်စာ ထမင်းလာပို့လျှင် စားဦးစားဖျားများကို လှူဒါန်းသည်။ လပြည့် လကွယ်နေ့ရောက်တိုင်း သစ်သီးဝလံနှင့် နံ့သာရည်ကို ပန်းသပြေနှင့် ကွန်းစင်အား ပက်ဖျန်းလှူဒါန်းကာ မေတ္တာပို့သည်။

အမျှဝေသည်။ အဲဒီ ကုသိုလ်ဒါနကြောင့်လား၊ ကျွန်တော် တို့ ညီအစ်ကိုရဲ့ လုပ်ငန်းကျွမ်းကျင်သေသပ်မှုနှင့် ဆက်ဆံရေးကောင်း



www.burmeseclassic.com

www.burmeseclassic.com



မှန်မှုကြောင့်ပဲလားမသိ၊ ကျွန်တော်တို့ စက်ဘီးပြင်ဆိုင်လေးသည် စီးပွားရေး ပိုကောင်းလာသည်။ ညီမလေးများကို အချိန်တိုကာလ အတွင်း လက်စွပ်၊ နားကပ်များ လုပ်ပေးနိုင်ခဲ့သည်။ မိသားစုလည်း ပျော်ရွှင်ကြည်နူးကြရသည်။ ထိုသို့ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးအောင်မြင် တိုးတက်နေချိန်၌ ကျေးဇူးရှင်အဖေမရှိတော့။ ကွယ်လွန်သွားခဲ့ပြီ။

တစ်နေ့သောအခါ ကျွန်တော်တို့ စက်ဘီးပြင်ဆိုင်ရှိရာ ညောင်ပင်အိုအောက်သို့ 'ကိုကျိုးစား' ဆိုသူ ကွမ်းယာဆိုင်လာဖွင့်သည်။ သူက ပိုက်ဆံလည်းရှိ၍ လူပါဝင်ထိုင်လို့ရသည့် သွပ်မိုးနှင့် အောက်ခံ လှည်းဘီးပါသော သစ်သားကွမ်းယာဆိုင်ကို ဖွင့်သည်။ ဆေးလိပ်၊ စီးကရက်မျိုးစုံ၊ အိမ်သုံးဆေးဝါးနှင့် စားသောက်ဖွယ် ချိုချဉ်သစ်သီးများ ပါမကျန် ရောင်းသည်။

ခက်သည်ကား ကိုကျိုးစားသည် ပစ်စလက်ခတ်နှင့် စည်းမဲ့ ကမ်းမဲ့ လူစားမျိုးထဲဖြစ်၏။ အရက်လည်းသောက်၏။ အပေါင်းအသင်း လည်းများ၏။ စုံ၏။ မကြာခဏဆိုသလို သူ့ကွမ်းယာဆိုင်ပေါ်မှာ သူငယ် ချင်းနှင့် အရက်ဝိုင်းဖွဲ့ပြီး အယုတ္တ အနတ္တစကားများ၊ ညစ်ညမ်းသော အပြုအမူများကို ဘေးလူနားမခံသာအောင် ပြောဆိုအော်ဟစ်လေ့ရှိ၏။ တစ်ခါတစ်ရံ သူ့အပေါင်းအသင်းများက ကွမ်းယာဆိုင်အောက်က ခုံတန်း ရှည်မှာထိုင်ရင်း လမ်းသွားလမ်းလာ မိန်းမပျိုလေးများကို မူးမူးယစ်ယစ် နှင့် ရီသဲ့သဲ့လှောင်လေ့ရှိ၏။

ပိုဆိုးသည်ကား ကိုကျိုးစားသည် သူ့မိန်းမ မခင်သန့်စင် လာပို့သည့် ထမင်းကိုစားပြီးတိုင်း စားကြွင်းစားကျန်များကို အမှိုက်ပုံး ထဲသို့ စွန့်မပစ်ဘဲ ညောင်ပင်ကြီးရှိရာဘက်သို့ လက်ဆေးရေများနှင့် ရော၍ပက်လေ့ရှိ၏။





ကျွန်တော်တို့ ညီအစ်ကိုက မနေသာ၍ ဤအပြုအမူများ မသင့်လျော်ကြောင်း အကြံပြုလျှင် သူက စပ်ဖြဲဖြဲမျက်နှာနှင့် . . .

"ညောင်ပင်ရှိရာ ပက်တော့ ဘာဖြစ်လို့လဲ ကိုမှိုင်းရ"

"အဲဒီညောင်ပင်မှာ ရုက္ခစိုးရှိတယ် ကိုကျိုးစားရဲ့"

"ဟား . . . ဟား . . . ဟား . . . ဟား . . . အံ့ပါ့ ကိုမှိုင်းရာ၊ သိပ္ပံခေတ်ကြီးမှာ ခင်ဗျားက ပရဝိညာဉ်တို့၊ တစ္ဆေသရဲတို့၊ ရုက္ခစိုး တို့များ အယုံအကြည်ရှိနေသကိုးဗျ။ ကဲဗျာ . . . ဒီညောင်ပင်မှာ ခင်ဗျား ပြောသလို ရုက္ခစိုးရှိရင် ရှိကြောင်းကျုပ်ကို သက်သေပြဗျာ"

သူက သို့ကလို ရီသဲ့သဲ့ပြောင်စပ်စပ် ခပ်လှောင်လှောင်နှင့် မေးလိုက်တော့ ကျွန်တော်ဘာမျှ ပြန်မပြောနိုင်ခဲ့။

"ဒါတွေကို မယုံစမ်းပါနဲ့ဗျာ။ ညောင်ပင်ဟာ ညောင်ပင်ပဲ။ ငှက်တွေ ချေးယိုမယ်။ အမှိုက်ပုံမယ်။ အညစ်အကြေး စွန့်ပစ်ပစ္စည်း ပုံမယ်။ ညောင်ပင်သေရင် ထင်းဖြစ်မယ်။ ဟုတ်တယ် မဟုတ်လား။ ဟား . . . ဟား . . . ဟား . . . ဟား"

သူကပြောရင်း သဘောကျ၍ ရယ်၏။ ရယ်ရင်းမှ ဝါးနေသည့် ကွမ်းတံတွေးများကို တမင်ညောင်ပင်ခြေရင်းသွားပြီး ဗျစ်ခနဲထွေးပြ လိုက်သေး၏။ သူ့သူငယ်ချင်း ငမူးများကလည်း ကျွန်တော်တို့ကို ရွဲ့ ကာ၊ သည့်နောက်ပိုင်း အညစ်အကြေးများပင် စွန့်လိုက်ကြသေး၏။

အဆိုးဆုံးက ကိုကျိုးစားပဲဖြစ်သည်။

ကျွန်တော်တို့ ညီအစ်ကိုက နေ့စဉ်နံနက်တိုင်း သန့်ရှင်းရေး လုပ်၊ ပန်း၊ ရေချမ်း၊ ဆွမ်း၊ အမွှေးတိုင်များ ပူဇော်လှူဒါန်းရောက် တစ်နေ့တခြား အကျိုးစီးပွား ဖွံ့ဖြိုးလာသည်ကို သူကသိပုံမရ။ မနာလို၍ သူ့ဆိုင်လည်း အသင့်အတင့်တော့ ရောင်းရသည်။ ဒါပေမဲ့ လူကောင်း



www.burmeseclassic.com

www.burmeseclassic.com



သူကောင်းများထက် သူ့လိုလူစားများကသာ အားပေးကြသည်။

ကျွန်တော်တို့လုပ်ငန်းလေး အဆင်ပြေဖွံ့ဖြိုးပြီး ကြီးပွားလာတော့ သူက ဘာလုပ်တယ်မှတ်လို့လဲ။ ကျွန်တော်တို့ အလေးအနက်ပြပြီး ကုသိုလ်ဒါနပြုနေသည့်ညောင်ပင် နေ့စဉ် မွှေးမွှေးရှူးရှူး စော်ကားမော်ကား သေးကျောပန်းလေရဲ့။

ဒီလို ယုတ်ညံ့ရိုင်းစိုင်းသည့် အပြုအမူကို ကျွန်တော်တို့ မကြိုက်ပေမင့် ဤညောင်ပင်ကြီးသည် ကျွန်တော်တို့အပိုင်မဟုတ်။ သူ ဘာပဲလုပ်လုပ် ဝင်ရောက်တားမြစ် ပြောပိုင်ခွင့် လုံးဝမရှိ။

တစ်နေ့ ကိုကျီးစားနှင့် သူ့သူငယ်ချင်းနှစ်ဦး ဆိုင်ပေါ်မှာ အရက်သောက်နေစဉ် ဝုန်းခနဲ အသံကြားလို့ ကျွန်တော်တို့ စက်ဘီး ပြင်နေရာမှ လှည့်ကြည့်လိုက်တော့ ကိုကျီးစား ကွမ်းယာဆိုင်တစ်ခြမ်း စောင်းသွားပြီး ပစ္စည်းထည့်သည့် ဖန်ပုလင်းအချို့လည်း မှောက်ကျကွဲကုန်သလို ထုံးအိုးနှင့် ကွမ်းဗန်းမှာလည်း ပြုလဲကုန်ကြသည်။

ဒါကို ကိုကျီးစားက တစ်စုံတစ်ယောက်က တစ်ခုခုနှင့် ပစ်လို့၊ သို့မဟုတ် တွန်းလိုက်လို့ဖြစ်တာဆိုပြီး ဆိုင်ပေါ်မှဆင်းလာ၍ ကလော် တုတ်တော့သည်။ သူ့လက်ထဲမှာလည်း နှစ်တစ်လက်မ သစ်သားတုတ် ကြီးကို ဒေါနှင့်မောနှင့်ကိုင်လို့။

''ဟေ့ . . . ကိုမှိုင်း ဒါ ဘယ်သူလုပ်လိုက်တာလဲဗျ ဟင်။ ဒီမှာကြည့်စမ်း ပုလင်းတွေ ကျကွဲကုန်ပြီ ကွမ်းဗန်းလည်း ရစရာမရှိတော့ဘူး။ ဒါ ဘယ်သူလုပ်တာလဲ ပြော''

''မသိဘူး ကိုကျီးစား။ ကျွန်တော်တို့လည်း ကိုယ့်အလုပ် ကိုယ် လုပ်နေကြတာဗျ။ မယုံရင် ဒီကလူတွေသာ မေးကြည့်တော့''

''မသိဘူးဆိုတာ ဖြစ်နိုင်ပါ့မလားဗျ။ ဒီနားမှာ ခင်ဗျားတို့





လည်း ရှိတာဥစ္စာ။ ဒါ လက်နဲ့တွန်း၊ ခြေနဲ့ကန်လို့ ဖြစ်ကိုဖြစ်ရမယ်။ ခင်ဗျားတို့အုပ်စုထဲက ဘယ်သူလုပ်သလဲပြော၊ မပြောရင်တော့ တွေ့လား . . .''

ဒါနဲ့ တစ်ယောက်နဲ့တစ်ယောက် ခွန်းကြီးခွန်းငယ် စကားများချင်လာကြရော။ ကျွန်တော်တို့ဘက်က စက်ဘီးလာပြင်သူတွေကလည်း ကျွန်တော်တို့ဘက်က ရပ်တည်ပြီး သက်သေခံကြတော့ နောက်ဆုံး လက်သည်မပေါ်တဲ့ ဇာတ်လမ်းမှာ ဒေါသတကြီး ဆဲရေး တိုင်းထွာပြီး ကြမ်းနေပါလေရောခင်ဗျား။

''မတွေ့သေးရင်တော့ နေနှင့်ဦးပေါ့ကွာ။ ကျီးစားတဲ့ကွ။ လူသတ်ဖို့ ဝန်မလေးဘူး။ အချုပ်ထဲ ထောင်ထဲကလည်း ပြန်လာဖူးတဲ့ကောင်ကွ။ သတ္တိရှိရင် မိုက်ရင် ခိုးကြောင်ခိုးဝှက် မလုပ်နဲ့၊ ပြောင်လာ လုပ်လှည့်။ ထွီ . . . မသားတွေ အားလုံး . . . ပဲကွ . . . တဲ့''

✤✤✤✤✤✤✤

www.burmeseclassic.com

www.burmeseclassic.com

❑.

တစ်ညမှာတော့ ကျွန်တော် ထူးဆန်းသည့် အိပ်မက်တစ်ခုကို မြင်မက်ခဲ့ရတယ်။ အချိန်က နံနက်မိုးသောက် လင်းခါနီးလေးဗျ။ အိပ်မက်ထဲမှာ ပိတ်ဖြူစင်ကြယ်ဝတ်ပြီး ယောဂီခေါင်းပေါင်း ပေါင်းထားသည့် အဘိုးအိုတစ်ဦးရယ်။

နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးကလည်း ဖြူဖွေးပြီး ရင်ဘတ်ပေါ် ဖားလျားကျလို့။ မျက်ခုံးမွေးကလည်း ဖြူဖွေးလို့။ အသက် ၉၀ ကျော်ခန့်ရှိမယ် ထင်ပါရဲ့။ မျက်လုံးအစုံက ကြည်လင် ဝင်းလက်တောက်ပနေတယ်။ လက်ထဲမှာလည်း တောင်ဝှေးကြီး တစ်ချောင်း ထောက်လို့။ သူဟာ ကျွန်တော်တို့အိမ်ခြံထဲကို ဝင်လာခဲ့ပြီး . . .

''လူကလေး . . . မောင်မှိုင်းမဟုတ်လား''

''ခင်ဗျာ . . . ဟုတ် . . . ဟုတ်ပါတယ် အဘိုး။ ဘာကိစ္စများရှိလို့လဲ ခင်ဗျာ။ အိမ်ပေါ်ကိုကြွပါ အဘိုးခင်ဗျ''

''အဘိုး . . . လူကလေးကို ပြောစရာရှိလို့ လာခဲ့တာ''

''ဟုတ်ကဲ့အဘိုး . . . ဘာများပြောစရာ ရှိလို့ပါလဲခင်ဗျာ''

''ဒီလိုကွယ့် . . . လူကလေးရဲ့၊ သန်ဘက်ခါ လကွယ်နေ့ နေ့ခင်းမွန်းတည့်အချိန်ရောက်ရင် လူကလေးတို့အားလုံး ညောင်ပင်အိုကြီး





အောက်မှာ လုံးဝမနေကြပါနဲ့''

''ခင်ဗျာ . . . ဘာ . . . ဘာကြောင့်ပါလဲ အဘိုး''

''အဲဒီနေ့ကျရင် အဲဒီညောင်ပင်အိုကြီး ထက်ပိုင်းကျိုးပြီး လဲကျလိမ့်မယ်''

''ခင်ဗျာ''

အဘိုးအိုရဲ့ ထူးဆန်းသော စကားကြောင့် ကျွန်တော် အံ့လည်းအံ့သြ၊ ရင်ထဲမှာလည်း စိုးရိမ်စိတ်နဲ့ ထိတ်ခနဲ ဖြစ်သွားခဲ့ရတယ်။

''ဟုတ်နိုင်ပါ့မလား အဘိုးရယ်''

''အဘိုးပြောတာ လက်ခံပါ လူကလေး။ လူကလေးက သူတော်ကောင်းလို နေထိုင်သူမို့ အဘိုးကလာပြီး ကြိုတင်အသိပေးတာ။ လူကလေးတို့အားလုံး အဲဒီအောက်မှာ မနေကြပါနဲ့။ ကျန်တဲ့လူ အားလုံးလည်း ပြောလိုက်ဦး၊ အဘိုးသွားမယ်''

အဘိုးအိုက သို့ကလိုပြောဆိုပြီး ခြံထဲက ထွက်မလိုအလုပ်–

''အဘိုး . . . အဘိုး''

''ဘာတုံး . . . လူကလေး''

''အဘိုးက ဘယ်သူတုံး၊ ဘယ်ကတုံး။ နာမည်ကရော ဘယ်လိုခေါ်ပါသလဲခင်ဗျ''

''အဘိုး ဘယ်သူလဲ၊ ဘယ်ကလဲ မသိချင်နဲ့ လူကလေး။ လူကလေးတို့က ကုသိုလ်ဒါန သီလဖြူစင်သူများမို့ အဘိုးက စေတနာနဲ့လာပြောတာ။ ကိုင်း . . . သွားမယ်ကွယ့်''

အဲဒီလို ပြောဆိုပြီး ခြံထဲကလှည့်ထွက်လို့ သွားပါလေရောခါနဲ့ ကျွန်တော်ကလည်း ထူးဆန်းသောစကားများ ပြောကြားသွားသည့် အဘိုးအို ဘယ်များသွားသလဲ သိချင်တာနဲ့ နောက်ကနေ လိုက်အ



www.burmeseclassic.com

www.burmeseclassic.com



ကြည့် မျက်စိရှေ့မှောက်မှာပင် သူ့ခန္ဓာကိုယ်ဟာ ဝေါဝါးမှုန်ဝါးသွားပြီး အခိုးအငွေ့အဖြစ်နဲ့ ပျောက်ကွယ်ပျံ့လွင့်သွားတာကို နောက်ဆုံးမြင်လိုက်ရပြီး ကျွန်တော် အိပ်မက်ကလည်း နိုးခဲ့တယ်။

အိပ်မက်ကလည်း နိုးသည့်အချိန်မှာပဲ ကျွန်တော့်အိပ်ရာဝန်းကျင်ဟာ ထူးဆန်းသော ရနံ့တစ်မျိုးရဲ့ အနံ့ကိုရနေတယ်။ ပန်းနံ့လား။ အမွှေးနံ့ ဘာရနံ့လား ဝေခွဲလို့မရဘူး။ သည့်နောက် တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ဖူးသည့် ထူးဆန်းသော ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးအိုရဲ့ အိပ်မက်ထဲ သတိပေးစကားကို ပြန်လည်ကြားယောင်စဉ်းစားရင်း ရင်ထဲမှာ အုံ့ညြလို့နေခဲ့ရလေရဲ့။

✣ ✣ ✣ ✣ ✣ ✣ ✣

❑

နက်ဖြန်ခါဆိုရင် အိပ်မက်ထဲက ထူးဆန်းသော အဘိုးအိုကြိုတင်သတိပေးသွားတဲ့ လကွယ်နေ့ပဲ။ ဒီနေ့က ၁၄ အကြိုနေ့။ ထုံးစံအတိုင်း ကျွန်တော် နေ့စဉ်ဝတ်ပြုနေကျ ညောင်ပင်အိုကြီးမှာ





ပန်းသစ်လဲ၊ ရေချမ်းလဲ၊ အမွှေးတိုင်ထွန်း အမွှေးနံ့သာများ ပက်ဖျန်းပြီး သတ္တဝါများအားလုံး အန္တရာယ်ခပ်သိမ်းမှ ကင်းဝေးကြစေဖို့ ဆုတောင်းပြီး မေတ္တာပို့လိုက်တယ်။

ဒီနေ့တော့ ညောင်ပင်အိုကြီးကို သေသေချာချာ အမှတ်တရပါပဲ။ ဂရုစိုက်ပြီး ကြည့်လိုက်တော့ ဟုတ်တာပေါ့။ ညောင်ကိုင်းအတော်များများဟာ အရွက်မဲ့ပြီး ခြောက်သယောင်းယောင်း ဖြစ်လို့။

ညောင်ပင်ရဲ့ ပင်စည်ကလည်း သက်တမ်းရင့်လွန်းလို့ အက်ကြောင်းများ၊ ဂလိုင်ပေါက်များ ဖြစ်နေသလို ခြောက်သွေ့နေပြီး လန်နေတဲ့ သစ်ခေါက်သစ်ဖွေး၊ သစ်ဆွေးခြအိမ်များနဲ့ ဇရာလောကဓံရဲ့ လက္ခဏာကို ပြနေမှန်းသိလိုက်ရတယ်။ အပေါ်ကိုင်း သုံးလေးကိုင်းမှာတော့ အရွက်တွေလည်း ဝါရော်စပြုလို့။

ဒါနဲ့ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ နက်ဖြန်တော့ အလုပ်တစ်ရက် နားမယ်ဆိုပြီး ကိုယ့်ဖောက်သည်များကို နက်ဖြန်လကွယ်နေ့ အလုပ်တစ်ရက်နားမယ်လို့ ပြောလိုက်ရတယ်။

"ဘာဖြစ်လို့ နားရတာလဲဗျာ။ ဘာလဲ ကိုမှိုင်းက ရည်းစားနဲ့ ချိန်းထားလို့လား၊ အဟပ် . . ."

"ဟား . . . ဟား . . . ဟား . . . ဟား ရည်းစားလည်း မူးလို့ရှူစရာမရှိပါဘူးဗျာ။ နက်ဖြန် လကွယ်နေ့မှာ အဖေ့အတွက် ရည်မှန်းပြီး ဘုန်းကြီးဆွမ်းကပ်မလို့ပါ"

"ဒါဆိုလည်း ကျုပ်တို့ပါ ဖိတ်လေဗျာ"

"အနည်းအကျဉ်းပါဗျာ၊ ကိုလှမြင့်ဦးရာ။ လာချင်လာခဲ့ပါ

ဒါနဲ့ တစ်နေကုန်လာသမျှလူကို နက်ဖြန် အလုပ်တစ်ရက်နားမည့်အကြောင်းပြောလိုက်ပြီး ဟိုလူ ကိုကျီးစားကိုလည်း ပြောရမည်ရ



www.burmeseclassic.com

www.burmeseclassic.com



ပြောမှကောင်းမယ်လို့ တွေးလိုက်တယ်။

ကိုကျိုးစားက ခုတလော ကျွန်တော်တို့ ညီအစ်ကိုအပေါ် သိပ်အမြင်မကြည်လင်ဘူး ခင်ဗျ။ ဟုတ်တိပတ်တိကို စကားမပြောဘူး။ ကျွန်တော်တို့က ညောင်ပင်ရုက္ခစိုးကြီး ရှိတယ်လို့ မှတ်ယူပြီး ကုသိုလ်ကောင်းမှု နေ့စဉ်ပြုနေတာကိုလည်း သူက မျက်စိစပါးမွေးစူးနေတဲ့လူ။

သို့သော် အိပ်မက်ထဲက အဘိုးပြောသွားသည့်အတိုင်း၊ အခြားလူများကိုလည်း သတိပေးလိုက်ပါဆိုသည့်အတိုင်း နီးရာနေရာလူများကို နက်ဖြန်နေ့ခင်း ညောင်ပင်အိုကြီးအောက် သိပ်အသွားအလာ မလုပ်ကြဖို့ သတိပေးလိုက်တော့ ကြားရသည့်လူအများက ကျွန်တော့်ကို အရူးလိုဝိုင်းကြည့်ပြီး ဘာဖြစ်လို့လဲလို့ မေးကြတယ်။

ဒါနဲ့ ကိုကျိုးစားလည်း ပြောမှသင့်မယ်လို့ ယူဆပြီး . . .

"ကိုကျိုးစား"

"ဘာလဲ"

ကိုကျိုးစားက ဘုဂလန့်သံနှင့် ကျွန်တော့်ကို ကြည့်ပြီး ပြန်မေးလိုက်တယ်။

"ခင်ဗျားကို ပြောစရာရှိလို့ဗျ"

"မင်းက ဘာကိစ္စနဲ့ ငါ့ကိုပြောချင်စရာ ရှိနေတာလဲ။ ဘာမကျေနပ်လို့လဲ"

"အားလုံး ကျေနပ်ပါတယ်။ ဒီလိုဗျာ တစ်နေ့ညက ကျွန်တော် အိပ်မက်ဆန်းတစ်ခု မက်တယ်ဗျာ"

သည့်နောက် ကျွန်တော့်အိပ်မက်အကြောင်း အကျဉ်းချုပ် ပြောပြလိုက်တယ်။

"ကျွန်တော်တော့ နက်ဖြန် အလုပ်တစ်ရက်နားမယ်ဗျာ။





ခင်ဗျားလည်း ဟုတ်သော်ရှိ မဟုတ်သော်ရှိ၊ ယုံသော်ရှိ မယုံသော်ရှိ ကြိုအသိ လာပေးတာပါ"

"သွားစမ်းကွာ၊ အရူးစကား လာမပြောနဲ့၊ သွား . . . . . သွား . . . သွား။ ဒါတွေ ငါလုံးဝ အယုံအကြည်မရှိဘူး။ အရူးအနှမ်း အိပ် မက်များ ရေးကြီးခွင်ကျယ်လုပ်လို့ သွား . . . သွား"

ဝတ္တရားရှိသည့်အတိုင်း ပြောပြီး ကိုယ့်အလုပ်ဘက် ပြန်လာခဲ့ပါတယ်။

✤ ✤ ✤ ✤ ✤ ✤ ✤

❑

လာကွယ်နေ့က ကျွန်တော်တို့ အလုပ်တစ်ရက်နားတယ်။ အဖေ့အတွက် ဘုန်းကြီးတစ်ပါးပင့်၊ သက်နိုးနဲ့ ဝတ္ထုငွေအပါအဝင် မနက်ဆွမ်းဆက်ကပ်လို့ ရည်မှန်းအမျှဝေတယ်။ ပြီးတော့ ၃၁ ဘုံသားများနဲ့ အဘိုးရုက္ခစိုးကြီး၊ ယမမင်းကြီးကိုလည်း မေတ္တာပို့အမျှဝေလိုက်တယ်။

ဘုန်းတော်ကြီး ပြန်ကြွသွားပြီး ရှိနေတဲ့ အိမ်နီးနားချင်းများနဲ့ ထမင်းကျွေးနေတုန်းမှာပဲ ဆိုက်ကားသမား မောင်ဂျိုးကြီး ရေးကြီးသုတ်ပျာ ရောက်လာပါလေရော။

"ဗျို့ . . . ကိုမှိုင်း . . . ကိုမှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဂျိုးကြီးပါလား။ လာဟော့ တစ်ခါတည်း ဝင်စားကွာ"

"ကိုမှိုင်းကို အံ့သြစရာ သတင်းတစ်ခု ပြောစရာရှိလို့ လာခဲ့တာဗျ"

"ဘာများလဲ ဂျိုးရ လုပ်ပါဦး။ ညီမလေးရေ ဂျိုးအတွက်ပါ လုပ်ပါဟော့"

"ဒီလိုဗျ၊ ခင်ဗျားစက်ဘီးပြင်ဆိုင်အနောက်က ညောင်ပင်အိုကြီးလေ၊ စောစောကပဲ ရုတ်တရက် ထက်ပိုင်းကျိုးကျသွားလို့ဗျ"

"ဟင် . . . ညောင်ပင်အိုကြီး ကျိုးကျသွားလို့၊ ဘုရား . . . ဘုရား ဘယ်လိုဖြစ်ကုန်ကြတာလဲကွာ။ ပြောပါဦး ဂျိုးရဲ"

"ပထမတော့ ဝေါခနဲ အသံကြီး ကြားရတာပဲဗျ။ အသံလည်း ကြားပြီးရော ခါးလယ်ကကျိုးပြီး ဝုန်းခနဲပြုတ်ကျသွားပါလေရော"

"ဘုရား . . . ဘုရား . . . ဒါ . . . ဒါဆို ဘယ်သူများ . . . ထိခိုက်သွားသေးလဲ ဂျိုးရာ၊ ဟင် . . . ဟင်"

"ဟိုလူဗျာ . . . ကွမ်းယာဆိုင်က အရက်သမား ကိုကျိုးစား သူ့သူငယ်ချင်း အရက်သမားနှစ်ယောက်ဆိုင်ကို သစ်ကိုင်းပိလို့ ဆေး အမြန်ပို့လိုက်ရတယ်။ အခြေအနေ အတော်ဆိုးတယ်။

"ဒီကောင်တွေက အဲဒီအချိန်က ကွမ်းယာဆိုင်ထဲမှာ အရက် သောက်နေကြတာရယ်။ ခင်ဗျားတို့ ကံကောင်းတယ်ဗျာ။ ကျုပ်တို့လည်း ခင်ဗျားကြိုပြောတာကို မယုံတယုံနဲ့ ရှောင်နေလိုက်လို့ဗျ။ နို့မို့ ကျုပ်လည်း ခုလောက်ဆို သေကောင်ပေါင်းလဲ ဖြစ်နေမှာ"

ကြားလိုက်ရသည့် သတင်းကြောင့် ကျွန်တော်တို့အား အံ့သြအံ့အားသင့် ထိတ်လန့်တုန်လှုပ်သွားခဲ့ရတယ်။

အိပ်မက် . . .





ထူးဆန်းသော အိပ်မက်။ တိုက်ဆိုင်လိုက်ပါဘိ။

အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်နှင့် ထူးဆန်းသော အဘိုးအိုရဲ့ ကြိုတင်သတိပေး ပြောစကားသည် အံ့သြဆန်းကြယ်လှချေကလား။ အိပ်မက်ထဲမှာ လာပြောသည့်အဘိုးသည် မဟုတ်မှလွဲရော၊ ကျွန်တော့ ညောင်ပင်အိုကြီးကို စောင့်နေသည့် မှီခိုနေသည့် ရက္ခစိုးအဘိုးများ ဖြစ်လေမလား။

ကျွန်တော် ထူးဆန်းသောအဘိုးရဲ့ အိပ်မက်သတိပေးချက်ကို ကိုကျိုးစားအား စေတနာမေတ္တာ အရင်းခံနှင့် ကြိုပြော၍ ရှောင်ရှားရန် သတိပေးခဲ့သည်။ ကိုကျိုးစားက လက်မခံ၍ ဥပေက္ခာပြုပြီး ထင်ရာ စိုင်းခဲ့သည်။

ခုတော့ ကိုကျိုးစား ဒုက္ခရောက်ခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် ကိုကျိုးစား ကျန်းမာချမ်းသာပါစေ။ အသက် အန္တရာယ်ဘေးမှ ကင်းဝေးပါစေ။ သူ့မှာ မှီခိုသူများ ရှိနေသေးသည်။

အဘိုးရက္ခစိုးကြီးခင်ဗျာ . . .

ဤမလိမ်မိုး မလိမ္မာ လူမိုက်အား တစ်ကြိမ်တစ်ခါ သည်းခံ ခွင့်လွှတ်၍ စောင့်ရှောက်ကယ်မတော်မူပါ အဘိုးခင်ဗျား။

(မှတ်ချက် ။ ။ ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခုကို အခြေခံ၍ ရေးဖွဲ့ပါသည်။)

✦ ✦ ✦ ✦ ✦ ✦ ✦

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အာချောင်သူတို့ဒုက္ခ

(၁)

တစ်နေ့သောအခါ ကိုဆာမိ၊ ကိုအာလူးနှင့် ဒေါ်ကြမ်းခင်း တို့သုံးဦး ကျွန်တော့်အိမ်ရှိရာသို့ နေ့ခင်းဘက် ရောက်ချလာကြသည်။

"ဟော . . . ကိုအာလူးပါလား။ ဘာလဲ မိန်းမခိုးလာတာ လားဗျ"

"အေးကွ . . . ညှိုမှိုင်းရေ"

"ဟွန်း . . . ဒီမသာရုပ်ကိုလား။ တစ်နေကုန်ထိုင်ကြည့်ရ





ကြက်ခြေထောက် အစိတ်သားလောက် တန်ဖိုးမရှိတဲ့ရုပ်ကိုများ . . ဖွီး"

"ဟား . . . ဟား . . . ဟား . . . အဲဒီလို ချစ်တာကွ မောင်မှိုင်းရ"

"အာကျို့ညွှတ်မိုင်းရ"

"ဘာတုံးဟ . . . ဆာမိရ"

"ကိုအာလူးနဲ့ မကြမ်းခင်းနော်"

"အေး . . . လုပ်ပါဦးဟ"

"ရွှေ့သွားနောက်လိုက် အလွန်ညီတာကိုး ကွတ်ညွှတ်မိုင်းရ"

"ဟုတ်ပကွာ . . . လာကြဟေ့။ အဟတ် . . . ဟား . . . ဟား . . . ဟား"

ဆိုကြသည့်အတိုင်း ရှေ့ဆုံးက ကိုအာလူးကို မိန်းမခိုးလာတာလားဟု ကျွန်တော်က လှမ်းမေးလိုက်သောအခါ မကြမ်းခင်းက ဒီမသာရုပ်ကိုလားဟု အစချီပြီး ကိုအာလူး၏တန်ဖိုးကို ဈေးတွက်တွက်ပြသည်။

ဒီမှာ ဆာမိဆိုသော ဆိတ်ကုလားက ရွှေ့သွားနောက်လိုက် အလွန်ညီတာကိုး ကွတ်ညွှတ်မိုင်း (ကိုညှိုမှိုင်း)ရဟု ရွှဲ့ပြောလိုက်ခြင်းပဲဖြစ်သည်။

သူတို့သည် နှယ်နှယ်ရရထဲက မဟုတ်။

ကိုအာလူးက ဝက်ပေါ်၍ရောင်း၏။

ဒေါ်ကြမ်းခင်းက ကြက်ဘဲပေါ်၍ရောင်း၏။

ကလယ်ကုလားဆာမိက ဆိတ်ပေါ်၍ရောင်း၏။

ကိုအာလူးက အရပ်ပု၍ ဝိုင်းဝိုင်းဖိုင့်ဖိုင့်ဖြစ်ပြီး မကြမ်းခင်းကား သစ်ကုလားအုတ်လို အရပ်ရှည်၏။ ဆာမိကား ပိန်ကိုင်းကိုင်း



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းရှည်ရှည်နှင့် ဖြစ်၏။

သူတို့ ကျွန်တော့်အိမ်ပေါ်သို့ ရောက်လာကြပြီး သူတို့ကိုယ်ပေါ်က ညှီစို့စို့ အော်ဂလီဆန်ချင်စရာ ရနံ့များက ကျွန်တော့်နှာခေါင်းကို စတင်၍ ဒုက္ခပေးကြပြီ။ သူတို့သုံးဦးသည် အမဲသတ်ရုံနှင့် သားသတ်ရုံတန်းတို့ရှိနေသည့် သားသတ်ရပ်ကွက်များတွင် စုပေါင်းနေထိုင် လုပ်ကိုင်စားသောက်ကြသူများ ဖြစ်သည်။

''ဆိုပါဦးဗျ၊ ခင်ဗျားတို့သုံးယောက် တစ်ပြိုင်တည်းလာလို့၊ ကျုပ်ကို ပြဿနာရှာကြမလို့လား ဟုတ်လား''

''မဟုတ်ပါဘူး စာရေးဆရာရာ။ အကြောင်းရှိလို့ပါ''

''ဘာအကြောင်းလဲ ပြော''

''ဒီလိုဗျ''

ဒီလိုဗျ အစချီပြီး ကိုအာလူးက စတင်၍ ပြောပြတော့သည်။ ခုတစ်လော သူတို့အကုသိုလ်တန်း အဲ . . . အဲ . . . သားသတ်ရပ်ကွက်ထဲမှာ ထူးဆန်းသော အဖြစ်အပျက်တစ်ခု ဖြစ်နေသည်။

ဖြစ်ပုံကား ကိုအာလူး ဝက်သားပေါ်နေစဉ် ဝက်သားအချို့ပျောက်သွားသည်။ အူစုံသည်းစုံ အတွဲများ လျော့နေသည်။

မကြွမ်းခင်းရဲ့ ကြက်သားဆိုင်မှာလည်း ကြက်အသည်းအမြစ်အပုံများ မရောင်းရသေးဘဲနှင့် မျက်စိအောက်မှာ သိသိသာသာကြီး ပျောက်ပျောက်နေ၏။

ကိုဆာမိ ဆိတ်သားသတ်ရုံမှာလည်း ဆိတ်ပေါ်ပြီး တုံးပိုင်းဖျက်တုန်းရှိသေး ဆိတ်သားများ ပျောက်ပျောက်သွား၏။

ဟိုတစ်နေ့က ခေါင်းတစ်ခေါင်းလုံး ပျောက်သွား၏။ အဲဒီလို အဖြစ်မျိုးက တစ်နေ့တည်းမဟုတ်။ နေ့စဉ်လိုလို ဖြစ်နေသည်။ တရားခံ





သူမှိုးလည်းမမိ။

တစ်ခါ ကိုဆာမိ၊ ကိုအာလူးနှင့် အမဲပေါ်သည့် စံသိန်းတို့အရက်ဆိုင်ထိုင်သောက်နေစဉ် အရက်ပုလင်းကို လာလုံချရိုက်ချသလိုအဖြစ်မျိုး နှစ်ကြိမ်သုံးကြိမ် ကြုံနေရသည်။

အရက်သောက်ပြီး ပြန်ကြလျှင် နောက်ကျောကနေ တစ်စုံတစ်ယောက်က ဆောင့်ဆွဲ၏။ တွန်းလှဲ၏။ သဲခဲများနှင့် ပေါက်၏။ နံဟောင်သော ရေများနှင့်ပက်၏။

''ခင်ဗျားတို့အချင်းချင်း ပြန်စနောက်ပြောင်တာနေမှာပေါ့''

''အဲဒီလိုမဟုတ်ဘူး ညိုမှိုင်းရ၊ တစ်ယောက်တည်း ပြန်လာရင် ပိုပြီးသိသာတာရယ်''

ကိုအာလူးက အတိအလင်းဆို၏။

''အရေးကြီးတာ အသားတွေ ပျောက်နေတဲ့ကိစ္စပဲ ကိုညိုမှိုင်းရဲ့''

ဒေါ်ကြွမ်းခင်းက ဒါကို အဓိကထား၍လည်း ပြောနေသည်။

''တစ္ဆေလို့လည်း ထင်တယ်။ သရဲလို့လည်း ထင်တယ်''

''ခွေးနဲ့အလစ်သမားရော ဝင်မဆွဲနိုင်ဘူးလားဗျ''

''ဟ . . . ညိုမှိုင်းရ၊ လူစောင့်ရှိတဲ့ကြားကကို တစ်ငုံလေးမျက်စိကွယ်တာနဲ့ ချက်ချင်းပျောက်သွားတာကွ''

''အဲဒါ ကျုပ်က စုံထောက်ဦးစံရှားကို ငှားပေးရမှာလား''

''ဒီလိုပါကွာ . . . မင်းရဲ့အဘ ဟိုလူကြီးကွာ''

''ဘယ်သူလဲ ဦးပွေးဆင့်လား၊ မောင်သွေးပင့်လား''

''ဟုတ်ဘူးလေကွာ . . . တိုက်ပုံဟာပြန့် ဆရာကြီး''

''ဪ . . . ဘတိုက်ပုံဦးရာကျော်ကို ပြောတာလားဗျ''



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . အေး . . . အဲဒီအဘဆရာကြီးကို ခေါ်လာမေးပြီး ကြည့်ရှုစစ်ဆေးကူညီပါ မောင်မှိုင်းရာ။ ဘာလို့လဲဆိုတော့ ငါတို့က အသားကို ညဦးပိုင်းမှာ အသင့်ပေါ်ထားပြီး မနက်မိုးလင်းမှ ရောင်းရတာတို့ကွ။ ခုဟာက ဆိုင်စေ့လိုလို အနီးခံနေရ၊ ပျောက်နေကြတော့ အမြတ်နည်းပြီး ခံရခက်နေလို့ပါ မောင်မှိုင်းရဲ"

"ဟုတ်ပါတယ် . . . ကွတ်ညွတ်မိုင်းရာ၊ ကိုယ့်လူရဲ့ ဆရာကြီးကိုသာ ခေါ်လောက်ခေါ်ပင့်ပြီး စစ်ဆေးပေးပါကွာ။ အားကိုးပါရစေတယ်ချင်းရာ"

ကုလားဆာမိကလည်း နားရှိနားပူလုပ်၍ ပြောနေသည်။

ဒီအုပ်စုနှင့် ကျွန်တော်သည် နှစ်ပေါင်းအတန်ကြာ တွဲခဲ့ဖူး၏။ သူတို့နှင့်အတူ ညနေမှာ အရက်သောက်ခဲ့ဖူး၏။ သူတို့ သားသတ်ရုံများမှာ မွှေးမွှေးနှင့်ဝင်၍ ကူညီလုပ်ကိုင်ဖူး၏။

ကျတ်ချိန်တန်တော့ ကျွန်တော် အရက်ပြတ်သွားခဲ့သည်။

အရက်မသောက်သော်လည်း သူတို့ဆီသို့ရောက်လျှင် အသားကောင်း လက်ဆောင်လေးများက ရနေစမြဲ။

ကျွန်တော် အရက်ပြတ်ရခြင်းကား . . .

လူထူးဆန်းဘာတိုက်ပုံ ဦးရာကျော်ကြောင့် ဖြစ်လေသည်။

အဘရဲ့ ကျေးဇူးဖြင့် ကျွန်တော် အကုသိုလ်ရပ်ဝန်းမှ ဖဲကြဉ်၍ ဘုရားတရားအလုပ်ကလေး အစပျိုးနိုင်သည့် အခြေအနေကောင်းလေးသို့ ရောက်ခဲ့၏။

\+ + + + + + + +

(၂)

သို့နှယ် အခက်အခဲ ကြုံတွေ့နေကြသည့် တစ်ချိန်က သောက်ဖော်မိတ်ဆွေများရဲ့ ဒုက္ခကို ကူညီဖြေရှင်းရန် အဘတိုက်ပုံကြီး ဦးရာကျော်ကို အရှာထွက်ခဲ့ရသည်။

အဘကို ရှာရတာက ကောက်ရိုးပုံထဲ အပ်ပျောက်ရှာရသလို ရှိ၏။ တွေ့ချင်လို့ ရှာလျှင် လုံးဝမတွေ့။

မတွေ့တော့ပါဘူး မောပြီဆိုပြီး ထိုင်မှိုင်နေလျှင် ရောက်လာလေ့ရှိ၏။ ခုလည်း သူသွားတတ်သည့် နေရာများကို ကျွန်တော် တစ်နေကုန် လိုက်ရှာနေ၏။

သချိုင်းပေါင်းများစွာကို ရောက်ခဲ့ပြီးပြီ။

ဇရပ်ပေါင်းအနှံ့ကို ရောက်ခဲ့မေးခဲ့ပြီးပြီ။

လေ့ဆိပ်ရေဆိပ် သင်္ဘောဆိပ်လည်း နှံ့နေပြီ။

ဘုန်းကြီးကျောင်းတွေလည်း ကုန်သလောက်ရှိခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မသာအိမ်ရှိရာများလည်း မေးမြန်းစုံစမ်းပြီးပြီ။

ဘယ်နေရာမှာမျှ စုံစမ်း၍မရ။ မဟုတ်မှလွဲရော ခရီးထွက်သွားပြီနဲ့ တူပါရဲ့။ ခက်သည်ကား ဘတိုက်ပုံ ဦးရာကျော်သည် အိမ်ခြေအတည်အကျမရှိ။ သွားချင်ရာ လျှောက်သွားနေသည်။

ကြုံရာမှာ ကြုံသလိုအိပ်ပြီး ဖြစ်သလိုစား၏။

ဒါပေမဲ့ အထင်မသေးကြနှင့်။

သူ့လွယ်အိတ်ထဲမှာ ငွေအပြည့်နီးပါးရှိ၏။ ၎င်းငွေများကား အရပ်တကာ ဈေးတကာလှည့်၍ အလှူခံလို့ရသော ငွေများဖြစ်၏။

၎င်းငွေများကို သူ အလွဲသုံးစားမလုပ်။

မတ်တကျရာအရပ်မှာ ကိုးတောင်ပြည့်ဘုရား စေတီများတည်ခဲ့၏။ သူ့အပြောအရတော့ အဘအောင်မင်းခေါင်နှင့် ရသေ့ကြီးဦးခန္တီတို့မထွက်ခင် မှာသွားသည့်အတိုင်း ကိုးတောင်ပြည့်စေတီ တည်နေတာဟု ဆို၏။

ကြည့်လိုက်လျှင် လူပုံက အရူးမှ တကယ့်အရူး။

တိုက်ပုံရင်ကွဲ ပုဆိုးအောက်နားကွဲ ကြေးလက်လေးသစ် မုတ်ဆိတ်မွေး ဗရပျစ်၊ ကွမ်းတံတွေး တပျစ်ပျစ်နှင့်။

သီချင်းတွေဆိုလိုက် ကလိုက် နက်ကနားတွေ ဝင်ပျော်လိုက်။ သို့သော်သူ့မှာ ထူးဆန်းသည့် ပညာရပ်များက အံ့ဖွယ်ဘနန်းရှိနေ၏။

ခုလည်း နေကုန်ရှာသည်။

နောက်တစ်နေ့ဆက်ရှာသည်။

ခြေကုန်လက်ပန်းကျခဲ့ပြီ။ တော်ပြီ၊ မရှာတော့ဘူး။ သို့နှင့် စေတီတစ်ဆူမှာ ဝင်နားပြီး သစ္စာအဓိဋ္ဌာန် ပြုလိုက်သည်။

"အဘဆရာကြီး ဦးရာကျော်ခင်ဗျာ၊ သားတပည့်ကြီး မောင်





ညိုမှိုင်း အဘကိုလိုက်ရှာရသည်မှာ ခြေထုံပြီး လျှာထွက်နေပါပြီ ခင်ဗျာ။ အဘကြားရာအရပ်က သားတပည့်များရှိရာသို့ မတိမ်းမစောင်း ဗိန်းမောင်းနဲ့ အမြန်ကြွခဲ့ပါ အဘကျေးဇူးရှင် ဦးတိုက်ပုံကြီး ခင်ဗျာ"

+ + + + + + +

(၃)

"ရွှေဖျဉ်းညိုနောင် × × × ဖောင်တော်စီးပါလို့ × × ×

ရေလှိုင်းတွေကတဖွေးဖွေး × × × ရေလှိုင်းတွေက တဖွေးဖွေး × × ×

နတ်နန်းရယ်သာလှတယ် × × × ရွှေနန်းရယ်သာလှတယ် × ×

ရွှေနန်းကြီးရယ်သာလှတယ် × × × နတ်နန်းကြီးရယ်သာလှတယ် × × ×



www.burmeseclassic.com

www.burmeseclassic.com



သီးကြိုပါ × × × နှမများရယ် × × ×

ပြေးကြိုပါ × × × ညီတော်များရယ် × × ×

ယိမ်းလေးလေး × × × ယိမ်းလေးလေး × × × ယိမ်းလေးယို × ×

"ဟေ့ . . . ဟေ့ . . . ဟေ့ . . . အဘ ကျော်တဲ့ကွ"

"ဝေ . . . ဝေ . . . တို့အဘကွ"

"အဖေကြီးကျော်ကွ ဟေ့နော်"

"ဘိုးဘိုးကြီး သကြားလုံးကြွပါဗျို့"

"ပိုက်ဆံကို အလျင်ကြွပါ အဘရေ မြန်မြန်လေးဗျ"

အိမ်ရှေ့လမ်းမမှ ဆူဆူညံညံ အော်ဟစ်သံများကြား၍ မော ဦး အိပ်ပျော်နေသည့် ကျွန်တော်လန့်၍ နိုးလာခဲ့သည်။

"ရော့ဟေ့ . . . သကြားလုံး"

"ဝေး . . . ဝေး . . . ဟေး . . . ဟေး"

"ရော့ဟ . . . သကြားပြား"

"အဘ ဒီဘက်ကို . . . ဒီဘက်ကို"

"ရော့လဟ . . . ချွေးမသား အကောင်းစားလေးတွေရ"

"ဘိုးဘိုးကြီး သမီးတို့ဘက်ကို ကြည့်ဦးလေ"

"ရော့လဟ . . . ချွေးသမီး အကောင်းစားလေးတွေရ . . . ရော့ဟ"

"ဟေး . . . ဟေး"

"ဒါမှ တို့အဘကွ"

ကုန်းထပြီး ထွက်ကြည့်လိုက်တော့ အိမ်ရှေ့လမ်းမကြီးပေါ်မှာ အဘတိုက်ပုံကြီးနှင့် ကလေးရော ချွေးရော လူငယ်လူကြီးများဖော တရုန်းရုန်း ဖြစ်နေကြသည်။





ကျွန်တော် အရမ်းကိုဝမ်းသာ သွားခဲ့ပြီ။

"အဘရေ . . . ကျန်သေးတယ်တော့"

"ဟဲ့ . . . ဘာကျန်လို့လဲ ဗိုင်းတာမရဲ့"

"ပိုက်ဆံ . . . ပိုက်ဆံကော"

"ဟဲ့ . . . ဒါက ဘုရားတည်ဖို့ဟဲ့ ဂန်းမတွေရဲ့"

"အရင်လည်း ကြွတာပဲ၊ ခုလည်းကြွပါတော့။ တန်းလန်းကြီးမလုပ်ပါနဲ့"

"သောက်ကန်းမလေးတွေ လုပ်ပြီ။ ကဲ . . . ရော့ဟ . . . ရော့ဟ"

"ဝေး . . . ဝေး"

"ဟေး . . . ဟေး"

"ဟဲ့ . . . ဟဲ့ . . . ငါ့လက်ကို မနင်းနဲ့လေ"

"ဟဲ့ . . . ကိုသွေးချင့်၊ ဘာလို့ ကျွန်မလက်ထဲကဟာကို လုရတာတုံး"

"အိမ်ကပိုက်ဆံနဲ့ တူနေလို့ပါဟ သူသူရ"

"ကလိမ်ကကျစ်မလုပ်နဲ့ ကိုယ့်ဟာကိုယ်ကောက်သွား"

အဘဦးရာကျော်က လွယ်အိတ်ထဲမှ ငွေအကြွေစေ့များ ကျပ်တန်များကို ထုတ်၍ နှိုက်၍ အားရပါးရ ကြဲနေသည်။ လေးငါး ဆယ်ကြိမ်ခန့် ကြဲပြီးနောက် –

"ကိုင်း . . . တော်ပြီဟေ့။ အားလုံးနားထောင်ကြ"

ကလေးလူကြီး လူရွယ်များသည် သကြားလုံးများ၊ ပိုက်ဆံများကို ဆုပ်ကိုင်ရင်း ငြိမ်သွားကြ၏။ အားလုံး ဖုန်အလိမ်းလိမ်း၊ ချွေး အပေပေ။



www.burmeseclassic.com

www.burmeseclassic.com



"သာတို့ သမီးတို့ရေ ယက်သဲကြား ငါးတင်၊ တင်တဲ့ငါး ကြောင်စား ကျန်တဲ့ငါးမှ ဘုရားမတဲ့၊ ရှေးတဘောင်ရှိသကွယ်။ ဒါ ကြောင့် အကုသိုလ်ဒုစရိုက်အမှုကိုလျှော့ကြ၊ ထိန်းကြ၊ ရှောင်ကြ အနန္တောအနန္တငါးပါး မမေ့ကြနဲ့။ ဒါန၊ သီလ၊ သမထ၊ ဘာဝနာ တစ်ခုခုလုပ်ဖြစ်အောင်လုပ်ပြီး ဘဝကျိုးကောင်းရေးအတွက် ကြိုးစား ကြ။ မေတ္တာ ကရုဏာ မုဒိတာ ပွားကြ များကြ။ မြန်မာ့ သာသနာ ကမ္ဘာ့အခါနဲ့ ကြုံကြိုက်လို့ ကုန်တိုက်လို လိုချင်စရာ တရားအသိများ အများကြီး ရှိနေပြီဟေ့။ ဒါကြောင့်မို့လို့ ကျန်းတျန်းမာမာ ချမ်းချမ်း သာသာ ဘေးရန်ကာဆီးမည်"

"ဟေ့ . . . ဝေ့"

"တို့အဘကွ"

"ဖိုးစိန်ကွ"

"ရွှေမန်းဟေ့နော်"

အမှုသမားများလည်း အဘရောက်လာ၍ ပျော်ကြ၏။ ကလေး လူကြီးများလည်း အဘရောက်လာ၍ အားရဝမ်းသာရှိကြ၏။ သည် နောက် ဝိုင်းနေသည့် လူအုပ်ကြားမှ သီချင်းဆိုပြီး တစ်ကျော့နစ်ပိဒ် ကလိုက်၏။ ၎င်းနောက် အားလုံးကို လိမ္မာကြနော်ဟု ဆုံးမစကား ပြောပြီးနောက် . . .

အနီးဝန်းကျင် မလှမ်းမကမ်းမှာ ဆောင့်ကြောင့်ထိုင်ရင်း မျှော်ငေးကြည့်နေသည့် ခွေးအရွယ်မျိုးစုံတစ်အုပ်အား အနီးသို့ခေါ် လိုက်၏။

"ဟဲ့ . . . ဟိုခွေးတစ်အုပ် လာခဲ့စမ်း"

ခွေးများသည် သို့ကလို အဘရာကျော်က အမိန့်ပေးလိုက်





သောအခါ အားရဝမ်းသာပြေးလာပြီး အနီးမှာ လည်ပင်းတင့်ငုံ့လုပ် နေကြ၏။

"မင်းတို့ သကြားလုံး မရဘူးမဟုတ်လားဟေ့"

"အီ . . . အီ"

"အင် . . . အင်"

"ပိုက်ဆံလည်း မရဘူးမဟုတ်လား"

"အိန် . . . အိန်"

"အီး . . . အီး"

"အင် . . . အင် . . . အီ . . . အီ"

"ရော့ . . . ဘိန်းမုန့်"

"ရော့ . . . ဘယာကြော်၊ စားကြ စားကြ အားရပါးရ စား ကြ။ ကိုင်း . . . ခွေးလည်းရပြီ၊ လူလည်းရပြီ၊ ရရင်အားလုံးပြန်ကြ ဟေ့ . . . ဟေ့ . . . ဖော့"

"အဘ"

"ဗျို့ . . . အဘ"

ကျွန်တော်က အဘအနီးသို့ ဝမ်းသာအားရ ပြေးကပ်သွား ပြီး အဘလက်ကို ကိုင်လှုပ်၍ ခေါ်လိုက်၏။

"အဘ"

"ဟေ"

"ရှာလိုက်ရတာ အဘရာ"

"ဟေ . . . ငါက မင်းကိုတွေ့ချင်ရင် လိုက်ရှာလို့ ပြောခဲ့သို့ လား"

"အရေးကြီးလို့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သိသွားပဲဟ"

"ဘယ်လိုလုပ်သိတာလဲ အဘရ"

"အမ်မာ . . . ခွေးကောင်လေး အဘကို လိုက်ရှာရတာ ခြေထုံပြီ လျှာထွက်နေပါပြီခင်ဗျာ။ အဘကြီးရာအရပ်က မတိမ်းမစောင်း ဇိမ်းဇောင်းနဲ့ အမြန်ကြွခဲ့ပါလို့ခေါ်တာ မင်းမဟုတ်ရင် ဘယ်လူညီးသမားလည်းကွ ဟေ"

"ဗျာ"

"အဘကြီးတယ်"

"ကြီးတာပေါ့ဟ . . . လူမိုက်ရ"

"ကျွန်တော် စေတီမှာ အဓိဋ္ဌာန်တာ အဘကြီးတယ်"

"ဟ . . . ကြီးပါတယ်ဆို။ လူလွန်မသားနှယ်၊ ကြီးလို့ ခုလာတာပေါ့ဟ"

"ဘုရားရေ . . . ကျွန်တော်က ခပ်တိုးတိုး၊ အဓိဋ္ဌာန်တာကို အဘကြီးတယ်ဆိုတာ အံ့ရောဗျာ"

"မအံ့နဲ့ လူလွန်မသားရဲ့"

"အံ့ရမှာပေါ့ဗျ။ အဘ အကြီးအမြင်ရနေတာ ဥစ္စာ"

"ခွေးမသားလေး . . . အော်ကျယ် အော်ကျယ်မလုပ်နဲ့၊ သူများကြားရင် ဘိုးတော်လိုလို ဝိဇ္ဇာလိုလို အကြားအမြင်ဆရာလိုလို ထင်ပြီး ရေမန်းတောင်း၊ ဓာတ်လုံးတောင်း၊ ကျောက်စရစ်ခဲတောင်း လုပ်ကုန်မယ်။ ငါကြားချင်လို့ ကြားတာ မဟုတ်ဘူး၊ မင်းဆုတောင်းနေတာကို ငါ့လူ တစ်ယောက်ကြားပြီး လာပြောလို့"

"တစ်ကယ်"

"နှစ်ကယ်ကွာ"





"ဘုရားစူး . . . သုံးကယ်နော်"

"ဟုတ်ပါတယ်ဆို . . . ရွာရိုးက သွားမည့် လျှာကျိုးမသားရာကဲကွာ"

"ဟား . . . ဟား . . . ဟား . . . ဟား"

"ဟီး . . . ဟီး . . . ဟီး မြိန်လိုက်တာ ငမှိုင်းရာ အဟစ် . . . ဟစ် . . . ဟစ်"

✤✤✤✤✤✤✤

(၄)

ကျွန်တော့် ပြောပြချက်အရ ဘတိုက်ပုံဦးရာကျော်နှင့် ကျွန်တော် ကိုအာလူးတို့ အမဲပေါ်ရပ်ကွက်ကို ရောက်သွားခဲ့ကြ၏။

ငှင်းနောက် ဦးစွာ ကိုအာလူးတို့ ဝက်သားရုံမှာ တစ်ညအိပ်၍ အခြေအနေကို အကဲခတ်ခဲ့ကြ၏။

ညဥ့်သန်းခေါင်သို့ရောက်သောအခါ . . .

ခြေသံများ ကြားရတော့သည်။ မကြာခင် စေ့ထားသည့် တံခါးကို တွန်းလိုက်သံ ကြားရသည်။ သိပ်မကြာလိုက် အသားတုံးအချို့ ပျောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ အဘ"

"သူခိုးပါကွ"

"မြင်ရလို့လားဗျာ၊ ကျွန်တော်တော့ မမြင်ပါလား"

"မင်းက ကန်းနေတဲ့ကောင်ပဲဥစ္စာ မြင်မလား"

သည့်နောက် မကြမ်းခင်းတို့ ကိုဆာမိတို့ အိမ်များ ဆိုင်များမှာ ညအိပ်၍ အကဲခတ်ကြသည်။ ညဥ့်သန်းခေါင်ယံရောက်လျှင် လူခြေသံလို ကြားရပြီး ပစ္စည်းဆွဲသလိုလို ပြေးသံလိုလို ကြားရ၏။

ကျွန်တော်တို့ကား ကြောက်၍ စောင်ကို ခေါင်းမြီးခြုံပြီး ကွေးနေ၏။

မိုးလင်းလျှင်

ပစ္စည်းအချို့ လျော့နည်းနေသည်ကို ထူးဆန်းစွာ တွေ့ရ၏။

"အဘ . . . ဘာတွေ့ရလဲဟင်"

"ခွေးသူခိုးကွ"

"ခွေးသူခိုး . . . ဟုတ်လား။ ဘယ်လိုပုံစံလဲဟင်"

"ခွေးအကောင်မည်းမည်းကြီး မျက်လုံးကိုပြူးနေတာပဲ"

ဒီမှာ ကိုအာလူးတို့၊ မကြမ်းခင်းတို့၊ ကိုဆာမိတို့ မိသားစုများ ရောက်လာကြသည်။

"ဟော့ကောင် . . . အာလူး"

"ဗျာ . . . အဘ"

"မင်းတို့ရပ်ကွက်ထဲမှာ သူခိုးရှိသလားကွ"

"ခွေးသူခိုးလား၊ လူသူခိုးလား . . . အဘ"

"ခွေးသူခိုးက ရပ်ကွက်တိုင်း ရှိတာပါကွာ။ လူသူခိုးကို ပြောတာ"





"ရှိတယ်ခင်ဗျ"

"ဘယ်သူလဲကွ"

"ငပွေးခင်ဗျ"

"အဲဒီကောင် ခု ဘယ်မှာနေလဲ"

"သေသွားပြီ ခင်ဗျ"

"ငါထင်တဲ့အတိုင်းပဲ။ ပြီးတော့ကော ဟ"

"ချက်ကြီးခင်ဗျ။ ဒီကောင်က အလစ်သမား အဘရ။ နှစ်ယောက်စလုံး ငှက်ဖျားနဲ့ သေကုန်ကြတာ"

"ဒီရပ်ကွက်မှာ သေတာမဟုတ်လား"

"ဟုတ်ကဲ့ ခင်ဗျ"

"မင်းတို့နဲ့ အရမ်းရင်းနှီးသမို့လား"

"စားဖော်သောက်ဖက် သူငယ်ချင်းများပါ ခင်ဗျ။ ဒီကောင် နှစ်ကောင်က ဗိုဇမကောင်းပေမဲ့ ကျွန်တော်တို့အပေါ်မှာတော့ သိပ် မဆိုးပါဘူး အဘခင်ဗျ"

"ဒီကောင်တွေကို မင်းတို့ခေါ်ထားသေးလား"

"ဗျာ . . . ဘယ် . . . ဘယ်လို အဘ"

"ဒီကောင်တွေသေတော့ မင်းတို့က အာချောင်ပြီး ငါတို့နဲ့ လာနေလှည့်တို့ ဘာတို့ ခေါ်ထားသေးလားလို့ မေးတာ"

ဒီမှာ ကိုအာလူးနှင့် ကုလားဆာမိတို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြောင်ကြည့်ကြည့်နေကြ၏။

"ပြောလေကွာ"

"ဟုတ် . . . ဟုတ်ကဲ့ ခင်ဗျ"

"ဘယ်တုန်းက ခေါ်တာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"သူခိုးငပွေးရော အလစ်သမားချက်ကြီးရော ရှေ့ဆင့်နောက်ဆင့် သေသွားတာအဘရဲ့။ ဆွေမရှိမျိုးမရှိမို့ ကျွန်တော်တို့ ဆာမိတို့ မကြွမ်းခင်းတို့ကငွေစုပြီး သင်္ဂြိုဟ်ပေးလိုက်ရတာ။ တစ်ချိန်က ငယ်ပေါင်း သောက်ဖော်စားဖက်များမို့ သချိုင်းမှာ မြေမြှုပ်တော့ ကျွန်တော်နဲ့ ကုလားဆာမိလည်း မူးမူးနဲ့ပြောမိတယ် အဘရဲ့"

"ဘယ်လိုပြောတုံးလကွ လုပ်ပါ"

"မင်းတို့ စားရေးသောက်ရေး အဆင်မပြေရင် ငါတို့ဆီကို လာခဲ့ အရိုးအရင်းနဲ့ လက်ကျန်လေးတော့ စားဖို့သောက်ဖို့ ရမှာပေါ့ကွာလို့ ပြောခဲ့ဖူးပါတယ် ခင်ဗျာ"

"တရားခံက မင်းတို့ပဲကွ"

"ဗျာ"

"ဘယ်လို အဘ"

"အဓိကတရားခံက မင်းတို့ကွ။ မကောင်းမှုဒုစရိုက် အကုသိုလ်ကံများနဲ့ သေကြတော့ အစွဲအလမ်းကြောင့် တစ္ဆေသရဲဘဝကို ချက်ချင်း ရောက်နေကြတာ။ အမှန်က သူတို့ဘဝ ဝဋ်ကြွေးနဲ့ သူတို့ ခံစားနေရမှာ။ ဒါကို မင်းတို့က နောက်သလို ပြောင်သလိုလို တကယ်လိုလိုနဲ့ ခေါ်လာလိုက် ပြောလာလိုက်တော့ အခုသူတို့က လာပြီးနှောင့်ယှက်နေတာ"

"ဗျာ"

"အာရေး . . . ဘား . . . ဘား"

"နေပါဦး . . . မင်းတို့ခေါ်လာတဲ့ စကားအတိုင်း အရိုးအရင်းများ . . . စွန့်ကြဲကျွေးမွေးရဲ့လား။ လက်ကျန်ရော တိုက်လို့ လား"

"ဟင့် . . . ဟင်း . . . ပြောပြီး မေ့ပျောက်ပါပဲ ခင်ဗျ"

"မင်းတို့က ခေါ်လာပြီး မကျွေးတော့ နိုးစားတာပေါ့"





"သူတို့ပေါ့ . . . ဟုတ်လား အဘ"

"အိမ်း . . . ဟုတ်တယ်။ နဂို လူ့ဘဝတုန်းက သူခိုးနဲ့ အလစ်သမားဥစ္စာ။ သေပြီးနောက်လည်း အမျှဝေမယ့်လူ၊ သတိတရ ပ်ပေးမယ့်လူမရှိတော့ တစ္ဆေသရဲဘဝရောက်တာတောင် လူ့ဗိုဇက ပျောက်ဘူး။ ဒီမှာ နှုတ်ဆော့ပြီး ခေါ်တာကမင်းတို့၊ ပြီး ဘာမျှမပေး ကျွေး။ တစ်ခါဒီနေရာကလည်း သားစိမ်းငါးစိမ်း အကုသိုလ်လုပ် တဲ့နေရာ၊ နာနာဘာဝများ မှီခိုလို့၊ နှောင့်ယှက်လို့ ကောင်းတဲ့နေရာ ပေါ့ကွာ"

"ဒါ . . . ဒါဆို . . . ကျွန် . . . ကျွန်တော်တို့ ဘာဘာလုပ်ရ ဲ ဟင် . . . အဘ"

"လုပ်စရာတစ်ချက်ပဲ ရှိမယ်"

"ဘာများပါလဲ ခင်ဗျာ"

"ရဟန်းသံဃာများကို ပင့်ဖိတ်"

"ဟုတ်ကဲ့ခင်ဗျာ"

"အဲဒီ မကျွတ်မလွတ်အယူတိမ်းပြီး ဆက်မိုက်နေတဲ့ ဝိညာဉ် ်ကောင်ကို အကြောင်းကြား။ သူ့တို့အတွက် မင်းရယ်၊ ဆာမိရယ်၊ ကြွမ်းခင်းရယ် သုံးဦးထပ်ပြီး ဆွမ်းသွတ်လှူဒါန်း ရေစက်ချ အမျှပေးဝေ ိက်ကွာ။ ဒါမှ ဒီကောင်တွေ သာဓုခေါ်ခွင့်ရ ကျွတ်လွတ် ဝမ်းသာပြီး ်းတို့လုပ်ငန်းကို မနှောင့်ယှက်နိုင်မှာ။ မြန်မြန်သာလုပ်ပေးလိုက်"

"အဘပဲ လုပ်ပေးပါလားဗျ"

"ဟေ့ကောင် . . . မင်းတို့ကိစ္စ မင်းတို့ဘာသာလုပ်။ ငါက ကောင်းဆုံး အကြံဉာဏ်ပေးတာ။ ဒီကိစ္စ ငါနဲ့လုံးဝမဆိုင်ဘူး။ မင်း ို့အာချောင်ရင် ခုလို ခံရမှာမလွဲဘဲ။ မင်းတို့က ပရဝိညာဉ်လောက



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာများမှတ်လို့လဲ။ မယုံရစ်မယုံသလိုနေ။ ပြောင်တောင်တောင် နောက်တောက်တောက်နဲ့ အကဲစမ်းသလို သွားမစနဲ့။ မဖြစ်ရင်နေရော ဖြစ်လာရင် မရှုနိုင်မကယ်နိုင် အဖြစ်မျိုးနဲ့ နဖူးတွေ ဒူးတွေပဲ အခုကြဲပြီမို့လား''

''ဟုတ် . . . ဟုတ်ကဲ့ခင်ဗျ''

\+ + + + + + +

(၇)

နောက်နေ့သို့ ရောက်သောအခါ သူတို့မလုပ်တတ်၍ ကျွန်တော်ပဲ ဦးစီးပြီး လုပ်ကိုင်ပေးရသည်။

ရပ်ကွက်ထဲမှ လူရှိသေရှင်ရိုသေ သက်ကြီးဝါကြီး သိက္ခာကြီး ရဟန်းသံဃာငါးပါးကို ပင့်ဖိတ်ရသည်။

ဆွမ်းကွမ်း၊ သင်္ကန်း ဝတ္ထုငွေများကို သူတို့ သားအရောင်း အဝယ်သမားများ စုပေါင်းကုသိုလ် ပါဝင်စေရသည်။

ပြီးနောက် . . .

သချိုင်းသို့သွားရောက်ပြီး ငပွေးနှင့်ချက်ကြီးရဲ့ ဝိညာဉ်များ ကို ဖိတ်ခေါ်ရသည်။





မင်းတို့ဘဝ လွတ်မြောက်ရေးအတွက် ကိုအာလူးတို့က ကောင်းမှုကုသိုလ်ဒါနများ ပြုလုပ်ပေးပါပြီ၊ တရားအတူနာလှည့်ပါ၊ ရေစက်ချအမျှဝေရင်း သာဓုခေါ်လှည့်ပါဟု ပြောရဆိုရသည်။

ထိုသို့ ပြုလုပ်စီစဉ်ပြီး ပရိတ်တရားနာ ရေစက်ချ အမျှဝေ ဆိုက်ပြီးသည့်အချိန်မှစ၍ ပရိတ်တရား သိဒ္ဓိအရှိန်ကြောင့်ပဲလား။

ဒါမှမဟုတ် သူတို့ သာဓုခေါ်နိုင်ခွင့်လေးရ၍ ကျွတ်လွတ်သွား ပြီလားမသိ။

ကိုအာလူး ဝက်သားရုံမှာ ဘာမျှမပျောက်။

ကိုဆာမိ ဆိတ်သားရုံမှာလည်း အပျောက်အရှမရှိ။

မကြွမ်းခင်းလည်း ကြက်အဆွဲမခံရ။

နောင်အခါ ကိုအာလူး ကိုဆာမိတို့ မကြွမ်းခင်းတို့ လူစု သည် မကြာခဏစုပေါင်း၍ အလှူပွဲလေးများ ပြုလုပ်၏။ ရဟန်းသံဃာ များကို ဆွမ်းသင်္ကန်းကပ်လှူ၍ ကွယ်လွန်သူများကို အမျှပေးဝေ၏။

နွတ်ဆော့ လက်ဆော့လည်း မလုပ်တော့။

အကုသိုလ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်း ပြုနေသော် သည်း သူတို့ဝန်းကျင်လေး အစဉ်သန့်ရှင်းစေရန်နှင့် သူတို့ဘဝ နောက်ဂတ် လုနိုင်သမျှ လှစေဖို့ ကုသိုလ်ကောင်းမှုများကို တစ်နှစ်လျှင် ခံကြိမ် အမြဲတမ်း လုပ်လေ့ရှိရကား အဆိုးထဲမှ အကောင်းလေး များရပြီး စိတ်ရောကိုယ်ပါ ပျော်ရွှင်ချမ်းမြေ့လျက်ရှိလေသည်။

\+ + + + + + +

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# လိပ်ကျောက်မြီးရိုက်သံ

(၁)

"မင်းသိချင်တာတွေ များလှချည်လား ညိုမှိုင်းရ"

"မသိသေးတဲ့သူတွေကို ပြန်ပြောပြချင်လို့ပါ ဘရာ"

"လုပ်စားနေတာ မဟုတ်ဘူးလားကွ"

"မဟုတ်ရပါဘူး ဘရာ။ စာရေးဆရာတစ်ယောက်၊ တစ်နည်း ဂမ္ဘီရစာသမားတစ်ဦးရဲ့ စေတနာအတတ်ပညာနဲ့ပါ ခင်ဗျာ"

"မင်းက ဘာများသိချင်လို့လဲကွ"

"ရက္ခစိုးဆိုတာ တကယ်ရှိသလား အဘ"

"ရှိတာပေါ့ဟ"





"အဘ မြင်ဖူး။ ကြုံဖူးလို့လား။ ဘယ်လိုကြုံဖူးလဲဟင်"

"ဘုရားဟော မဇ္ဈိမစာပေများမှာ ဘုမ္မစိုး၊ ရုက္ခစိုးဆိုတာ မင်းကြားနာဖတ်ဖူးမှာပေါ့ကွာ။ မြေကြီးမြေပေါ်တောင်ကို အမှီပြုပြီးနေတဲ့ စောင့်တဲ့နတ်ကို ဘုမ္မစိုးတဲ့။ သစ်ပင်ကို မှီခိုအားထားရာ နတ်ကွန်းအဖြစ်လည်းကောင်း၊ အိမ်အဖြစ်လည်းကောင်း သတ်မှတ်ပြီး နေထိုင်စောင့်ရှောက်တဲ့နတ်ကို ရုက္ခစိုးလို့ခေါ်သကွ။ မင်းပရိတ်ကြီး (၁၁) သုတ်က မေတ္တသုတ်ကိုဖတ်ကြည့်ရင် တဖြည်းဖြည်း နားလည်လာလိမ့်မယ်ကွ ညိုမှိုင်းရ"

"ဒါဆိုရင် အဘရာ။ သစ်ခေါင်းထဲမှာနေမယ်၊ သစ်ပင်ခွကြားမှာ အဲဆောက်ပြီးနေတဲ့သူဆိုရင်ကော ရုက္ခစိုးလို့ ခေါ်လို့ရမလားဟင်"

"ဗွီ . . . မင်းကအတော့်ကို ကတ်သီးကတ်သတ်မေးတဲ့ လူကန့်လန့် စာရေးဆရာပါပဲကွာ။ ရုက္ခစိုးက နတ်ကွ နတ်။ မင်းပြောတဲ့ ကောင်တွေက အိမ်ခြေမဲ့ ယာခြေမဲ့ ဂျပ်လေဘီတွေ"

"မသိလို့ ရှင်းအောင်မေးရတာပါ ဘရာ။ လုပ်ပါဦးဗျ။ ရုက္ခစိုးဘကော ဘုန်းတန်ခိုးရှိတာပဲလား ခင်ဗျ"

ကျွန်ုပ်၏ ကလိတိတိ မေးခွန်းများကြောင့် လူထူးဆန်း ဘတိုက်ပုံခေါ် အဘဦးရာကျော်သည် ကွမ်းဝါးရင်းမှ ကျွန်ုပ်ကို ဘုကြည့်ကြည့်လိုက်သဖြင့် အဘစိတ်မဆိုးစေရန် ချော့မော့ထပ်မေးလိုက်ရလေသည်။

"ရုက္ခစိုးတိုင်း ဘုန်းတန်ခိုး အာနိသင်ကြီးကြတာ မဟုတ်ဘူးကွ။ လူ့ဘဝတုန်းက သူပြုခဲ့တဲ့ ကောင်းမှုကုသိုလ်ကံ အကျင့်သီလ အနည်း၊ အများအားကောင်းခြင်းကို အခြေပြုပြီးမှ ဘုန်းကံက ကြီး မားရတာ။ အချို့ပရလောကသားများဆိုရင် သစ်ပင်ကို အမှီပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



နေကြပေမင့် ရက္ခစိုးမဟုတ်ဘူး။ တစ္ဆေ သရဲအဆင့်ပဲ ရှိတာ။ ရက္ခစိုး ဘ၀ဆိုတာ ရဖို့မလွယ်ဘူး။

လူ့ဘ၀က ကောင်းမှုကုသိုလ်နဲ့ သီလစင်ကြယ်ပြီး နောင်ပွင့် မယ့် ဘုရားရှင်ကို သက်ရှိထင်ရှား ဖူးရပါလို၏ ဆုတောင်းခဲ့သူ သူ့ဆေ ကောင်းများမှ သေပြီးနောက် ကံအကျိုးပေးသင့်ပြီး ရက္ခစိုးနတ်ဖြ ရတာ။ ညောင်ကြီးပင်ကြီးမှာ ရက္ခစိုးဘ၀နဲ့ နေခွင့်ရပြီး လူသတ္တ များကို အလျှဉ်းသင့်သလို စောင့်ရှောက်ကြတာ။

ဘုန်းကံကုသိုလ်သီလအလျောက် သက်တမ်းအရှည်ကြီး နေခွင့်ရကြတယ်။ ဘယ်လောက်အထိ အသက်ရှည်သလဲဆိုရင် အချို့ သော ရက္ခစိုးနတ်ကြီးများသည် နောင်ပွင့်မည့် အရိမေတ္တေယျ မြတ်စွာ ဘုရားကို ကိုယ်တိုင်လက်အုပ်ချီပြီး ဖူးခွင့်ရသည်ထိ အသက်ရှည် ကြသတဲ့

ဒါကြောင့် အချို့သော ရဟန်းများဆိုရင် ဘုရားရှင်ကို ကိုယ် တိုင်ဖူးချင်လွန်းလို့ သူတို့ပျံလွန်ရင် ရက္ခစိုးနတ်မင်းကြီး ဖြစ်ရပါ ၏လို့ ဆုတောင်းတဲ့အကြောင်း ငါဖတ်ရ၊ ကြားရဖူးသကွ။ အချို့ လူမိန်းမတွေ ရက္ခစိုးရှိတဲ့ ညောင်ကြီးပင်ကြီးမှာ သားဆုပန်တာ မင်းမြ ဖူးတယ် မဟုတ်လား''

''မြင်ဖူးတယ် အဘ''

''အခုန်သင့်တော့ ဆုတောင်းပြည့်သွားကြတာပဲကွ''

''ရက္ခစိုးကြီးတွေ တရားနာနိုင်တယ်ဆိုတာ ဟုတ်သလား ဘရ''

''သိပ်ဟုတ်တာပေါ့ မောင်ရာ။ ရက္ခစိုးနတ်ကြီးများဟာ လူယောင် ဖန်ဆင်းလို့ရသကွ။ အဲဒီလိုနဲ့ သီလသိက္ခာပြည့်စုံတဲ့ ဘော ရကျောင်း ဘုန်းကြီးရဟန်းများထဲမှာ ကိုယ်တိုင်တရားနာကြသကွ





ရက္ခစိုးဘ၀နဲ့ ဝိပဿနာကျင့်ပြီး ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဘ၀ကို အဆင့် မြင့်ယူနိုင်တယ် ငါ့လူရဲ့။

''ဒါကြောင့် ရက္ခစိုးရှိတဲ့ ညောင်ကြီးပင်ကြီး နတ်ကွန်းနတ်နန်း များကို မထိမဲ့မြင်မပြုလုပ်ရဘူး။ အကြောင်းကြောင်းကြောင့် မယုံ ကြည်ချင်နေ သွားမစော်ကားနဲ့၊ မစမ်းနဲ့''

''အဲဒီလိုလုပ်ရင် ဘာဖြစ်လဲဟင်''

''သည်းခံနိုင်တုန်းတော့ နတ်ပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်၊ တစ္ဆေ သရဲပဲ ဖြစ်ဖြစ် သည်းခံတာပေါ့မောင်ရာ။ မခံနိုင်တဲ့ အဆုံးကျရော ဖြစ်မှားစော်ကားတဲ့လူဟာ ကိုယ့်အကုသိုလ်ကံ အကျိုးပေးနဲ့ကိုယ် ဒုက္ခ ရောက်ရရောပေါ့ကွာ''

''ဒါမျိုး အဘမြင်ဖူးလားဗျ''

''သိပ်မြင်ဖူးတာပေါ့ မောင်ရာ''

''မြင်ဖူး၊ ကြုံဖူးရင် ပြောပြဗျာ အဘရာ''

''မင်းလုပ်စားတော့မယ် မဟုတ်လား''

''ဟာ . . . အဘကလည်းဗျာ၊ ကျွန်တော် . . . ''

''ဟား . . . ဟား . . . ဟား ရယ်စရာပြောတာပါ ငါ့လူရာ။ မင်းတို့လို ကဗ္ဗီရစာရေးဆရာများ ရေးကြမှလည်း အချို့သူများ နား လည်သဘောပေါက်ပြီး ဆင်ခြင်လို့ရတာ ဆင်ခြင်နိုင်ပြီး ကောင်းမှု ကုသိုလ်လုပ်နိုင်တာ လုပ်သင့်တာလည်း လုပ်လို့ရတာပေါ့ကွာ။ ဒီလိုကွ . . . မောင်မှိုင်းရေ နားထောင်ကွ''

✣ ✣ ✣ ✣ ✣ ✣ ✣

www.burmeseclassic.com

www.burmeseclassic.com

□

ငါလူပျိုရွယ်ဘဝတုန်းကပေါ့ကွာ။ အင်္ဂလိပ်အစိုးရ အုပ်ချု
နေတဲ့ အချိန်ပေါ့။ ငါတို့နေတဲ့အရပ်ရဲ့ လမ်းထိပ်မှာ ရောမညော
ပင်ကြီးရှိတယ်။ အကိုင်း၊ အခက်၊ အရွယ်များနဲ့ စိမ်းစိုပြီး အရိ
အာဝါသကလည်း ကောင်းမှကောင်းကွ။

ညောင်ပင်ကြီးရဲ့ အောက်ခြေတစ်ရပ်အမြင့်မှာ နတ်ကွန်းတစ
ရှိလေရဲ့။ ကျွန်းသားနဲ့ အကျအနလုပ်ထားတာ။ နှစ်ကြာတေ
နည်းနည်းရွဲ့နေတယ်ကွ။ နတ်ကွန်းပေါ်မှာ ရုပ်တုတစ်ခုရှိတယ
တောင်ဝှေးထောက်ပြီး သိုရင်းအကျီ ဆေးဖြူသုတ် ခေါင်းပေါင်းဖြ
နှုတ်ခမ်းမွေးနဲ့ ရုပ်တု၊ ရုက္ခစိုးရုပ်တုလို့ ခေါ်တယ်။

အောက်ခြေခါးပန်းမှာ သစ်ထွင်းစာတန်းတစ်ခုလည်း ရှိတယ
'ဦးရွှေအိုးကောင်းမှု' တဲ့။

ဦးရွှေအိုး ကွယ်လွန်တာလည်း ကြာပါပြီ။ ငါတို့ မြင်ဖူ
လေးပဲ ရှိပါတယ်။ တကယ့်သူတော်ကောင်းကြီးပါ။ ဘယ်သူစိုက
မှန်း မသိရတဲ့ ညောင်ပင်ကြီးအောက်မှာ နတ်ကွန်းစင်လေး တည





တယ်။ ရုက္ခစိုးရုပ်တု တင်တယ်။ ပန်း၊ ရေ၊ ဆီမီး၊
လှူတယ်။

အနီးမှာ ရေချမ်းစင်လေး တည်ပေးထားတဲ့ရဲ့”

ညောင်ပင်ကြီးဝန်းကျင်မှာ နံနက်မိုးလင်းရင် သူ့လို့ ဘယ်
အမှိုက်သိမ်း၊ အမှိုက်များကို မီးရှို့၊ ပြီးရင် ရုက္ခစိုးကိုးသမားကြီးရ
ရေချမ်း၊ အမွှေးနံ့သာလှူ၊ မေတ္တာပို့၊ အမျှဝေ နေ့စဉ်လုပ်တယ်

ညောင်ပင်ကြီးရဲ့ နေရပ်ဝန်းကျင်လေး သာယာလွန်းမှု
ခရီးသွားများ နားနားနေနေ နေလေ့ရှိတယ်။ အနီးဝန်းကျင်က ကလေး
သူငယ်များလည်း ကျောင်းပိတ်ရက် ညောင်ရိပ်အောက်မှာ ကကြခုန်ကြ
ကစားကြ။

ဟိုရပ်ဒီရပ်က သားဆုပန်သူများလည်း မကြာခဏ ရောက်
လာကြရဲ့။ ဟိုလုပ်ငန်း ဒီလုပ်ငန်းအတွက် ကောင်းရာကောင်းကြောင်း
အဓိဋ္ဌာန်ပြုကြ၊ ငွေစငွေန လှူကြသူများလည်း ရောက်လာကြရဲ့။

အဲဒီ ငွေစငွေနလေးနဲ့ ဦးရွှေအိုးရဲ့ ရင်းနှီးစိုက်ထုတ်ငွေ နှစ်ရပ်
ပေါင်းပြီး နားနေခုံရှည် ထိုင်စရာလေးများကို ဦးရွှေအိုးက လုပ်ပေးခဲ့
တာ။ ခုံခါးပန်းမှာ (၇) ရက်သားသမီးကောင်းမှုလို့ ကမ္ပည်းထိုးပေး
လိုက်သေးတယ်။

အဲဒီ သူတော်ကောင်းကြီး ဦးရွှေအိုး ခုမရှိတော့ဘူး။ သူ့
အစား ဦးရွှေအိုးရဲ့သား ကိုငွေအိုးက ဆက်လက်ပြီး ဆောင်ရွက်နေ
တာပေါ့။

ငါတို့အရပ်ဝန်းကျင်မှာ အဲဒီအချိန်တုန်းက အောင့်ကြောင်နီ
လူသွမ်းသုံးယောက်ရှိတယ်ကွ။

မောင်ဖျိုင်း၊ မောင်ကျိုင်း၊ မောင်ဆိုင်းတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မားအခေါ်၊ သူတို့ကို စရိုက်တူလူသွမ်းများအခေါ်က ငရိုင်း
းလို့ခေါ်ကြသပေါ့- မောင်ရာ။

်တာမှ တာတေကိုလန်လို့။

ိတေလန် ဆိုတာကော သိလား။ 'သရဲတာတေ' ဆိုတာ ဒီသရဲတောင် လက်လန်ပြီး ပြေးရအောင် ကြမ်းတဲ့လူ ့ တာတေလန်ဆိုတဲ့စကား နောက်ပိုင်းပေါ်လာခဲ့တာကွ မှတ် ဒီကောင်သုံးကောင်က အရက်သမား၊ ဖဲသမား၊ သူခိုးကြမ်းပိုး၊ ကြက်တိုက်၊ ရန်ဖြစ် ပြဿနာရှာတဲ့ကောင်တွေ။

အရက်ဖိုးမရှိရင် တွေ့ရာကြုံရာအိမ်က၊ ဈေးဆိုင်က ရရာကို ခိုးရော။ ခိုးစရာအကွက်မရှိရင် ငါတို့အခေါ် (ရွှေညောင်ပင်) ရက္ခစိုး နတ်ကွန်းကို မူးကြောင်ရူးကြောင်နဲ့ ရောက်လာပြီး . . .

''ဘကြီး ရက္ခစိုး၊ ရှိတာလေး စွန့်ပါဦးခင်ဗျား၊ နံနက်စာ မရှိလို့ပါ ခင်ဗျ''

''ဟုတ်ပါတယ် အဘိုးရက္ခစိုးကြီးရယ်။ နောင် အလျှဉ်းသင့်လို့ လုပ်ငန်းလေးများ အဆင်ပြေရင် အရင်းရော အတိုးပါပြန်ဆပ်ပါ့မယ်ဗျာ နော် . . . နော်''

''အဟဲ . . . ဟဲ . . . ဟဲ လုပ်ပါ၊ ရပါတယ်။ ကိုယ့်မြေးသားများဥစ္စာ''

သို့ကလိုပြောပြီး နတ်ကွန်းမှာ ချိတ်ထားတဲ့ ဓာတ်စေ့ထုပ်၊ မုန့်စေ့အထုပ် အဲဒါဖြုတ်ယူပါရော။ အဲဒီငွေထုပ်ကလေးများက သားသမီး ဆုပန်သူတွေ၊ ရေကြောင်းခရီးသွားသူတွေ၊ ကျန်းမာရေး ညံ့သူတွေ လာရောက်ဆုတောင်းပြီး လှူဒါန်းသွားကြတဲ့ ငွေစများရယ်ကွ။

အဲဒါ ဦးငွေတိုးကမြင်တော့ ပြောရော . . .





''မောင်းကျိုင်းတို့၊ မောင်ဆိုင်းတို့''

''ဘာလဲဗျ . . . ဘာရှုပ်ဦးမလို့လဲ''

''အဲဒီလို မလုပ်ကောင်းဘူးကွယ့် ငါ့တူများရဲ့''

''နေပါဦး ဦးငွေတိုးရ။ အခုလို မလုပ်ကောင်းဘူးလို့ ဘယ်ကျမ်းဂန်က ဆိုထားလို့လဲဗျ။ လုပ်ပါဦး အမှိုက်လှည်းသမားကြီးရ အဟတ် . . . အဟတ်''

''ကျမ်းဂန်မှာတော့ မပါဘူးပေါ့ကွာ။ အများကောင်းမှု လှူဒါန်းထားတဲ့ ငွေစများ ဥစ္စာ''

''ဘာလဲ . . . ခင်ဗျားက မောင်ပိုင်စီးမယ်ပေါ့''

ငဈိုင်းက မျက်ထောင့်နီကြီးနဲ့ ဝင်ပြောရော . . .။

''ဦးလေးက အပိုင်စီးတာ မဟုတ်ပါဘူး မောင်ဈိုင်းရယ်။ အဲဒီငွေစများစုပြီး ခရီးသွားအများနားနေဖို့ ခုံရှည်လေးတွေ၊ သစ်သား ကွပ်ပျစ်လေးတွေ လုပ်ပေးနေတာပါ မောင်တို့ရား။ အများအမြင်ပါ။ အိတ်စိုက်တောင် ပါရပါသေးတယ်ကွာ''

ဒီမှာ ငကျိုင်းက အုတ်ခဲကျိုးတစ်ခုကို ကောက်ကိုင်ပြီး –

''ဒီမှာ ဦးငွေတိုး၊ ကျုပ်တို့သားတပည့်ခံပြီး စွန့်ယူတယ်ဗျာ၊ ဘာလဲ ခင်ဗျားက မကျေနပ်ဘူးလား . . . ကိုင်းဟာ''

''ဟေ့ကောင်ရပ် . . .''

ငကျိုင်းက ဦးငွေတိုးရဲ့ ဦးခေါင်းကို အုတ်ပိုင်းကျိုးနဲ့ ပြေး အထုမှာ ငဆိုင်းက ဝင်ဆွဲလိုက်လို့။ နို့မို့ ဦးငွေတိုး ရွှေညောင်ပင်နတ် ကွန်းရှေ့မှာ ဦးခေါင်းသွေးချင်းချင်းနီရော။

ငဆိုင်းက ဆွဲနေတဲ့ကြားက ဆဲရေးတိုင်းထွာပြီး ချမယ် တကဲကဲ။ နောက်လူအတော်များများ ဝိုင်းလာလို့ ရထားတဲ့ ငွေစအထုပ်



www.burmeseclassic.com

www.burmeseclassic.com



လေးများကိုင်ပြီး ဓားကြိမ်းမိုးကြိမ်းခြိမ်းပြီး ထွက်သွားကြရော။

ဒါတောင် ပြောသွားသေးတယ်။

"ဒီညောင်ပင်က သူ့ယောက္ခမစိုက်ထားတာ ကျနေတာပဲ။ နောက်တစ်ခါ အခုလိုဝင်ရှုပ်ရင် ညောင်ပင်ပါလှဲပြီး ပုတ်ပြတ်ရောင်းစားပစ်မယ် သိလား။ ဆိုင်းကွ ထွီ"

✤✤✤✤✤✤✤✤

❑

နောင်တော့ သူတို့လို လူသွမ်းများနဲ့ အဖက်လုပ်ပြီး စကားသုံ့ပြိုင် မပြောတော့ပါဘူး။ အမှိုက်လှည်းစရာရှိလှည်း၊ ပန်း ရေချမ်းလဲစရာရှိလဲ၊ သားဆုပန်ချင်သူများ နားမလည်လို့ အကူအညီ လာတောင်းရင် ဝင်ကူညီ ပြောဆိုပေး ဒါပဲလုပ်ခဲ့တယ်။

သူတို့သုံးယောက် မူးလာပြီး ရွှေညောင်ပင်အောက်မှာ ကကခုန်ခုန်၊ မူးပြီးရန်ဖြစ်ဖြစ်၊ ပုဆိုးကွင်းသိုင်းနဲ့ ဆဲဆဲ၊ အိပ်အိပ်၊ ကောင်းသည်ဆိုးသည် ဝင်မပြောတော့ပါဘူး။

တစ်ခါတလေ စောင်းမြောင်း ဆဲရေးရန်လုပ်သလို ပြောင်ခေါ်ပြီး ချဲလင်းလုပ်တာလည်း ရှိတယ်ကွ။

ဦးငွေတိုးက လူကြီးပီပီ ခန္တီတရားလက်ကိုင်ထားပြီး နှုတ်ဆိတ်ရန်ရှောင်နေလိုက်တယ်။

သူတို့သုံးယောက် မူးရူးပြီး ရွှေညောင်ပင်အောက်မှာ သောင်းကျန်းနေရင် ခရီးသွားများကလည်း ဝင်မနားကြဘူး။ ဘယ်ကလေးမျှလည်း လာမကစားကြဘူး။

---



www.burmeseclassic.com

www.burmeseclassic.com



ဆိုးတာက သောက်ရေအိုးတွေကို မှုံးမှုံးနဲ့ ရိုက်ရိုက်ခွဲတာပဲ

အိတ်စိုက်ဝယ်ထည့်ရတဲ့ အကြိမ်ပေါင်းလည်း မနည်းဘူး။

ရုပ်ကွက်လူကြီးလည်း သိပ်မပြောသာပါဘူးကွာ။ သင်းတို့က ပုလိပ်ပဲ ကြောက်တာကိုး။

တစ်နေ့ . . .

ရွှေညောင်ပင်အောက်ကို ခြေထောက်တစ်ချောင်းမရှိတဲ့ စိတ်မနှံ့သူ မိန်းကလေးတစ်ဦး ရောက်လာတယ်။ သူ့ခမျာ ချိုင်းထောက်လေးနဲ့၊ ပါးစပ်ထဲကနေ ရသမျှသီချင်းဆိုပြီး လျှောက်သွားတောင်းစားနေသူလေးပါ။

ရုပ်ကတော့ မချောပါဘူး။ ဒါပေမင့် ကိုယ်လုံးကိုယ်ပေါက်လေးလှပြီး အသားညိုလေးကွ။ အသက်က (၁၈)(၁၉)လောက်ပဲ ရှိပါလိမ့်မယ်။ လွယ်အိတ်လေး စလွယ်သိုင်းလို့။ စည်းနဲ့ဝါးလေးကိုင်လို့။ သီချင်းများဆိုပြီးရင် ပါးစပ်ကတွေ့ကရာ လျှောက်ပြောနေသူလေးရယ်။

မကြာခဏ ရွှေညောင်ပင်အဘိုး ရက္ခစိုးနတ်ကွန်းနံဘေးက ခုံရှည်ပေါ်မှာ အိပ်လေ့ရှိတယ်။

ဟိုကဒီက ပေးလို့စွန့်လို့ရသမျှထဲက အချို့စားဦးစားဖျားလေးများ ရက္ခစိုးနတ်ကွန်းမှာ လှူလိုက်သေးရဲ့ကွယ်။ စိတ်မနှံ့သလိုရှိပေသော်လည်း ကုသိုလ်ကောင်းမှုအရေး နားလည်တော့ ဦးငွေတိုးက ညဘက် ဆီမီးလာထွန်းရင်း မေးတာပေါ့။

"သမီးနာမည် ဘယ်သူတုံး"

"သိဘူးတော့"

"မိဘများကော ရှိသေးလား"

"သိပါဘူးတော်"





"နေရပ်လိပ်စာရော မှတ်မိရဲ့လား သမီးရဲ့"

"နေရပ်လိပ်စာ"

"အိမ်း"

"နေဦးတော့ . . . ရန်ကုန် အဲ . . . ကျောက်တန်း ဟုတ်သေးပါဘူး။ ပဲခူး ဟာ . . . လွဲပြန်ပါပြီ။ မန္တလေး အဲလေ . . . ရမည်းသင်းလား မသိပါဘူးတော်"

"အသက်ကကော သမီးရယ်"

"အခုလက်ရှိအသက်ကို မေးတာလား။ အရင်ဘဝဟောင်းက အသက်ပါ ရောပေါင်းမေးတာလား ဟင်"

ဒုက္ခော . . . ခက်လွန်းလှပါကလား။

"အခု အသက်ကို မေးတာပါ သမီးရဲ့"

"နက်ဖြန်မွန်းတည့်ရင် (၉၆) နှစ်ပြည့်ပြီတော့"

"အင်း . . . ဒုက္ခ ဒုက္ခ။ ဒီမှာ သမီး"

"ဘာတုံးတော့"

"သမီးက ဒီနေရာမှာ ညတိုင်းအိပ်မှာလားဟင်"

"အခြေအနေအရပေါ့တော်"

"ဖြစ်နိုင်ရင် မအိပ်ပါနဲ့ သမီး"

"ဘာဖြစ်လို့"

"လူမသမာတွေနဲ့တွေ့ပြီး . . . "

"ကျွန်မကို . . . "

"အိမ်း"

"တောင်းပန်ရမှာပေါ့တော်"

"တောင်းပန်လို့မရရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီချိုင်းထောက်နဲ့ ပြန်ချမှာပေါ့တော်။ ခစ် . . . ခစ် . . . ခစ် . . . အဟစ်"

သတိပေးလို့ မရသည့်အဆုံးတော့ ဥပေက္ခာပြုထားလိုက်ရတယ်။ အဲဒီပေမင့် သူ့ခမျာလေးကို သနားလို့ ညရေးညတာ အပေါ့သွားခြင်း မီးထိုးပြီး လှမ်းလှမ်းကြည့်ရသေးရဲ့။

\+ + + + + + + +

❑

တစ်ည . . .

ကံကြမ္မာမုန်တိုင်းက ကောင်မလေးဆီကို လာတာလား ဟို ကောင် လူသွမ်းသုံးယောက်ကိုပဲ ကံကြမ္မာမုန်တိုင်းက လိုလိုချင်ချင် ခေါ်လာ သလားမသိဘူး။

ကောင်မလေး ကွပ်ပျစ်ဝိုင်းပေါ်မှာ အိပ်မောကျနေချိန်။

အချိန်က ညဥ့်သန်းခေါင်။

လူသွမ်းသုံးယောက်တို့ကလည်း ချက်အရက် မြင်းဖြူစီးပြီး ဒယီးဒယိုင် ရောက်လာချိန်။

"စားရက်ကြုံလို့ မှတ်ဆိတ်ဥဒေါင်းဝပ်တာကွ ကျော်ငြိမ်းရ"

"အဟီး . . . အိပ်နေလိုက်တာ ပိုးစိုးပက်စက်ကြီး . . . အဟိ"

သုံးယောက်သား အယုတ္တအနတ္တ စကားများပြောပြီး ခြေတစ်ဖက်မရှိရှာတဲ့ စိတ်မနှံ့သူလေး အိပ်မောကျနေရာကို ဝိုင်းလိုက်ကြတယ်။

ကျော်ငြိမ်းက ကောင်မလေးပါးစပ်ကို လက်ဝါးနဲ့ပိတ်လိုက်တယ်။

ခေိုင်းက လက်နှစ်ဖက်ကို ချုပ်ကိုင်မိထားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး လန့်နိုးပြီး မြင်လည်းမြင်ရော အော်ဟစ်ရုန်းကန်ပါရော။ ယောကျ်ားသုံးယောက်အားဥစ္စာ၊ ဘယ်အော်လို့ ရုန်းလို့ရတော့မှာလဲ။

ဒီမှာပဲ . . .

"ဟိတ်ကောင်တွေ . . . ရပ်စမ်း"

နောက်ဘက်ကနေ အဘိုးကြီးတစ်ယောက်ရဲ့အသံကို ကြားလိုက်ရတယ်။ သုံးယောက်သား ပြိုင်တူလှည့်ကြည့်လိုက်တော့ ပုဆိုးအဖြူ အင်္ကျီအဖြူနဲ့ အသက်(၇၀) ခန့် အဘိုးအိုတစ်ဦး။ သျှောင်ထုံးကြီးနဲ့ တောင်ဝှေးထောက်ပြီး သူတို့အနီးကို ရောက်လာတယ်။

"မင်းတို့ မဟုတ်တာမလုပ်ကြပါနဲ့။ ထွက်သွားကြပါ"

"ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ။ သေချင်လို့လား"

"ငါမေတ္တာရပ်ခံပါတယ်။ မလုပ်ကောင်း၊ မလုပ်သင့်တာကို ဒီဝန်းကျင်မှာ လာမလုပ်ကြပါနဲ့ကွယ်"

"ခင်ဗျား အခု ထွက်မသွားဘူးလား"

"ကလေးမလေးကို လွှတ်လိုက်ပါကွယ်"

"ဟာ . . . ဝင်ရှုပ်ချင်တဲ့ အဘိုးကြီး သေဟာ"

ဖျိုးက ပါးစပ်ထဲရောက်ခါနီး ဝက်သားတုံး လက်နဲ့ပုတ်အချခံလိုက်ရသလိုမျိုး ခံစားရပြီး ပါလာတဲ့ဓါးရှင်းတုတ်နဲ့ အဘိုးကြီးကို ပြေးရိုက်လိုက်တယ်။

"ဝုန်း"

"ဖြောင်း"

အဘိုးအိုက လက်ထဲက တောင်ဝှေးနဲ့ဆီးခံပြီး အတန်တန်တောင်းပန်မေတ္တာရပ်ခံတယ်။





"ဝုန်း"

"ဝုန်း"

"ဖြောင်း . . . ဖြောင်း"

အဘိုးအိုကို တစ်ချက်မျှမထိဘူး။ ဒါနဲ့ဆိုင်းပါဝင်ပြီး နှစ်ယောက် ပေါင်းရိုက်ပါရော။ အဘိုးအိုက အလွန်ကျွမ်းကျင်တဲ့ သိုင်းပညာရှင်လို တုတ်ချက်၊ ရိုက်ချက်၊ ကန်ချက်၊ ထိုးချက်များကို ရှောင်တိမ်းရင်းက . . .

"မောင်ရင်တို့ အဘာမေတ္တာရပ်ခံလို့ မရဘူးလားကွယ် ဟင်"

"ထွက်သွား . . . ခုချက်ချင်း ထွက်သွား၊ ကိုင်းဟာ . . ."

"ဝုန်း . . . ဝုန်း"

"ဗုစ် . . . ဗုစ်"

"ကဲဟာ . . . ကဲဟာ"

"အေး . . . တားမရ ပြောမရလည်း လူမိုက်တွေ မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲကွာ။ နေရစ်ကြ"

သို့ကလိုပြောပြီး ရေမြောင်းပင်နောက်ကို ဝင်သွားလို့ ပျောက်ကွယ်သွားပါရော။

ဖျိုးနဲ့ ဆိုင်းက တုတ်လက်နက်ကိုယ်စီနဲ့ လိုက်ရှာတယ်။ ဘယ်လိုရှာရှာ မတွေ့တော့ဘူး။

"ဘယ်ရောက်သွားလဲကွ"

"မသိဘူးကွ . . . သေသေချာချာ ရှာကွာ"

"လုံးဝကို မတွေ့တာကွ ဆိုင်းရ"

"ငါတို့ကိုကြောက်လို့ ပြေးရောပေါ့ကွာ။ လာ . . . ဒို့ကိစ္စဆက်လုပ်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



ဒီနောက် ကောင်မလေးရှိရာကို ပြန်လာကြတယ်။ တဏှာရာဂ ဇောက သုံးယောက်စလုံးကို စီးနေချိန် . . .

"ရှမ်း"

"အား"

"ရှမ်း"

"အမလေးဗျ"

"ရှမ်း"

"အား. . . သေပါပြီဗျ"

တဏှာငန်းဖမ်းနေတဲ့ သူတို့ရဲ့ကျောက်ကုန်းပေါ်ကို လိပ်ကျောက်မြီး အဖျားစက ရှမ်းခနဲနစ်ဝင်ပြီး လဲကျသွားကြရော။ လှည့်ကြည့်လိုက်တော့ . . .

"ဟာ"

"ဟင်"

"ဟ . . . ဟ"

လူမည်းကြီး၊ ခါးတောင်းကျိုက်ကြီးနဲ့၊ သူဟာ လိပ်ကျောက်မြီးနဲ့ သူတို့သုံးယောက်ကို မညှာမတာ လိုက်ရိုက်နေတာ။ ကောင်မလေးလည်း အော်ပြီးပြေးပြီ။ ဒီမှာ သူတို့ ရရာလက်နက်နဲ့ အမြန်ပြန်လည်ခုခံဖို့ ကြိုးစားနေချိန်မှာပဲ . . .

"ရှမ်း"

"အား"

"ရှမ်း"

"အမလေးဗျ"

"ရှမ်း . . . ရှမ်း"





"သေပါပြီဗျာ . . . ပြေး . . . ပြေး . . . ပြေး"

လိပ်ကျောက်မြီးရဲ့ အဖျားစက သူတို့သုံးယောက်ရဲ့ ကိုယ်ခန္ဓာအနှံ့ကို စူးနစ်ပြီး ဝင်သွားလိုက်တာ ကျောကွဲ၊ အသည်းကွဲပဲ။ နာကျင်လွန်းလှတဲ့ဒဏ်ကို မခံနိုင်တဲ့အဆုံး ပုဆိုးမှုမနိုင်ဘဲ တရကြမ်းပြေးကြရော။

ပြေးတဲ့နောက်ကို လူမည်းကြီးက လိုက်ရိုက်တာ။

လိပ်ကျောက်မြီးရိုက်ချက်ကလည်း တရှမ်းရှမ်းတဝိုးဝိုးနဲ့။

အားလုံး မောဟိုက်ပြီး လဲကျသွားကြတယ်။ အသံကုန် အော်ဟစ်လိုက်ကြတယ်။

ဒီမှာ ဦးငွေတိုးတို့ လူကြီးများ တရှမ်းရှမ်းအသံနဲ့ ကမ္ဘာပျက်မတတ် အဖေကယ်ပါ၊ အမေကယ်ပါ အော်သံများကြားလို့ မီးရောင်များနဲ့ ပြေးထွက်ကြည့်လိုက်ရော။ ငါတို့ လူငယ်များလည်း ပါသပေါ့ကွာ။

ရေမြောင်းတစ်ခုနံဘေးမှာ လူသွမ်းသုံးယောက် လူးလိမ့်အော်ဟစ်လို့။

"ကြောက်ပါပြီဗျ"

"ရှမ်း"

"မလုပ်ပါနဲ့ဗျ . . . အား . . . အမလေးဗျ"

"အမေရေ . . . ကယ်ပါဦးဗျ"

"ရှမ်း . . . ရှမ်း . . . ရှမ်း"

ဒီအချိန်မှာပဲ ပုလိပ်လှည့်ကင်းပါရောက်လာပြီး မြေပြင်ပေါ် လူးလိမ့်အော်ဟစ်နေတဲ့ သူတို့သုံးယောက်ကို ဝိုင်းဝေ့ထုလို့ ကြည့်လိုက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ခေတိုင်း၊ ကျော့်ငှင်းနဲ့ ငဖျိုင်း တို့ပါလား"

"အမလေး . . . သေပါပြီဗျ"

"မရိုက်ပါနဲ့ဗျာ . . . အား . . . အား"

အင်္ကျီများစုတ်ပြဲ၍ ကိုယ်ပေါ်မှာ သွေးချင်းချင်းရဲနေတယ်။ နှစ်ယောက်က ပုဆိုးမရှိ။

"ဟော့ကောင်တွေ . . . ဘာဖြစ်နေတာလဲ"

"မရိုက်ပါနဲ့တော့ဗျာ"

"မင်းတို့ကို ဘယ်သူရိုက်လို့လဲဟ။ ထစမ်း . . . ထစမ်း"

"လူ . . . လူမည်းကြီး၊ လိပ် . . . လိပ်ကျောက်မြီးနဲ့ ရိုက် . . . ရိုက် . . . အား"

"ဟော့ကောင် . . . ဘယ်မှာ လူမည်းကြီးရှိလို့လဲ။ မင်းတို့ ဘယ်သူနဲ့ ရန်ဖြစ်လာသလဲ မှန်မှန်ပြော"

"လူ . . . လူမည်းကြီးကော"

"ဘာလူမည်းမျှ မရှိဘူး။ ပြော . . . မှန်မှန်ပြောနော်"

ဒီမှာပဲ ရာအိမ်မှူး ဦးကုလားနဲ့အတူ စိတ်မနှံ့သူ ခြေတစ်ချောင်းမရှိသူလေး ရောက်လာခဲ့တယ်။ ကောင်မလေးကိုယ်ပေါ်မှာ အဝတ်အစားများ မြင်မကောင်းအောင် စုတ်ပြဲလို့။

ကောင်မလေးက သူတို့သုံးဦးကို လက်ညှိုးထိုးပြီး ဖြစ်ကြောင်းကုန်စင်ကို ဟိုတစ်စဒီတစ်စ ကပေါက်တိ ကပေါက်ချာ ရှင်းပြရှာတယ်။

"ဟော့ကောင် . . . ဝဖျိုင်း"

"ဗျာ . . . ဗျာ"

"ကောင်မလေးပြောတာ . . . ဟုတ်သလား"

"ဟုတ် . . . ဟုတ်ပါတယ်၊ ရဲ . . . ရဲကြီးရယ်။ အား . . .





အား . . . မရိုက်ပါနဲ့ဗျာ အား . . . "

သုံးယောက်စလုံး သွေးခြင်းခြင်းရဲပြီး တုန်နေတယ်။ ပါးစပ်ကလည်း ကယောင်ကတမ်းပြောလို့။ ဒီနောက် အများရှေ့မှာ လက်ထိတ်ခတ်ပြီး ရဲစခန်းကို ခေါ်သွားကြလေရဲ့။

+ + + + + + +

www.burmeseclassic.com

www.burmeseclassic.com

❑

ဇာတ်လမ်းဆုံးသောအခါ ကျွန်တော်က ဘတိုက်ပုံကို မေးရသည်။

"အဘ"

"ဘာတုံးကွ"

"ပထမလာတားတဲ့ အဘိုးကြီးက ဘယ်သူတုံးခင်ဗျ"

"မပြောတတ်ကြဘူးကွ။ အချို့က ခရီးသွားခရီးနားလို့ ထင်ကြေးပေးကြရဲ့"

"ဖြစ်နိုင်သလားဗျ"

"အချို့ကတော့ ရွှေညောင်ပင် အဘိုးရုက္ခစိုး လူယောင်ဖန်ဆင်းပြီး ဝင်တားမေတ္တာရပ်ခံတာနေမှာပဲလို့ ဝေဖန်ကြတာပဲကွ"

"ဒါဆို ငကျိုင်းတို့သုံးယောက်ကို လိပ်ကျောက်မြီးနဲ့ လိုက်ရိုက်ဆုံးမတဲ့ လူမည်းကြီးကကော . . ."

"သူလည်း အမြင်မတော်လို့ မတရားလုပ်နေတာမြင်ပြီး ဝင်နှက်သွားတဲ့ ခရီးသွားပဲလား။ ဒါမှဖဟုတ်"





"ဒါမှမဟုတ်ရင် ဘယ်သူလဲဗျ။ မစုံစမ်းကြဘူးလား"

"စုံစမ်းကြတာပဲ။ သဲလွန်စကို မရပါဘူးတဲ့ကွာ။ ဟိုကောင်သုံးကောင်တော့ ဗလက္ကာရမှုနဲ့ ထောင်နန်းစံရော။ ငါ့အထင်ကတော့ကွာ မောင်မှိုင်းရာ"

"ပြောလေဗျာ အဘရာ။ အဘက ဘယ်လိုထင်လို့လဲ"

"မဟုတ်မှလွဲရော လူခရီးသွားဖြစ်ချင်ဖြစ်၊ အဲဒါမှမဖြစ်ရင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များ လူယောင်ဖန်ဆင်းပြီး မကောင်းသူပယ်၊ ကောင်းသူကယ်ရော့လား မသိပါဘူး မောင်ညိုမှိုင်းရာ"

\+ + + + + + +

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရွှေမန်ကျည်းရယ် ခုနစ်စဉ် ယဉ်ပါလေစ ရပ်ကယ်က

(၁)

''ရွှေမန်ကျည်းရယ်၊ ခုနစ်စဉ် ယဉ်ပါလေစ ရပ်ကယ်က . .''

''ကိုအုတ်ခဲကြီး လာပြီဟေ့''

''ဘုမတို၊ ကျော်စည်တို့ လာကြဟေ့။ မင်းသားကြီး လာပြီဟ''

''ကျော်ဖံ မြန်မြန်လုပ်ပါကွ။ ကိုအုတ်ခဲကြီး လာနေပြီဟ''

ရွာထိပ်က သီချင်းဆိုသံ ကြားရသည်နှင့် ရွာထဲမှ ကလေး





အုပ်သည် အိမ်ရှေ့မှကစားနေရာမှ ခေါင်းထောင်နားစွင့်ပြီး ပျော်သွားကြသည်။ ဒါနှင့်အတူ သူတို့ကစားဖော် ငယ်ပေါင်းများကို ချက်ချင်းအသံပြု၍ အရေးတကြီး အော်ခေါ်လိုက်ကြတော့သည်။ မကြာခင် ထင်းဖြတ်နေသူ ကလေးများရော၊ ခုံညင်းပစ်တမ်း ကစားနေသူများရော၊ ရွှံ့ရုပ်၊ နွားရုပ်လုပ် ကစားနေသူများပါ သီချင်းသံလာရာ အရပ်သို့ တဝေးဝေး တဟေးဟေး အော်ဟစ်ပြီး ရွှင်ပြုံးစွာ ပြေးသွားကြတော့သည်။

ရွာထိပ်က ညောင်ပင်ကြီးအောက်၌ သီချင်းသည် ရောက်နေပါပြီ။ သူသည် နိုင်ငံကျော် အဆိုတော်မဟုတ်။ ဓာတ်ပျက်ရုပ်သေးမင်းသားလည်းမဟုတ်။ သူ့မျိုးရိုးထဲမှာလည်း ဂီတသမား၊ သဘင်သမားလုံးဝမရှိ။ သူကား သွက်သွက်ခါနီးပါး ရူးသွပ်နေသော စိတ်ဝေဒနာသမား တစ်ဦးသာတည်း။

သူ့ပုံကို ကြည့်ပါ။

ပုဆိုးထက်ခြမ်းကွဲကို ခါးမှာတောင်ရှည်လို ဝတ်ထား၏။ အကျႌကားခါးမပါ။ ချက်ပေါ်နေသည့် ညစ်ပတ်ပေကျံနေသော လက်နီးစုတ်သာသာ အကျႌလက်ရှည် ဖွာလန်ကြဲနှင့်ဖြစ်၏။ ခေါင်းပေါ်မှာတော့ ရွာတော်ရှင်နတ်ကွန်း နံဘေးမှာ ကျနေသော မင်းသားခေါင်းပေါင်း အစုတ်ကို ပေါင်းထား၏။ ခော်ကြယ်တစ်ပွင့် နှစ်ပွင့်ကျန်သေးသဖြင့် ခန့်ညားမှုရှိနေ၏။

လူက အသက် (၂၀) ကျော်ပဲရှိသေးသည်။ အစားပျက် အအိပ်ပျက် ထင်ရာမြင်ရာ ဥဒဟိုလျှောက်သွားပြီး ကြုံရာအရပ်၊ ဇရပ်၊ တန်ဆောင်း၊ သစ်ပင်၊ ညောင်ပျဉ်း၊ မြေတလင်းမှာ အိပ်စက်ရသည်များ၍ ဖုန်အလူးလူး ပိန်ချောင်းချောင်း မျက်ကွင်းဟောက်ပက် ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့မျက်နှာသည် (၂၄)နာရီ ပြုံးချိုလျက်။

သူ၏ နာမည်သည်ကား ကိုအုတ်ခဲ။

"ရွှေမန်ကျည်းရယ်ခုနစ်စဉ် ယဉ်ပါလေစရပ်ကယ်က၊ ကိုကြီးနုတ်ကယ့် ဆီးကြိုကာ ကျားနှစ်ကောင် ကြောင်နှစ်ကွင်းက မယ်မငြင်းသာ"

"ဘာတဲ့တုံး . . . မင်းသားကြီး စိန်အုတ်ခဲရေ"

"မဂ်လာစိန်အုတ်ခဲပဲဟေ့နော်"

"အကလေးပါ ထည့်ပါ မင်းသားကြီးရ"

ကလေးအုပ်၊ ကာလသားအုပ်၊ ကစော်သမား၊ ကြက်သမားအုပ်စုများကလည်း ကိုအုတ်ခဲကို မြှောက်ပင့်ဆော်ဩပေးကြသည်။ ဝိုင်းကလူပိုစည်လာခဲ့ပြီ။

"အေးပါကွာ . . . ကမှာပေါ့။ မယ်မငြင်းသာ လာပြန်တော့တာ၊ မယ်မငြင်းသာ လာပြန်တော့တာ။ ထဘီဖာ လိုပါသေးရဲ့"

"ရှော့ဗျ . . . ရှော့ . . . ရှော့"

ကိုအုတ်ခဲက ထဘီဖာလိုပါသေးရဲ့လို့ ဆိုလိုက်တော့ ကြက်သမား ခေါင်းကြီးက 'ရှော့ . . . ရှော့' ဆိုပြီး သံပြားအစုတ်ကို လှမ်းပေးတော့ ကလေးများက ဝိုင်းရယ်ကြရော။

"ဘီးနဲ့မှန်လိုပါသေးရဲ့"

"ဟဲ့ . . . ကုလားမ၊ အိမ်ပြန်ယူပေးလိုက်စမ်း . . . အဟမ်း"

မူးနေတဲ့ ကိုကျားကြီးက ကလေးနဲ့တိုက်ရင်း ကြည့်နေတဲ့ မကုလားမကို ပြောလိုက်ပြန်ရာ –

"တော့မယား မိအာကျယ်ကို သွားယူခိုင်းပြီး တစ်ခါတည်း လိုက်အောင် ထည့်လိုက်"





"ဝါးဟားဟားဟား . . . ကျားကြီးတော့ တစ်ခုလပ် ကျန်ရစ်ကြီး ဖြစ်တော့မှာပဲဟေ့"

"တိတ်တိတ်နေကြပါကွာ၊ သီချင်းကောင်းကောင်း နားမထောင်ရဘူး၊ ချီးမှပဲ"

"ကောင်းကောင်းနားထောင်ချင်ရင် ရေဒီယိုဝယ်ထားပေါ့ကွ . . . ခွေးကောင်ရ။ ဒါမှမဟုတ် ဒီအုတ်ခဲကို မင်းအိမ်ခေါ်သွားပြီး မင်းနမနဲ့ပေးစားလိုက်ရင် 'ရှယ်'နားထောင်ရတာပေါ့"

ကိုကျားကြီးက မူးမူးနဲ့စွတ်ပြီးတွေ့ကရာ လျှောက်ပြောပြန်ပါရော။

"တစ်ကြိမ် နှစ်ကြိမ် ဦးနှိမ်ချလို့၊ သုံးကြိမ် လေးကြိမ်ဦးနှိမ်ချလို့ . . ."

ကိုအုတ်ခဲက ဒီအပိုဒ်ကိုရောက်တော့ ဝိုင်းကြည့်နေတဲ့ လူအုပ်ကို လက်အုပ်ကလေးချီ ဦးချဟန်လုပ်ပြီး ဆိုနေတာ . . .။

"ငါးကြိမ် ခြောက်ကြိမ် ဦးနှိမ်ချလို့၊ ခုနစ်ကြိမ် ရှစ်ကြိမ် ဦးနှိမ်ချလို့ ကိုးကြိမ် ဆယ်ကြိမ် ဦးနှိမ်ချလို့ . . ."

"မင်း ဒီနေ့ ရှိခိုးလို့ပြီးမှာလား အုတ်ခဲရ"

"သက်စေ့ ကန်တော့မှာ ကျားကြီးရ။ အကန်တော့ မခံချင်ရင် မင်းပြန်အိပ်"

ဒါနဲ့ အမူးသမား ကျားကြီးငြိမ်သွားပြန်ရော။ အုတ်ခဲက ပတ်ချာလှည့် လိုက်ကန်တော့နေဆဲ။

"ဆယ့်တစ်ကြိမ် ဆယ့်နှစ်ကြိမ် ဦးနှိမ်ချလို့၊ ဆယ့်သုံးကြိမ် ဆယ့်လေးကြိမ် ဦးနှိမ်ချလို့။ လိုက်ပါရစေ စိန်ဗေဒါရယ်၊ လိုက်ပါရစေအို . . . စိန်ဗေဒါရေ လိုက်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



သူက သီချင်းကို သံရှည်တင်လိုက်ပြီးနောက် ပါးစပ်ဆိုင်းတီးပြီး က.လိုက်တာ ကွေးနေတာပဲ။

ဒီမှာပဲ အမှုးသမား၊ ကြက်သမား၊ ဖဲသမားနဲ့ နွားခိုးအုပ်စုများက အကြိမ်ပေါင်းများစွာ နားဆင်းနေရပြီးမို့ သံပြိုင်လိုက်ဆိုပေးကြပါရောများ။

``တစ်ကြိမ် နှစ်ကြိမ် ဦးနိမ်ချလို့၊ သုံးကြိမ် လေးကြိမ် ဦးနိမ်ချလို့''

`` × × × ''

`` × × × ''

`` × × × ''

ပြောရရင် အုတ်ခဲက သို့ကလို မြှောက်ပင့်ပေးလေ ချွေးဒီးဒီးကျကလေ။ ဒီမှာ ကြက်သမားတင်ဝင်းက ပိစပ်ကိုင်းကြီးကိုချိုးပြီး ပန်းစည်းဆက်တယ်။ ဖဲသမားလှသောင်းက ဆုတော်ငွေပါဆိုပြီး ပိန္နဲရွက်ငါးရွက်ကို မင်းသားအုတ်ခဲရဲ့ ခေါင်းပေါင်းကြား သွားထိုးပေးလိုက်ကြတယ်။

ဒီလိုနဲ့ အုတ်ခဲမျာ ရွာစားကြီး စိန်ဝေဒါရဲ့ ရွှေမန်ကျည်းရယ် ခုနစ်စဉ်သီချင်းကို လေးငါးခြောက်ကြိမ် ဆိုလိုက်၊ က.လိုက်။

ပြီးတော့မှ လျှပ်ပန်းလေးခွေနွဲ့ကိုဟစ်ပြီး မြိုင်ဆ က.လိုက်၊ ရပ်ကြီးသူ သီချင်းနဲ့ဟစ်ပြီး က.လိုက်နဲ့ အမောဆို့လို့ လဲကျတော့မှ အမှုးသမားအုပ်ရော ကလေးလူရွယ်အုပ်ပါ ပြန်သွားကြတယ်။

ပြန်ကြတာတောင် အမှုးသမားအုပ်က သူ့ကိုညောင်ပင်အောက် သောက်ရေအိုးစင်က ရေကိုခပ်ပြီး ပက်လိုပက်၊ ဖုန်မှုန့်တွေ ခေါင်းပေါ် ဖြူးလိုဖြူး၊ လမ်းဘေးက ညောင်ရွက်အမှိုက်တွေ အုပ်ချ





သွန်ချ လုပ်လိုလုပ်နဲ့ အားရအောင် နောက်ပြောင်လို့ဝမှ ရွာထိပ်ညောင်ပင်ကြီးအောက်ကနေ မှုးမှုးရှူးရှူးကခုန်ပြီး အခြားရွာကို သောင်းကျန်းဖို့ ထွက်သွားကြပါရော။

တကယ်တော့ အုတ်ခဲက ဒီရွာဒီအရပ်သား မဟုတ်ပါဘူး။ ဟိုး . . . ထန်းပင်ကုန်းရွာကပါ။ သူက ပွဲကြိုက်တယ်။ သီချင်းကြိုက်တယ်။ ပြောရရင် အကောင်းဘာဝတုန်းက လူရည်သန့်ကလေးပါ။ ခေတ်ပညာတတ်လူငယ်ပါ။

အဲဒီတုန်းက သူ့မှာရည်းစားချစ်သူတစ်ဦး ရှိခဲ့ဖူးတယ်။ သူ့ရဲ့အမည်က ‘မြရေယဉ်ညို’ တဲ့။ ဆန်ကုန်သည် ပွဲစားကြီး ဦးအောင်ဖေချဲ ဒေါ်မြသီတာတို့ရဲ့ တစ်ဦးတည်းသောသမီး။ အုတ်ခဲရဲ့မိဘများက သာမန်လက်လုပ်လက်စား။ (၁၀)တန်းအောင်ပြီးလို့ အုတ်ခဲက ရရာအလုပ်လုပ်ပြီး တက္ကသိုလ်တက်ဖို့ ကြိုးစားနေချိန် သူဌေးပွဲစားသမီး မြရေယဉ်ညိုနဲ့ အညတရအုတ်ခဲတို့ ချစ်ကြိုက်နေတာကို လုံးဝမကြည်ဖြူသူတစ်ဦး ရှိခဲ့ဖူးတယ်။

အဲဒါက ဆန်စက်သူဌေးသား နေမျိုးကျော်စွာဆိုတဲ့လူပဲ။ နေမျိုးကျော်စွာနဲ့ မြရေယဉ်ညိုကို လူကြီးချင်းက သဘောတူပြီးသား ဒါပေမင့် လွန်စွာချောမောလှတဲ့ မြရေယဉ်ညိုက စက်သူဌေးသားကို လုံးဝမကြိုက်ဘူး။ နေမျိုးကျော်စွာက ပိုက်ဆံရှိ သူဌေးသားဆိုတော့ အသောက်အစား၊ လောင်းကစား၊ အပျော်အပါးလိုက်စားရာမှာ ရွာကျော် ရပ်ကျော် မြို့ကျော်လေ။

တစ်နေ့ ရွာဘုန်းကြီးပျံမှာ အောင်ရွှေစည်ဇာတ်ကရော။ အဲဒီဇာတ်ကို မြရေယဉ်ညိုတို့ မိသားစုလည်း လာကြည့်တယ်။ နေမျိုးကျော်စွာလည်း လာပြီးကြည့်တယ်။ ပွဲကြိုက်မောင်ဖြစ်တဲ့ အုတ်ခဲလည်း



www.burmeseclassic.com

www.burmeseclassic.com



လာကြည့်တယ်။ အားလပ်ချိန်ပေးတော့ လူအလစ်မှာ မြရေယဉ်ညိုက ချစ်သူ ကိုအုတ်ခဲနဲ့ မြစေတီဘုရား အုတ်တံတိုင်း နံဘေးမှာ ခိုးတွေ့ စကားပြောနေတဲ့အချိန်၊ လူမျှော်ကြက်ရှာတဲ့ နေမျိုးကျော်စွာတို့အုပ်စုနဲ့ တွေ့ပြီး မတန်မရာလုပ်ရမလားဆိုပြီး ဝိုင်းရိုက်လိုက်တာ အုတ်ခဲ ခေါင်းကွဲသတိလစ်ပြီး မြစေတီဘုရား မှောင်ရိပ်မှာကျန်ရစ်ခဲ့ရတယ်။

မိုးလင်းလို့ ပွဲပြန်တွေတွေ့တော့ အုတ်ခဲမူမမှန်တော့ဘူး။ အဲဒီအထဲရာနဲ့ သူဦးနှောက် ထိခိုက်သွားတယ်။

ဒီအချိန်ကစပြီး ရွှေမန်ကျည်းပင်ရွာသူ ချစ်သူ မြရေယဉ်ညို ရှိရာအရပ်ကို ဝင်ဝင်လာပြီး စိတ်မနှံ့သူဘဝနဲ့ ရွာစားကြီး စိန်ဗေဒါ ရဲ့သီချင်း ရွှေမန်ကျည်းခုနစ်စဉ်ကိုဆိုပြီး ဝင်လာ က,နေတာ။ ရွှေမန်ကျည်းပင်ရွာထဲမှာတော့ စပါးပွဲစားသူဌေးကြီး ဦးအောင်ဖေယျနဲ့ သူ့သမီး မြရေယဉ်ညိုတို့ မရှိတော့ဘူး။ မြို့ပေါ်ကို ပြောင်းသွားပြီ။ မြရေယဉ်ညိုလည်း နေမျိုးကျော်စွာနဲ့ အမွေပေးစားခံရပြီး စိတ်ဆင်းရဲစွာ လူပေလူတေမယား အနှိပ်စက်ခံဘဝကို ရောက်ခဲ့ပြီပေါ့။

ဒါကြောင့် အုတ်ခဲရဲ့ . . .

''ရွှေမန်ကျည်း ခုနစ်စဉ် ယဉ်ပါလေစ ရပ်ကယ်က'' ဆိုတဲ့ သီချင်းသံကိုကြားရရင် ရွှေမန်ကျည်း ခုနစ်ပင်ရွာက သဘောပေါက်ကြတယ်။

အုတ်ခဲဟာ စိတ်မနှံ့သူ့ဘဝနဲ့ ရွာထဲဝင်ပြီး တောင်းရမ်းတာ မျိုးမရှိဘူး။ ဒါပေမင့် ရွာကလူများက သနားပြီး သူ့ကိုစားစရာ သောက်စရာများ ပေးကမ်းလေ့ရှိတယ်။ ရလာသမျှကိုလည်း အုတ်ခဲက စိတ်မနှံ့ပေမဲ့ အကုန်မစားဘူး။ လမ်းတွေ့တဲ့ ဆွမ်းခံကိုယ်တော်များကို လှူတယ်။ ဆင်းရဲလို့ မစားရတဲ့ကလေးများကို ပေးတယ်။ ရွာတော်ရှင်





နတ်ကွန်းမှာ လှူတယ်။ ရွာအဝင်လမ်းက သူအိပ်နေကျ ညောင်ပင်ကြီး မှာရှိတဲ့ ရက္ခစိုးနတ်ကွန်းကို သစ်သီးပန်းမန်လှူတယ်။ ကျန်တာမှ စားတာ။

ကျန်တာမှ စားတာဆိုတာက ဒီလို။

သနားကမား အချစ်ရူးကလေးမို့ လူတိုင်းကသနားကြတော့ ပြောခဲ့သလိုပဲ ထမင်းဟင်း မုန့်ပဲသရေစာ သူ့မှာမရှားဘူး။ တစ်ခါ တစ်ရံ ငပိန်၊ ငထိန်နဲ့ ကျားကြီးတို့၊ အမူးသမား၊ ကြက်သံမား၊ ဖဲသမား အုပ်စုနဲ့ တန်းတိုးရင်း သူတို့အနိုင်ကျင့်လုစားလို့ ကျန်တာမှသူ့ခမျာ စားရတာကိုး။ အဲဒါကို ပြောတာ။

ပြောရရင်တော့ဗျာ . . .

ရွှေမန်ကျည်းပင်ခုနစ်ပင် ရွာသားထဲမှာ မြရေယဉ်ညိုရဲ့ မိဘဆွေမျိုးများပြီးရင် ရက်စက်ရိုင်းပျတာ ဒီအမူးသမား အုပ်စုပါပဲ။

ဒါကြောင့် ယဉ်ပါလေစ ရယ်ကယ်ကလို့ အုတ်ခဲက ဆိုရော့သလား မသိဘူး။

အဲဒီမှာ ထူးဆန်းနေတာတစ်ချက်ကို ရွာသူရွာသားအားလုံး သိနေတာ ရှိတယ်ခင်ဗျ။

အခြားဟုတ်ဘူး။

ဒေါ်ဒေါင်းရွှေဥဆိုတဲ့ အဘွားကြီးပဲ။ အချို့က စုန်းမကြီး၊ ကဝေမကြီး၊ ပညာသည်မကြီးလို့ ထင်ကြပြီး အချို့က အဆက်အဆံ မလုပ်ကြဘူး။ အဘွားကြီးက ရွာပြင် လက်ကန်တော့ထိုး ချောင်းနံဘေး က မန်ကျည်းပင်ဝန်းကျင်မှာ တဲစုတ်လေးနဲ့နေတာ၊ အရင်က တော်တော်ချောဆိုပဲ။ လွန်ခဲ့တဲ့ ပျိုရွယ်စဉ်ကာလက စပါးပွဲစားကြီး ဦးအောင်ဖေယျအိမ်မှာ အိမ်ဖော်ထမင်းချက် လုပ်ခဲ့ဖူးသတဲ့။ နောက် ပိုင်း ပွဲစားကြီး ဦးအောင်ဖေယျရဲ့ကတော် ဒေါ်မြသီတာက အိမ်ပေါ်က



www.burmeseclassic.com

www.burmeseclassic.com



နှင်ချ မောင်းထုတ်လိုက်ရတယ်လို့ ရှေးလူကြီးများအချို့ရဲ့ ပြောသံကြားတယ်။

ဘာကြောင့်ဆိုတာ အတိအကျမသိရပေမင့် ရိုက်နှက်ပြီး မောင်းထုတ်လိုက်တာဆိုတာတော့ အများကသိကြတယ်။

အချို့ပြောတာ ပွဲစားကြီး ဦးအောင်ဖေယျနဲ့ အခန်းထဲမှာ မိလို့တဲ့၊ အချို့ပြောတာတော့ ဦးအောင်ဖေယျက အိမ်ဖော်မလေး ဒေါ်ဝင်းရွှေဥကို မတော်မတရားကြံစည်တာ ပြန်တိုင်လို့ ဒီလိုစွပ်စွဲရမလားဆိုပြီး နှိပ်စက်မောင်းထုတ်တာလို့ ပြောသံကြားရတယ်။ မန်ကျည်းခုနစ်ပင်ရွာက နှစ်ပေါင်း(၄၀)လောက် ပျောက်သွားပြီး အသက် (၆၀)နားနီးတော့မှ ဒေါ်ဒေါ်ဝင်းရွှေဥဟာ အဘွားကြီးဘဝနဲ့ လက်ကန်တော့ထိုးချောင်းနံ့ဘေးရွာပြင်ကို ပြန်ရောက်လာခဲ့တာ။

တစ်ရွာလုံး ဘယ်သူနဲ့မှ စကားမပြောဘူး။ ငါးရှာ၊ ဖားရှာ တောဟင်းရွက်ခူးပြီး အခြားရွာမှာ သွားလည်ရောင်းလို့ သူမရဲ့ဝမ်းစာ ရှာစားနေတာ။ အဲဒါကို ဒေါ်မြသီတာကြားတော့ မဟုတ်မဟတ် စုန်းမ၊ ကဝေမ၊ ပညာသည်မလို့ သတင်းလွှင့်နေတာ။

လောကဓံ အတိုက်မျိုးစုံဒဏ်ကြောင့် ဒေါ်ဒေါ်ဝင်းရွှေဥ မန်ကျည်းပင်ရွာကို ရောက်တော့ အိုရုပ်ကျအလှပျက်ပြီး ခါးကုန်းကုန်း ဆံပင်ပြောင်းဖူးမွေးနဲ့ ဖြစ်နေပြီကိုး။

ပွဲကတော် ဒေါ်မြသီတာက သူ့လင်ရဲ့ ပျိုရွယ်စဉ်ဘဝက ဆိုးလုံး၊ ညစ်လုံး၊ မသမာလုံးတွေကို ဖော်ကောင်လုပ်မှာ စိုးရိမ်ပြီး မဟုတ်သတင်း လွှင့်နေတာ။

အမှန်က ဒေါ်ဒေါ်ဝင်းရွှေဥက နေစရာမရှိဘူး။ ဆွေမျိုးမရှိဘူး။ သေရင် ဒီရွာမြေမှာသေချင်လို့ ပြန်လာတာ။ ဦးအောင်ဖေယျတို့





မိသားစုအကြောင်း အသက် (၆၀)ကျော်ရောက်သည့်တိုင် ကောင်းကောင်းဆိုးဆိုး ဘာမှမပြောဘူး။ ရွာထဲက အချို့က လွန်ခဲ့တဲ့ အနှစ် (၃၀) ကျော် (၄၀)က ဒေါ်ဒေါ်ဝင်းရွှေဥ ရွာမှထွက်သွားရသည့် အကြောင်း သွားမေးစုံစမ်းလည်း လုံးဝမပြောဘူး။

တစ်ခုပဲ ရှိတယ်။

အဲဒီအကြောင်း အစဖော်မေးရင် နာကြည်းစွာ တောက်ခတ်ပြီး ရွာဘက်ကို အံကြိတ်ကြည့်တဲ့ မျက်နှာထားပဲ။

ဒေါ်ဒေါ်ဝင်းရွှေဥ ရုပ်ပျက်ဆင်းပျက်နဲ့ လက်ကန်တော့ထိုးချောင်းနံ့ဘေး တဲထိုးနေတဲ့နေ့မှာပဲ ဒေါ်မြသီတာရဲ့ အစ်ကိုကြီး ဆုံးသွားခဲ့တယ်။ အဲဒါဒေါ်ဒေါ်ဝင်းရွှေဥ ပြုစားတာလို့ အဓိပ္ပာယ်မရှိ စွပ်စွဲအပုပ်ချတယ်။ ဘာမှ မကြာဘူး။ ဒေါ်မြသီတာရဲ့ညီမ မြွေကိုက်သေတယ်။ အဲဒါလည်း ဒေါ်ဒေါ်ဝင်းရွှေဥ ပညာနဲ့တိုက်တာလို့ စွပ်စွဲတယ်။

သူ့ညီမ ရက်လည်တဲ့နေ့မှာ ဒေါ်မြသီတာ အိမ်လှေကားပေါ်က မှောက်ပြီးပြုတ်ကျပြန်ရော။ အကုသိုလ်များနေတဲ့၊ အဘိဇ္ဈာများနေတဲ့၊ ငွေဂုဏ် ဓနဂုဏ်မောက်နေတဲ့ မိသားစုမှာ အကုသိုလ်တစ်ခုပြီးတစ်ခု ဝင်လေ ရွာပြင်က ဒေါ်ဒေါ်ဝင်းရွှေဥတစ်ယောက် အသားလွတ် နေရင်းထိုင်ရင်း ငယ်ကမိုင်းနဲ့ အရိုင်းခံရလေပဲ။

နောက်ဆုံး သူ့သမီး မြရေယဉ်ညို အိမ်ထောင်ရေးကိစ္စ အုတ်ခဲရဲ့ဘဝကို ရှုံးသွပ်သွားအောင် လုပ်တဲ့ကိစ္စနဲ့ လူပြောများလာတော့ မြို့ကို ပြောင်းသွားခဲ့ရတယ်။

သို့တိုင်အောင် ဒေါ်ဒေါ်ဝင်းရွှေဥက ရွာထဲကို လုံးဝမဝင်ခဲ့ဘူး။ ဒေါ်မြသီတာတို့ တစ်မျိုးလုံးကို စိတ်နာနေလို့။ [illegible] ဒေါ်မြသီတာနဲ့ အမျိုးများရဲ့ သွားပုပ်လေလွင့် ပြောပြမှုတွေကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မြေနိမ့်ရာလှံစိုက် ဒေါ်ဒေါင်းရွှေဥကို ပညာသည်အဖြစ် သံသယဝင်ပြီး ရွာကလည်း အဆက်အဆံ နည်းခဲ့ကြတယ်။

ဒေါ်ဒေါင်းရွှေဥကို ခပ်ရဲရဲဝံ့ဝံ့ ဆက်ဆံနေတာ တစ်ဦးပဲ ရှိတယ်။ အဲဒီလူက အုတ်ခဲပဲ။

အုတ်ခဲက ဗွန်ကြပေးကမ်းလို့ ရလာသမျှထဲက တချို့တစ်ဝက်ကို ရွာပြင်မှာနေတဲ့ အဘွားဒေါ်ဒေါင်းရွှေဥထံ သွားပေးကျွေးလေ့ရှိတယ်။

အဘွား ဒေါ်ဒေါင်းရွှေဥက လက်မခံပါဘူး။ အုတ်ခဲက 'ဒါ ရွှေမန်ကျည်း ခုနစ်ပင်ရွာက စားစရာတွေ မဟုတ်ဘူး။ ရေလဲကုန်း ဝက်ကြီးစု၊ ခရေပင်ရွာများက ပစ္စည်းပါ အဘွားရဲ့၊ စားပါ'လို့ ဖွတ်ကျွေးမှ အုတ်ခဲရဲ့စေတနာကို တန်ဖိုးထားသနားပြီး စားရှာတယ်။

ဒေါ်မြသီတာတို့ ရွာလက်ကျန် အမျိုးများကတော့ အုတ်ခဲနဲ့ ပညာသည် ဒေါ်ဒေါင်းရွှေဥတို့ ညားနေတယ်လို့တောင် လွှင့်လိုက်သေးရဲ့။ ရက်စက်ပုံများနော်။

ဒေါ်ဒေါင်းရွှေဥဟာ နှစ်ပေါင်းများစွာ ရင်နင့်ကြေကွဲဒဏ်ရာနဲ့ရွာနဲ့ မြို့ရပ်ခပ်များများမှာ အခြေချနေထိုင်ခဲ့လို့ သူမမှာ ဗဟုသုတတွေ အများကြီး ရရှိနေတာကို ဘယ်သူမှ မသိကြဘူး။ အဘွားကြီး ဒေါ်ဒေါင်းရွှေဥက ဆေးဝါးအကြောင်း အတော်အတန်နားလည်တော့ တစ်နေ့ စိတ်ရောဂါကု ဘုန်းကြီးတစ်ပါးထံ အုတ်ခဲကို ဒုက္ခခံခေါ်သွားလို့ ပြသပေးခဲ့လိုက်တယ်။

ဆရာတော် ဘုန်းကြီးကလည်း အုတ်ခဲဖြစ်ခဲ့ပုံ သနစ်စုံကို သိရှိပြီး ဂမုန်းပေါင်း စိတ်ရောဂါကုဆေးနဲ့ကု။ ယတြာခတ်ဆင်များနဲ့လည်း ရက်အတန်ကြာ ကုသပေးခဲ့လိုက်တော့ အုတ်ခဲရဲ့ရောဂါဟာ





နှစ်ရက်ရှိပြီ ပြန်မလာသေးဘူး မောင်ကြီးရဲ့"

"အေး . . . အေး . . . သာဓု . . . သာဓု . . . သာဓု။ သူတော်ကောင်းလေးပါကလား။ အင်း . . . အချိန်တန်ပြီ အချိန်တန်ပြီဟေ့"

"မောင်ကြီး . . . ဘာအချိန်တန်တာလဲ ဟင်"

"ဟဲ့ . . . နှင့်မွေးစားသားရောဂါ ပျောက်ချိန်တန်ပြီ ရွှေဥရဲ့"

"ဟင် . . . တ . . . တကယ်"

"အိမ်း . . . ဒီမှာ အဲဒီညောင်ပင်ကို ထုံးသုတ်ပြီးရင် ထုံးမန်ကျည်းစေ့ခန့်သုံးလုံး ရက္ခစိုးစင်ပေါ်မှာ တင်ခဲ့လို့ပြောလိုက်။ နောက်နေ့ည သန်းခေါင်ယံမှာ အဲဒီထုံးသုံးလုံးကို သူကိုယ်တိုင်ယူပြီး တစ်နေ့တစ်လုံး ဘုရားသောက်တော်ရေနဲ့ မျှောချသောက်လို့ပြော၊ ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့ပါ မောင်ကြီးရှင်"

"ကိုင်း . . . ငါသွားမယ်"

"နေ . . . နေပါဦး မောင်ကြီးရှင့်။ မောင်ကြီးရဲ့ အမည်လေး တစ်ဆိတ်ပြော . . ."

"လျှာမရှည်နဲ့ . . . ငါပြောတဲ့အတိုင်းလုပ်".

သို့ကလိုပြောပြီး အိမ်ထဲက ထွက်သွားရော၊ မကြာခင် မျက်စိရှေ့မှာ ပျောက်သွားပြီး ဒေါ်ဒေါင်းရွှေဥ အိပ်ရာကလန့်နိုးလာခဲ့တယ်။ ထူးဆန်းလိုက်တဲ့ အိပ်မက်။

ဒီကိစ္စ မွေးစားသားလိုဖြစ်နေတဲ့ မောင်အုတ်ခဲ ပြန်ရောက်လာရင် ဟုတ်သော်ရှိ မဟုတ်သော်ရှိ လုပ်ကိုလုပ်နိုင်းမှာပဲ။

မောင်အုတ်ခဲ ပြန်ရောက်လာတော့ ထုံးပုံးလေးတစ်လုံးပါလာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဘယ်ကရလာတာလဲမေးတော့ ဘုန်းကြီးကျောင်းကတဲ့။ ဒါနဲ့ နှစ်ယောက်သား ထုံးပုံး၊ ရေပုံးနဲ့ တံမြက်စည်းတစ်ချောင်းယူပြီး ရွာထိပ်က ညောင်ပင်ကြီးရှိရာကို လာခဲ့ကြတယ်။

ဒီညောင်ပင်ကြီး သက်တမ်းဘယ်လောက်ရှိပြီလဲ ဒေါ်ဒေါင်းရွှေမသိ၊ သူ့အဖိုးပေါက်အရွယ် ဦးအောင်ဖေချော့တို့အိမ်မှာ အိမ်ဖော်မလုပ်ခင်ကတည်းက အရိပ်အာဝါသ ကောင်းလွန်းလှသည့် အထင်ကရ ညောင်ပင်ကြီး။ ဘိုးစဉ်ဘောင်ဆက် ရှိနေသည့် ရုက္ခစိုးနတ်ကွန်းတစ်ခုကလည်း ညောင်ပင်စည်မှာ ရှိနေတယ်။

ဒါ့အပြင် စွန့်ပစ်ခံနတ်ရုပ်ပေါင်းစုံနဲ့ နတ်စင်တွေကလည်း တိုးလိုးတွဲလောင်း။ မရှိဘူးဆို ပင်စည်က လူကြီး (၁၀) ဖက်စာလောက် ရှိတယ်။

အုတ်ခဲနဲ့ ဘွားဒေါင်းရွှေဥ ထုံးပုံးကို ရေဖျော်ပြီး ညောင်ပင်ကြီးအောက်ခြေ အဝန်းကို တံမြက်စည်းနဲ့ ထုံးသုတ်လိုက်ကြတယ်။

လမ်းသွားလမ်းလာအချို့က သူတို့နှစ်ဦး၏ ပြုလုပ်ပုံကို ကြည့်ပြီး အံ့သြကြလို့။ နှစ်ပေါင်းများစွာ ဒီရွာတည်လာခဲ့တာကြာပြီ။ မည်သူမျှ ထုံးသုတ်ရကောင်းမှန်း မသိကြ။ ရွာထဲမှ နှစ်ဦးစ သုံးဦးစသာ သားဆုပန်ရင် ပန်း၊ ရေချမ်း ကပ်လှူသွားကြတာ ရှိဖူးတယ်။ ဒီလို ထုံးသုတ်တာ တစ်ခါမျှမမြင်ဘူးကြ။

အချို့က သို့လော . . . သို့လော တွေးကြတယ်။

အဘွားကြီး ဘာကြံစည်နေသလဲ။

ဒေါ်မြသီတာရဲ့ လက်ကျန်အမျိုးအချို့က . . .

''ကြည့်ပြီးနေကြနော် . . . မကောင်းဆိုးဝါးမကြီး တစ်ခုခု ကြံစည်နေပြန်ပြီဟေ့''





ဟုကြားအောင် ရွဲ့၍ ခနဲ့သွားကြသေးတယ်။

''ရွှေမန်ကျည်းရယ်၊ ခုနစ်စဉ် ယဉ်ပါလေစ ရပ်ကယ်က . . .''

အုတ်ခဲက သီချင်းကို ဆိုလိုက်၊ ကလိုက်၊ ထုံးကိုသုတ်လိုက်။ ဘွားဒေါင်းရွှေဥက ပန်းရေချမ်းလဲတယ်။ အမွှိုက်များ လှည်းကျင်း၊ စုပုံမီးရှို့တယ်။

မွန်းတည့်ချိန်မှာ ကိစ္စဝိစ္စအားလုံး ပြီးစီးသွားတယ်။

''သား . . . အုတ်ခဲ''

''ဗျာ . . . အမေဒေါင်း''

''အိပ်မက်ထဲက အဘိုးပြောတဲ့အတိုင်း ရော့ . . . ဒီကွမ်းစားထုံးကို မင်းကိုယ်တိုင် သုံးလုံးလုံးပြီး ဟိုနတ်ကွန်းစင်ပေါ် သွားတင်လိုက်စမ်းသား''

''ဟုတ်ကဲ့ . . . ကိုကြီးနတ်တဲ့ ဆီးကြိုလာ၊ ကျားနှစ်ကောင်ကြောင်နှစ်ကွင်းက မယ်မငြင်းသာ . . .''

အုတ်ခဲဟာ သီချင်းဆိုရင်းက ကွမ်းစားထုံး သုံးလုံးလုံးပြီး ရုက္ခစိုးနတ်ကွန်းစင်ပေါ်မှာ တင်လိုက်တယ်။ ဒီမှာ အဘွားဒေါ်ဒေါင်းရွှေက –

''အဘိုး . . . သမီးတော်ကြီးနဲ့ သားတော်လေး ဒီနေ့ကုသိုလ်ကောင်းမှုများ ပြုပါမယ်။ ဤကောင်းမှုကုသိုလ် အစုစုတို့အား အဘိုးရုက္ခစိုးကြီးနဲ့တကွ (၃၁) ဘုံသားများ၊ ယမမင်းကြီးနဲ့တကွ (၇)ရက်သားသမီးများ မကျန်အမျှပေးဝေပါတယ်။ အမျှ အမျှ အမျှပါ အဘိုး။ အားလုံးသော လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါများ ကျန်းမာချမ်းသာကြပါစေ။ ဟောဒီ သားတော်ကြီးအတွက် နတ်ဆေးဩဇာများလည်း ချီးမြှင့်တော်မူပါ အဘိုးရှင့်''



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာ ညောင်းကိုင်းအချို့ လှုပ်ခတ်လိုက်တာကို ဘွားဒေါင်းရွှေဥ ကြားရမြင်ရသလို ညောင်ပင်ပေါ်က ရယ်သံလိုလိုလည်း ကြားလိုက်ရလို့ မော့ကြည့်လိုက်တော့ ရိပ်ခနဲ ခပ်ဖြူဖြူအရာတစ်ခုကို ရိုးတိုးရိပ်တိပ် မြင်လိုက်ရပြီး ပျောက်သွားပါရော။ ကျောထဲမှာ ဖြန်းခနဲ ဖြစ်သွားရဲ့။

သည့်နောက် တဲကိုပြန်လာခဲ့ကြတယ်။ အုတ်ခဲက လမ်းတစ်လျှောက် သီချင်းကိုအော်ဆိုပြီး ကွေးနေအောင် က,လို့လိုက်လာခဲ့တယ်။

တဲရောက်တော့ နှစ်ဦးသား ရှိတဲ့ဟင်းနဲ့ ထမင်းစားလိုက်ကြတယ်။

ဒီလိုနဲ့ ညဦးသန်းခေါင်လောက်မှာ နှစ်ဦးသား မှောင်နှင့်မည်းမည်း ရွာထိပ်က ညောင်ပင်ကြီးရှိရာကို အရဲစွန့်လာခဲ့လိုက်ကြတယ်။ လမ်းမှာ လူနဲ့တူလို့ ခွေးတောင်မရှိဘူး။ ရောက်တာနဲ့ ဆီမီးသုံးတိုင်ထွန်းညှိပူဇော်ပြီး အုတ်ခဲက ထုံးသုံးလုံးကို ယူလိုက်တယ်။ အဘွားဒေါင်းရွှေဥဟလည်း မေတ္တာများပို့ပြီး ပြန်လာခဲ့လိုက်ကြတာ နောက်ကနေ ခြေသံလိုလို ကြားရတာနဲ့ လှည့်လည်းကြည့်လိုက်ရော ဘာမှမတွေ့ရဘူး။ ဘယ်သူများပါလိမ့်။ လိုက်ပို့တာများလား။

"ရှူး"

"အောင်မလေး . . . မြွေကြီးတော့"

ကန်သင်းရိုးတစ်ခုကို အရောက်မှာ လက်မောင်းလောက်ရှိတဲ့ မြွေဟောက်ကြီးတစ်ကောင်ရယ် ပါးပျဉ်းကြီးခွက်ပြီး စိုက်ကြည့်လို့ နေပါရော။

"ဘုရား . . . ဘုရား . . . လူလေး မြွေဟောက်ဟဲ့ ရှေ့မတိုးနဲ့။ အဘိုး . . . အဘိုး သမီးတို့ကို ကယ်တင်စောင့်ရှောက်ပါအဘိုး"





"ရှူး . . . ရှူး"

သို့ကလို ပြောလိုက်စဉ်မှာပဲ မျက်လုံးရဲရဲနဲ့ မြွေဟောက်ကြီးဟာ သူ့ကို တစ်စုံတစ်ဦးက ခြောက်လှန့်လိုက်သည့်အလား အလန့်တကြား အသံပြုရင်း တစ်ဖက်ကွင်းထဲသို့ ကမူးရှူးထိုး ပြေးပါလေရော။

အိမ်ရောက်တော့ ဘုရားဆောင်က သောက်တော်ရေကို ဆေးဝါးအဖြစ် တောင်းယူပြီး အုတ်ခဲကို အိပ်မက်ထဲ မောင်ကြီးသူတော်စင်မှာကြားသည့်အတိုင်း ထုံးလုံးတစ်လုံး စ,တိုက်လိုက်တယ်။ အဲဒီညဆေးလုံးသောက်ချိန်ကစပြီး အုတ်ခဲအိပ်ပျော်သွားခဲ့တာ မိုးစင်စင်လင်းလို့ ဘွားဒေါင်းရွှေဥနှိုးမှ နိုးတော့တယ်။

သုံးရက်တိတိ သောက်လည်းပြီးရော အံ့သြစရာကောင်းလိုက်တာ။ အိပ်မက်ထဲ ဝတ်ဖြူစင်ကြယ်နဲ့ သူတော်စင်ပုဂ္ဂိုလ်တစ်ဦး အုတ်ခဲကို လာပြောပါလေရော။

"လူလေး . . . မောင်အုတ်ခဲ"

"ခင်ဗျာ . . . ဘိုးဘိုး"

"လူလေး ဝဋ်ကြွေးကုန်ပြီ။ သူတော်ကောင်းကို နတ်ကောင်းမတယ်လို့မှတ်။ မိုးလင်းရင် လူကလေး လူကောင်းပြန်ဖြစ်ပြီကွယ့်။ ရတနာသုံးပါး မမေ့နဲ့။ ဒေဝပူဇာလည်း မမေ့နဲ့။ လာစမ်း . . . ဒီကို"

အုတ်ခဲက ခေါ်နေတဲ့ အဘိုးဆီကို ရောက်သွားရော သူတော်စင်အဘိုးက သူ့ခေါင်းကို လက်ဝါးနဲ့ သုံးချက်သပ်လိုက်ပြီး ပျောက်သွားတယ်။ ဒါပေမဲ့ အဲဒီညက အုတ်ခဲလုံးဝမနိုးခဲ့။ မိုးလင်းလို့ ဘွားဒေါင်းရွှေဥလာနှိုးတော့ သူနိုးပြီ။

နိုးတာနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



အဖေနဲ့ အမေ။

ပြီးတော့ ချစ်သူမြရေယဉ်ညို။

အိန္ဒိအတူ ဘုန်းကြီးပျံပွဲညက ပဋိပက္ခမြင်ကွင်း။

အို . . . သူအားလုံးကို ပြန်အမှတ်ရလို့ပါကလား။

ထူးဆန်းလှချေကလား။ သည့်နောက် အိပ်မက်ထဲမှာ ဦးခေါင်းကို လက်ဝါးနဲ့ သုံးကြိမ်သပ်ချပေးသွားတဲ့ ကျေးဇူးရှင် သူတော်စင်အဘိုး။ အဘွားဒေါင်းရွှေဥလည်း သူဦးနောက် ပြန်ကောင်းသွားလို့ အတိုင်းမသိ ဝမ်းသာ။

သည့်နောက် ကျေးဇူးရှင် ဘွားဒေါင်းရွှေဥလက်ကိုဆွဲပြီး သူ့နေရပ် ထန်းပင်ကုန်းရွာကို ပြန်ဝင်ရော။ မိဘဆွေမျိုးများ၊ ကျေးဇူးရှင်ဆရာများ၊ အပေါင်းအသင်းများက ဝမ်းသာအံ့ဩလို့ မဆုံးကြ။

ဘယ်လို ကောင်းသွားတာလဲဆိုသည့် ဖြစ်စဉ်များကို အုတ်ခဲနှင့် ဘွားဒေါင်းရွှေဥတို့က ပြောပြတော့ အားလုံးပါးစပ်အဟောင်းသားနှင့် အံ့ဩကြလျက်။

သူနေကောင်း၍ ကျောင်းပြန်တက်ပြီး ဘွဲ့ရလို့ မကြာခင် သူ့ရှိရာသို့ မိန်းမရွယ်တစ်ဦး ရောက်လာခဲ့သည်။

ကြည့်လိုက်တော့ သူ့ရဲ့ငယ်ချစ် မြရေယဉ်ညိုပါလား။ ခုတော့ မြရေယဉ်ညိုက မုဆိုးမလေးဖြစ်နေပြီ။ သူ့ယောကျ်ားလည်း အရက်ရောဂါနှင့် သေဆုံးခဲ့ပြီ။ သူမရဲ့ မိဘနှစ်ပါးလည်း ကားမှောက်လို့ ကွယ်လွန်ခဲ့ပြီတဲ့။

ခု မုဆိုးမလေး မြရေယဉ်ညို တစ်ယောက်တည်း။

အုတ်ခဲက မြရေယဉ်ညိုကိုကြည့်ရင်း အံ့ဩနေရာမှ ဖြေးဖက်လိုက်တယ်။ မြရေယဉ်ညိုက အုတ်ခဲရဲ့ ရင်ခွင်ထဲမှာ ခေါင်းဖက်ပြီး



ရှိုက်ငိုနေတယ်။

နာကြည်းစိတ် ပြင်းထန်တဲ့ ဘွားဒေါင်းရွှေဥကတော့ သူတို့နှစ်ဦးရဲ့ သန့်စင်သောမေတ္တာကို နားလည်စွာ ခံစားသဘောပေါက်ပြီး ခေါင်းတညိတ်ညိတ်လုပ်လို့ နေရှာလေရဲ့။

ခုတော့ ရွှေမန်ကျည်း ခုနစ်စဉ်ယဉ်ခဲ့ပါပြီ။ ဘီးရောမှန်ပါပါခဲ့ပါပြီ။ အုတ်ခဲချစ်သူရဲ့လက်ကိုဆွဲပြီး ငယ်သီချင်းကို အော်ဟစ်ဆိုလိုက်သည်။

"လိုက်ပါရစေ စိန်ပေဒါရဲ့၊ လိုက်ပါစေ"

+ + + + + + +

မောင်ညိုမှိုင်း (သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ငါလည်းပါမယ် ချန်မထားနဲ့ မင်းတို့ကစားတော့ ဖျင်းလှတယ်

(၁)

သကြၤန်နီးလာသောအခါ ကျွန်တော်တို့ မြင့်သိန်းကြီးကို အထူး သတိရကြသည်။

သူ့ကိုသတိရသည်နှင့်အမျှ သူနှင့်ပတ်သက်ခဲ့သည့် ထူးခြား ဆန်းကြယ် ဖြစ်ရပ်တစ်ခုကိုလည်း ကျွန်တော်တို့ ဘယ်တော့မျှ မေ့ ပျောက်၍ ရနိုင်လိမ့်မည်မဟုတ်။

ကျွန်တော်တို့မှာ အလွန်ခင်မင်စရာကောင်းသည့် သူငယ်ချင်း တစ်ဦးရှိ၏။ သူ့အမည်က မြင့်သိန်းကြီးဖြစ်သည်။ လူကောင်ကလည်း ထွား၏။ မျက်နှာက ပြပြ၊ နားရွက်က သေးသေး၊ ဆံပင်က တိုတိုနှင့်





ဖိုးဝရုပ်ဟု ကျွန်တော်တို့က ခေါ်ကြသည်။

သူသည် ပျော်ပျော်နေတတ်သူလည်း ဖြစ်သည်။ သူ့ရယ်၊ ကျွန်တော်ရယ်၊ ကိုသောင်းညွန့်ရယ်၊ ကိုဝင်းမောင်ရယ်၊ အောင်ရွှေရယ်၊ ကိုမြင့်ကြည်ရယ်တို့သည် အရပ်ထဲ တန်ဆောင်မုန်းလ ရောက်လျှင် အရပ်ဇာတ်ပွဲ ကကြသည်။

မြင့်သိန်းကြီးက မျက်နှာပြောင်မို့ လူရွှင်တော်ခန်းမှာ သူသရုပ် ဆောင်လျှင် ပရိသတ်က ပွဲကျကြသည်။ သကြၤန်သံချပ်ထိုးလျှင် သူက အခရာရယ်။

သီချင်းကောင်းများဖျက်၍ သီချင်းပျက်လုပ်ဆိုရာမှာလည်း သူက ဉာဏ်ရွှင်လှ၏။ သူ သီချင်းဖျက်၍ သီဆိုလျှင် ပရိသတ်က ပါးစပ်စေ့မနေရ။ တဟားဟား ရယ်နေရသည်။

သူ့ကို မိန်းကလေးများ၊ မိန်းမကြီးများမှသည် ကလေး များအထိ အားလုံးက ချစ်ခင်ကြသည်။ သကြၤန်အလှူခံထွက်လျှင် ဖိုးဝရုပ်လိုလို၊ သူငယ်တော်လိုလို ဆင်၍ ထမင်းစားပန်းကန်ခန့်ရှိ သော ရွှေရောင်ဒေါ်လာပြားကြီး ရင်ဘတ်ဆွဲချိတ်၍ မရှက်မကြောက်က၏။

သကြၤန်မုန့်လုံးရေပေါ် လုပ်ကျွေးသည့်အခါ ငရုတ်သီးစိမ်းထည့် ထားသည့် မုန့်လုံးရေပေါ်များအား အပျိုကြီး၊ အပျိုလေးများကို လိုက် လိုက်လုံ့လုံ့ ကျွေးလေ့ရှိရာ စားမိသူများ ငရုတ်သီးကိုက်မိပြီး မျက်ရည်ကျ ရသည်။ ကလော်တုတ် မေတ္တာပို့ကြလျှင် သူကကျေနပ်စွာ ပြုံး၍ခံယူ၏။

အပျိုချောချောလှလှ မုန့်လုံးရေပေါ်ဝိုင်းလုံးနေလျှင် အလစ် မှာမျက်နှာကို အိုးမဲသုတ်၍ ပြေးလေ့ရှိရာ အပျိုအုပ်စုသည် မတ္တာပ်ဆဲ မြင့်သိန်းကြီး ဝင်လာပြီဆိုလျှင် မျက်ခုံးလှုပ်နေကြ၏။ သို့နှင့် အပျိုသင်း ကျောင်းမြို့ကို . . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ . . . ကြည့်လုပ်ပါဦး၊ အယုတ်တမာကောင်ကြီး လာနေပြီတော့ . . ."

ဟု အကူအညီတောင်းရသည်။

အပျိုကြီး မကျင်မြိုင်ကိုတော့ မြင့်သိန်းကြီးက နည်းနည်းမြှူသည်။

အပျိုခေါင်းကြီးက အာကြမ်းကြမ်း၊ လက်ရဲဇက်ရဲ ပြောလို့မရလျှင် ဝင်းလုံးပြီး ပုဆိုးပါဆွဲချွတ်ပစ်သည့် မိန်းမကြမ်းကြီးရယ်။ မကျင်မြိုင်က "မြင်းသိန်းကြီးနော်" ခေါ်လိုက်လျှင် မြင့်သိန်းကြီး တွန့်၍ သွားသည်။

"မြင့်သိန်းကြီး လုပ်ပါဗျာ . . . မကျင်မြိုင်ကလဲ"

"မခေါ်နိုင်ပါဘူး။ မြင်းသိန်းကြီးပဲ ခေါ်မယ်။ သွား . . . လာမနှောင့်ယှက်နဲ့"

မြင်းသိန်းကြီးဆိုသည်ကား သားတင်၍ မရသော မြင်းဂီလာန ကို ခေါ်ခြင်းဖြစ်သည်။ သို့ကလို ခေါ်လိုက်လျှင် အားလုံးက မြင့်သိန်းကြီး ကို ကြည့်၍ ရယ်ကြသည်။ ထိုအခါ မြင့်သိန်းကြီးက . . .

"ကျုပ် . . . မြင့်သိန်းကြီး မဟုတ်ပါဘူးဗျာ။ မြင်းလားကြီး ပါ။ မယုံရင် . . ."

"တဲ့ . . . အယုတ်တမာကောင်၊ သေနာကျသွား . . . အယုတ်မာကောင် . . . သွား။ ဒီနားမလာနဲ့။ ဟောဒီမှာ ဦးလေး ကိုဘရေ မြင့်သိန်းကြီး ကျွန်မတို့ကို မဟုတ်ကဟုတ်ကတွေ လာပြောနေတယ်တော့"

သို့ကလို ဦးဘစုတို့ လူကြီးပိုင်းက လှမ်းအော်တိုင်လိုက်လျှင် ပျာပျာသလဲ တောင်းပန်သလို ပြုံးရင်းက . . .





"မအော်ပါနဲ့ ကျင်မြိုင်ရာ။ သူတို့လေးတွေကို ချစ်လို့ခင်လို့ပါ။ နင့်ရဲ့ အချစ်တုံးလေးတွေကိုမှ မစရ၊ မနောက်ရရင် နင့်ကိုပဲ . . ဒါ . . . ကဲ . . . ဟာ . . ."

"အောင်မလေး"

"ဟာ"

"ဟယ် . . . သွားပါပြီတော်"

"ဟား . . . ဟား . . . ဟား . . . ဟီး . . . ဟီး . . . အပျိုခေါင်း မကျင်မြိုင် အီးမတ်တတ်ယို။ ဒီနေ့လည်း သူ့ရှုပ်ဟာ နွားချေးခြောက်လို"

"မသာကောင်၊ သေနာကျ၊ ဝမ်းတော်လား သေမယ့်ကောင်။ မြင်းသိန်း . . ."

မြင့်သိန်းကြီးကား အလစ်မှာ အပျိုခေါင်း မကျင်မြိုင်ရဲ့ မျက်နှာအား လက်ငါးချောင်းရာ အိုးမဲသုတ်ပြီး ပြေးလေပြီ။ ပြေးရင်းမှ ရပ်၍ အပျိုခေါင်း မကျင်မြိုင် အီးမတ်တတ်ယို ဆိုပြီးသီချင်းကို အော်ဆို၍ ကပြန်လေရော။ မကျင်မြိုင်ကဆဲ။ အပျိုအုပ်ကရယ်။ ကလေးများက ဝမ်းသာ၍ အော်ဟစ်။ ကာလသားများက တဝါးဝါး။ မုန့်လုံးရေပေါ် စားသူများက တဟားဟား။

ဤသို့နှယ်။ မြင့်သိန်းကြီးက မျက်နှာပြောင်၏။ စနောက်၏။ ကျွန်တော်တို့က မကျင်မြိုင် အပျိုကြီးနှင့် မြင့်သိန်းကြီး အဲ . . . အဲ မြင့်သိန်းကြီးကို ချစ်သူများဘဝရောက်အောင် ဝိုင်းလော့ကြ၏။

ထိုအခါ မြင့်သိန်းကြီးက သူ့ကိုယူမယ့်အစား ပွက်ပွက်ဆူနေသည့် ဆန်ပြုတ်အိုးထဲမှာ ခေါင်းနှစ်ပြီး ကင်းမြီးကောက်ထောင် အုန်းသင် ဒိုက်နေပါရစေဟု ဆိုလေ့ရှိ၏။ မကျင်မြိုင် 'ခင်ဗျားဘက်ကမျှော်' ဟု



www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်လျှင် ဒီလိုကောင်စားမျိုး မင်္ဂလာဦးညမှာပဲ ဆေးရုံတက်ရ စေမယ်ဟု ကြိမ်းဝါးလေသောအခါ ကြားရသူများ၊ အောင်သွယ်များ ကြက်သီးမွေးညင်း ထကုန်ကြလေသတည်း။

\+ + + + + + +

(၂)

ဆိုရလျှင် ကျွန်တော်တို့ လူငယ်များသည် သကြန်နီးသည်နှင့် သကြန်မှာ ရေကစားရန်၊ မတ္တုပ်လုပ်ရန်၊ မုန့်လုံးရေပေါ် ဆန်ပြုတ်စသည်တို့ကို ကျွေးမွေးရန် ကိုယ့်လုပ်အားနှင့်ကိုယ် ရန်ပုံငွေရှာလေ့ရှိကြ၏။ အိမ်သာကျင်း ကျင်းစားလိုက်တူး၍ ရန်ပုံငွေရှာ၏။ ဓနိလက်စားမိုး၍ ရှာလေ့ရှိကြ၏။

ရေတွင်းကြေးဆယ်၍ သစ်ပင်ခုတ်၍ ခြံရှင်း၍ ရန်ပုံငွေရှာ၏။ ထိုကာလက ငွေလေးငါးထောင် ရန်ပုံငွေရ၏။ ထိုငွေ လေးငါးထောင်သည် သကြန်အကြိုနေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ အကျွေးအမွေးနှင့်လုပ်ဦး လုံလောက်၏။

ကျွန်တော်တို့ လူငယ်များ ရိုးသားစွာ ရန်ပုံငွေရှာသည်မို့ အရပ်ကလည်း အားပေး၏။ လုပ်ငန်းလေးများ ဖန်တီးပေး၏။ ဒီနှစ်သည်း ကျွန်တော်တို့ အိမ်သာကျင်း ငါးကျင်းနှင့် ရေတွင်းကြီး ငါးတွင်း



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ခွင့်ရ၏။ ရလာသည့်ငွေများကို ကိုသောင်းညွှန့်ဦးက ထိန်းသိမ်းထားရ၏။

ကံကြမ္မာဆိုးက ဝင်လာချင်တော့ . . . ကြည့်။

တွင်းကြေးဆယ်ပြီးမှ လူတွေအားလုံး ညစ်ပေနေကြသည်။ အချိန်က ညနေစောင်း၊ အားလုံးစက်ကန်မှာ ရေသွားချိုးကြမည်ကာ စက်ကန်(ရေကန်) ကြီးများရှိရာသို့ ထွက်ခဲ့ကြသည်။ စက်ကန်(ရေကန်) ရောက်တော့ နွားကျောင်းနေသည့် အသက် ၅၀ ခန့်ရှိသော လူကြီးက . . .

"မောင်ရင်တို့ ဘာလုပ်ကြမလို့လဲ"

"ရေတွင်းဆယ်ပြီး ပြန်လာတာဗျ။ ရေကူး ရေချိုးမလို့"

"သတိတော့ ထားကူးကြကွယ်"

"ဘာဖြစ်လို့လဲ ခင်ဗျ"

"ညက ဒီရေကန်ကြီးက အော်သံကြားသကွယ့်။ အဲဒါ မကောင်းတဲ့ နိမိတ်ပဲ။ ဒါကြောင့် ရေကူးရင် သတိထားလို့ ပြောရတာ"

"ဟုတ်ကဲ့ခင်ဗျ . . . ဟုတ်ကဲ့။ ကိုင်းဟေ့ . . . အားလုံးနော် ရေစပ်မှာပဲ သုတ်သင်ဆေးကြောကြ။ ရေနက်ထဲ မကူးကြနဲ့"

ကိုသောင်းညွှန့်က သတိပေးပြီး ရေစပ်မှာပဲ ရေချိုးသန့်စင်ကြသည်။ ကျွန်တော်တို့ အရပ်ဘက်မှာ ဤရေကန်ကြီးများသည် ထူးဆန်းသော သတိပေးမှုများ ပြုလုပ်လေ့ရှိသည်။ တစ်နှစ်လျှင် တစ်ကြိမ် ရေကန်ထဲမှ ထူးဆန်းသောအသံ ပြုလေ့ရှိသည်။

လူအော်သံလိုလို၊ လူညည်းသံလိုလို၊ အူသံလိုလို ကြားလေ့ရှိသည်။ ထိုသို့ အော်သံများ ကြားရပြီးလျှင် မကြာခင် ထိုရေကန်မှာ ရေလာကူးသူထဲမှ တစ်ယောက်ယောက်တော့ ရေနစ်၍ သေဆုံး





လေ့ရှိသည်။

ထိုထူးဆန်းသော တိုက်ဆိုင်မှု အဖြစ်အပျက်သည် တစ်နှစ်ထဲ မဟုတ်။ နှစ်စဉ်ဖြစ်သည်။ အချို့က ကန်ထဲမှ ဝိညာဉ်ဟောင်းများက ဝိညာဉ်လူစားလဲရန် ခေါ်သည်ဟု ဆိုကြ၏။ ထိုသို့ကန်ထဲမှ ထူးဆန်းသော အသံများကိုကြားရလျှင် ကန်ဝန်းကျင်ရပ်ကွက်ထဲမှ လူများ ရေမကူးကြတော့။ အဝတ်လျှော်ရုံမျှပဲ ပြုကြသည်။

ဒါကြောင့်လည်း ကန်ကြီးများဝန်းကျင်မှာ ရေကူးသူ၊ ရေချိုးသူ သိပ်မတွေ့ရ။ ကျွန်တော်တို့ ခေတ်လူငယ်များကား ဒီကိစ္စကို သိပ်အလေးအနက်မထား။ အယုံအကြည်လည်းမရှိ။ သို့နှင့် နောက်နောက်ပြောင်ပြောင် ရွှတ်တီးရွှတ်တစကားများ အော်ဟစ်ပြောဆိုပြီး ရေထဲသို့ ခုန်ဆင်းကြသည်။ ကာလသားခေါင်းက ရေနက်ထဲမသွားကြနှင့်ဆို၍ ရေလယ်ဘက်တော့ သွားမကူးကြ။

သို့ကလို ကမ်းစပ်မှာပဲ ရေချိုးရေကူး သန့်စင်နေစဉ်မှာပင် မြင့်သိန်းကြီးသည် ကမ်းစပ်မှ ဒိုင်ဗင်ထိုးချပြီး ရေငုပ်သွားခဲ့သည်။ မကြာခင် ကမ်းစပ်နှင့်အလှမ်းဝေးဝေး ရေပြင်ကျယ်မှာ ဖွားခနဲ ပြန်ပေါ်လာသည်။ ကိုသောင်းညွှန့်က ရေလယ်ကိုမသွားဖို့ လှမ်းခေါ်သည်။ မြင့်သိန်းကြီးက ရေထဲမှ မျက်နှာပြောင်ပြပြီး နှုတ်ဆက်သလို လက်ပြကာ ရေအောက်သို့ ငုပ်လျှိုးသွားခဲ့သည်။

သူရေငုပ်သွားသည်မှာ အတန်ကြာသွားခဲ့သည်။ သူသည် အမှန်လည်း ရေကူးကျွမ်းကျင်သူဖြစ်သည်။ သို့သော် ဒီတစ်ခါတော့ သူရေပြင်ပေါ်သို့ လုံးဝပြန်ပေါ်မလာခဲ့တော့။ ကျွန်တော်တို့အားလုံး ထိတ်ထိတ်ပျာပျာ ဖြစ်ကုန်သည်။ ၁၀ မိနစ်၊ ၁၅ မိနစ်၊ မိနစ် ၂၀–၃၀၊ ဘယ်လိုမှ ပြန်မပေါ်မလာသောအခါ နီးရာဝန်းကျင်ကို ပြေး၍

www.burmeseclassic.com



အော်တစ်အကူအညီတောင်းရသည်။ မကြာခင် လူရွယ်တစ်ယောက် ရေထဲမှ ပြန်ပေါ်မလာသည့် သတင်းသည် ချက်ချင်းပျံ့နှံ့သွားကာ လူတွေ ဖွေးဖွေးလှုပ် ရောက်ရှိလာကြသည်။

ရေကူးကျွမ်းကျင်သူများက ဘောကွင်းများ၊ ဝါးတိုင်များစိုက်၍ အချိန်အတန်ကြာ ဝိုင်းကူရှာကြတော့မှ ရေအောက်မှ မြင့်သိန်းကြီးရဲ့ အသက်မဲ့သော အလောင်းကို ပြန်တွေ့ခဲ့ကြသည်။ ကျွန်တော်တို့အားလုံး ကြေကွဲ၍မဆုံး၊ ငိုလို့မဆုံး၊ စိတ်ထိခိုက်၍မဆုံး။ နွားကျောင်းသားအဘိုးကြီးက 'ငါပြောလျက်သားနဲ့ကွာ' ဟု မြင့်သိန်းကြီးအလောင်းကိုကြည့်ရင်း စိတ်မကောင်းစွာ ဆိုညည်းရှာလေသည်။

\+ + + + + + +

(၃)

မြင့်သိန်းကြီး အလုဘရက်လည်ပြီး သုံးရက်မြောက်တော့ သကြံန်စသည်။ မဏ္ဍပ်ထိုးပြီးပြီ။ အုန်းလက်များ၊ ခနိဖောင်၊ ခနိဖူးများ အဝင်ဝမှာ စိုက်ထူကြသည်။ ငုပန်းများ၊ ပိတောက်ပန်းများကို အကိုင်းလိုက် စိုက်ထူချိတ်ဆွဲထားရာ ရေကစားသည့် အပျိုကလေး၊ အပျိုကြီး၊ ကာလသားများနှင့် အသံချဲ့စက်သံ တလွင်လွင်နှင့် ပျော်စရာကောင်းလှသည်။

ရေပက်ကစားကြတော့ သွားလေသူ မြင့်သိန်းကြီးကို သတိရကြသည်။ ဒီကောင်ကြီးသာရှိလျှင် သူလုပ်နေကြထုံးစံအတိုင်း ဆံပင်ကို ညာဘက်တစ်ခြမ်း အပြောင်ရိတ်ပြီး တစ်ခြမ်းချန်ထားမည်။ မျက်နှာတစ်ခြမ်းကို အိုးမည်းသုတ်ပြီး ကျန်တစ်ခြမ်းအား မြေဖြူမှုန့် အရည်ဖျော်၍ သုတ်လိမ်းပြီး ခန္ဓာကိုယ်ပေါ်မှာ တောတွင်းသားကဲ့သို့ ပြောင်ပြောင်နှင့်ခါးမှာ သစ်ရွက်များစည်းပြီး ရေကစားသည်။ လမ်းပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



သောက်၍ကမည်။ မိုက်ခွက်ကိုင်ပြီး သူကိုယ်တိုင် စာသားထွင်ဖျက်ထားသည့် သီချင်းများကို တစ်ကိုယ်တော် သီဆိုမည်။

ခုတော့ . . . ပျော်တတ်သော၊ ချစ်စရာကောင်းသော ချစ်သူငယ်ချင်းကြီး မရှိတော့။ အားလုံးလွမ်းဆွတ် သတိရသော်လည်း အလွမ်းကို သကြံန်ရေထဲမှာ ဖျောက်ပစ်လိုက်ရင်း အပျော်စိတ်ကို အာရုံပြောင်း မြှင့်တင် လိုက်ကြတော့သည်။

ထူးဆန်းသော ဖြစ်ရပ်များသည် နေ့ခင်းမှာတော့ ဘာမျှမဖြစ်ခဲ့။

အဲ . . . ဖြစ်ချင်တော့ ညဘက်မှာ အံ့ဩဖွယ်ရာ ကြုံကြရတော့သည်။

ညဦးပိုင်းမှာ ကိုသောင်းညွန့်တို့ ကာလဝိုင်းက ဒုံမင်းမယ်ဒလင် ဂီတာများနှင့် အထိုင်ဝိုင်း ညည်းခံသီချင်းဆို တီးမှုတ်ကြသည်။ ညည်းခံဖျော်ဖြေရေး အစီအစဉ်သည် ည ၁၂ နာရီလောက်မှာ ပြီးစီးသွားခဲ့၏။ နားထောင်သူလည်း မရှိတော့။ လမ်းပေါ်မှာ လမ်းသွားလမ်းလာလည်း မရှိတော့။ မဏ္ဍပ်ထဲမှာ ကျွန်တော်၊ ကိုသောင်းညွန့်ဦး၊ ကိုဝင်းမောင် သုံးဦးပဲ မဏ္ဍပ်စောင့်အိပ်ရန် ကျန်ရစ်ခဲ့သည်။

ဒီမှာက အသံချဲ့စက်များ၊ မီးချောင်းများ ရှိသေးသည်ကိုး။ သို့နှင့် . ၂ . လက်ကျန် အရက်ကလေးတစ်ပိုင်းကို သုံးယောက်မျှသောက်ပြီး မဏ္ဍပ်ထဲက ဖျာပေါ်မှာအိပ်လိုက်ကြသည်။ မအိပ်ခင် အဝင်ဝကို ဝါးသုံးလုံးနှင့် အဟန့်သဘောမျိုး ပိတ်ကာထားလိုက်ကြသည်။

ပင်လည်း ပင်ပန်းနေကြပြီမို့၊ အရည်ကလေးလည်း ဝင်သွားခဲ့ပြီမို့ မကြာခင် အိပ်ပျော်သွားခဲ့ကြသည်။ မည်မျှကြာကြာ အိပ်ပျော်သွားခဲ့သည်မသိ၊ ကျွန်တော်တို့သုံးဦး ကိုယ်ပေါ်သို့ ဝုန်းခနဲ ဖျန်းခနဲ





ကျလာသံကြား၍ ဖြုန်းခနဲ ထကြည့်လိုက်ကြသောအခါ ကျွန်တော်တို့အားလုံး ကိုယ်ပေါ်မှာ ရေတွေရွှဲရွှဲစိုနေသည်။ ပုဆိုးအင်္ကျီစောင်များ ခဲစိုကုန်သည်။

ဘယ်လိုလူနောက်ကများ အချိန်မတော် ရေလာလောင်းပါသိမ့်။ ဘယ့်နှယ် အိပ်ပျော်နေတဲ့လူကိုမှ ရေလာလောင်းရတယ်ရယ်လို့။ သို့နှင့် ဘယ်သူ့လက်ချက်လဲ သိချင်၍ ရေစိုရွှဲကြီးနှင့် လိုက်ရှာသောအခါ ဘယ်သူမှမတွေ့ရ။ ကြည့်ရတာ အလစ်မှာလောင်းပြီး ပြေးထွက်သွားကြသည်နဲ့ တူပါရဲ့။ သို့နှင့် နာရီကြည့်လိုက်တော့ ၂ ချက်ထိုးနေပြီ။

ပြန်အိပ်မရသည့်အဆုံး မိုးလင်းပဲ ထိုင်စကားပြောနေလိုက်ကြသည်။

ဒီကိစ္စက တစ်ညတည်းနှင့် ကိစ္စမပြတ်။ ထူးဆန်းစွာပင်နောက်နေ့ညမှာလည်း ကြုံကြရပြန်သည်။ သို့ကလိုပင် အကျနေ့မှာလည်း အိပ်ပျော်နေတုန်း ရေပက်ခံရပြန်သည်။ သုံးဦးစလုံး ရွံနစ်လို့ဒါက ပွလာခဲ့ပြီ။ ဒီလူလွန်မသား လူနောက်တွေ ကျုပ်တို့ကို အိပ်မရအောင် လုပ်နေပြီ။ သုံးယောက်သား လူစုခွဲ၍ လက်သည်ကို ရှာကြသည်။ ရေက ရေစည်ကို ကြည့်လိုက်တော့ ရေတွေဘောင်ဘင်ခတ်နေဆဲ။ ကြည့်ရတာ ကိုယ့်ရေနှင့် ကိုယ်အပက်ခံရသည့်ပုံမျိုး။ တောက် . . .။

ရေပက်သူသည် သည်ဝန်းကျင်မှာ ရှိရမည်။ လိုက်ရှာသည်။ မတွေ့။ ဟိုးတစ်ခေါ်မှာကိုယ့်လို ရေကစားမဏ္ဍပ်ရှိသည်။ သွားကြည့်တော့ သူတို့လည်း ပိုးလိုးပက်လက် အိပ်မောကျလို့။ ဒီလောက်ဝေးဝေးသည်း ပြေးသွားရင် မြင်နိုင်လောက်သည်။ မီးများကလည်း ထိန်ထိန်



www.burmeseclassic.com

www.burmeseclassic.com



လင်းလို့ရယ်။

အကြွတ်နေ့ညရောက်တော့ ကျွန်တော်တို့ ရေချောင်းပက်သည့် ငနဲ့ကို အမိအမ်းမည်ဟု တိုင်ပင်ထားကြသည်။ ဒီကိစ္စက ချစ်စရာတို့ တင်မောင်ဦးတို့များလား။ ဒီကောင်တွေကလည်း လူနောက်လူပြောင်တွေ တော့ မှန်သည်။ စုံစမ်းကြည့်တော့ သူတို့လည်း မဟုတ်ပါတဲ့။

သည့်နောက် အရက်လုံးဝမသောက်ဘဲ သတိဝီရိယနှင့် သုံးယောက်သား အိပ်ချင်ယောင်ဆောင်နေလိုက်ကြသည်။ နှစ်ချက်ထိုး သည့်တိုင် သည်ကောင်လာမပက်သေး။ လိုရမည်ရ လက်နှိပ်ဓာတ်မီးပါ ဆောင်ထားလိုက်သေးသည်။ မကြာခင် အိပ်ပျက်ညဆက်နေ၍ သမ်းဝေ လာခဲ့ကြသည်။ စကားပြောရင်း မှေးခနဲ ဖြစ်သွားကြစဉ် –

"ဝုန်း"

"ဖြန်း . . . ဖြန်း"

"ထကြဟေ့ . . . ထ"

သုံးယောက်သား ဝုန်းခနဲ ကောက်ထလိုက်ကြသည်။ လူ တွေလည်း ထုံးစံအတိုင်း ရေတွေရွှဲရွှဲစိုလို့။ ကိုသောင်းညွန့်က လက် နှိပ်မီးကို ကောက်ကိုင်လိုက်သည်။ ဒီအချိန်မှာ မဏ္ဍပ်ရှေ့ရေစည် များကြားမှ လူတစ်ယောက် လှစ်ခနဲပြေးသွားသည်ကို မြင်လိုက်ရ သည်။

"ဟေ့ကောင် . . . ရပ်စမ်း။ ရပ်လေကွာ"

ရှေ့ကလူက ပြေးသွားရင်းမှ ရပ်လိုက်သည်။ ဒီမှာ ကိုသောင်း ညွန့်က ၎င်းလူကို လက်နှိပ်မီးနှင့် ထိုးကြည့်လိုက်သည်။ မီးအပွင့်မှာ ထိုလူကလည်း ကျောပြောင်ကြီးနှင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

"ဟာ"





"အမလေး"

မီးရောင်ရှေ့မှ လူ့ရဲ့မျက်နှာကို ရုတ်ခြည်း မြင်လိုက်ရသော အခါ ကျွန်တော်တို့ သုံးယောက်စလုံး အကြီးအကျယ် အံ့ဩသွား ခဲ့ရသည်။ ကျွန်တော်တို့ မြင်လိုက်ရသူကား အခြားသူမဟုတ်။ စက် ကန်မှာ ရေနစ်သေဆုံးသွားသည့် ကျွန်တော်တို့သူငယ်ချင်း မြင့်သိန်း ကြီး။

"မြင့် . . . မြင့်သိန်းကြီး"

"မြင့်သိန်း"

"သူငယ်ချင်း"

မီးရောင်ထိုးခံထားရသည့် ကွယ်လွန်သူ မြင့်သိန်းကြီးသည် မီးရောင်ကို အလန့်တကြား လက်နှင့်ကာရင်း ထွက်၍ပြေးတော့သည်။ ကျွန်တော်တို့ကလည်း သူ့အမည်အော်ခေါ်ပြီး လိုက်ကြသည်။ ထူး ဆန်းသည့်ကား မြင့်သိန်းကြီးသည် အဝတ်ပုဆိုးရေစိုနှင့် မျက်စိရှေ့ မီးရောင်အောက်မှာ ဖျုန်းခနဲပျောက်သွားခဲ့ခြင်းပဲ ဖြစ်သည်။ ကျွန် တော်တို့အားလုံး ကျောထဲမှာ ကြက်သီးဖြန်းဖြန်းထသွားကာ ခေါင်း နားပန်းများ ကြီးသွားခဲ့ကြသည်။

တွေ့လိုတွေ့ငြား ကုက္ကိုပင်အောက်ဝန်းကျင်မှာ မီးထိုးလိုက် ရှာပါသော်လည်း လုံးဝမတွေ့ရတော့။ ကြောက်ကြောက်လန့်လန့်၊ အံ့အံ့ ဩဩနှင့် ၎င်းကိစ္စကို တိုးတိုးတိုင်ပင်ကြသည်။

"မြင့်သိန်းကြီးမှ မြင့်သိန်းကြီး အစစ်ပါကွာနော်"

ကိုသောင်းညွန့်က အသံတုန်တုန်နှင့် ပြောနေစဉ်

"ဟုတ်ပါတယ်ဗျာ . . . ဒီကောင်ကြီးပါ။ သေတဲ့နေ့က ဝတ် တဲ့ ပုဆိုးအဖြူကွက်စိပ်နဲ့ ကျောပြောင်ကြီးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ထင်လာပြတာနဲ့တူတာပဲ . . . ကိုသောင်းရ"

"ဒီကိစ္စ အခြားသူတွေကို ပြောရင် ယုံကြပါ့မလားဗျာ . . . ထင်"

"ယုံမှာလည်း မဟုတ်ဘူး။ ငါတို့ကို နောက်ပြောင်နေတာ လို့ ထင်ကြပါမှာပဲ။ ဒါမှမဟုတ် ရူးကုန်ပြီလို့ ပြောကြလိမ့်မယ်။ ဒီကိစ္စ ဘယ်သူမှ မပြောနဲ့။ တော်ကြာ အကုန်ကြောက်လန့်ကုန်မယ်"

သို့နှင့်။ ၎င်းကိစ္စကို ကျွန်တော်တို့ ရေငုံနှုတ်ပိတ်၍ နေလိုက်ကြသည်။

\+ + + + + + +

(၄)

မည်သို့ပင် ရေငုံနှုတ်ပိတ်နေပါသော်လည်း ထိုဆန်းကြယ်လှသော ကိစ္စသည် အတက်နေ့အကူး ည ၁၂ နာရီမှာ ဘူးပေါ်သလို ပေါ်သည့်အဖြစ်နှင့် ကြုံတော့သည်။

နက်ဖြန် အတက်နေ့။ ရပ်သူရပ်သားများအား ဆန်ပြုတ်တိုက်ရန် နေ့ခင်းကတည်းက ဘဲသားများဝယ်၍ ပြုတ်ပြီးကျက်သော အပျိုအဖွဲ့က လှီးကြနွှင်ကြသည်။ ကြက်သွန်ကြော်ကြသည်။ လူကြီးများက ဆန်စိမ်၍ ညနေရောက်တော့ မိုးဖြဲဒယ်ကြီး ငါးလုံးနှင့် ဆန်ပြုတ်, ပြုတ်ကြသည်။

လူငယ်များက ရေပက်ကစားကြသည်။ ကာလသားများက ရေဖြည့်ပေးနေကြသည်။ ညဘက်ရောက်တော့ ကျွန်တော်တို့က အိုးစောင့်ရင်း အိပ်ကြသည်။ မနက်နှစ်ချက်ထိုးတော့ အဖျိုးသမီး မကျင်မြိုင်ကြီးက ဝီရိယကောင်းစွာဖြင့် သူ့အိမ်မှထလာပြီး ထင်းမီး

www.burmeseclassic.com



မွှေး၍ ဆန်ပြုတ်အိုးများကို နွှေးသည်။ အပျိုကြီး လှုပ်နေမှန်းသိ၍ ကျွန်တော်တို့က စိတ်ချလက်ချ အိပ်ပစ်လိုက်ကြသည်။

"အောင်မလေး . . . လာ . . . လာကြပါဦးတော့"

"အမေရေ . . . ကယ်ကြပါဦး . . . ဝစ် . . . ဂစ်"

မကျင်မြိုင်ရဲ့ ထိတ်လန့်တကြား အော်သံကြောင့် ကျွန်တော်တို့အားလုံး နိုးထလာပြီး ဖြုန်းခနဲထ၍ ကြည့်လိုက်သောအခါ အပျိုခေါင်းကြီး မကျင်မြိုင်သည် သစ်သားယောက်မကြီးကိုကိုင်ရင်း တန်းလန်းနှင့် တစ်ဂစ်ဂစ်မျက်ဖြူလန်ပြီးတက်ကာ လဲကျသွားခဲ့သည်။

ကျွန်တော်တို့လည်း မကျင်မြိုင်ကို ထိုးပွေ့ပြီး ဖျာပေါ်မှာချ၍ တတ်သမျှ မှတ်သမျှ ပြုစုရသည်။ မကြာခင် ဦးဘစုတို့ လူကြီးပိုင်းများလည်း ရောက်လာပြီး မကျင်မြိုင်အဖြစ်ကိုမြင်ကာ စိုးရိမ်သွားကြသည်။ မကျင်မြိုင် ပါးနှစ်ဖက်မှာလည်း အိုးမဲများပေကျံလို့။

"မကျင်မြိုင် . . . အစ်မ . . . အစ်မ . . . သတိထားလေ"

"ဟဲ့ . . . ကျင်မြိုင် တူမကြီး၊ ဟဲ့ . . . ဟဲ့ . . . ကောင်မလေး"

"အစ်မ . . . အစ်မဘာဖြစ်လို့လဲ . . . ဘာဖြစ်လို့လဲ"

မသူတော် ဝင်ရမ်းသည်ထင်၍ ကာလသားများက ဝန်းကျင်ကို လိုက်ရှာကြသည်။

"ဟို . . . ဟို . . . ဟို . . . ကောင် . . ."

"ဘယ်သူလဲ . . . ချစ်စရာလား၊ တင်မောင်ဦးလား"

"မဟုတ်ဘူး . . . ဟိုဒင်း . . . ဟိုဒင်း . . ."

"ပြောပါဟ . . . ကျင်မြိုင်ရ၊ ဘယ်သူလာစော်ကားတာလဲ ပြော"

"မြင်းသိန်းကြီး . . . မြင့်သိန်းကြီး . . . ကျွန်မ ကြောက်





တယ် . . . ကြောက်တယ်၊ အား . . . အမလေး . . . အမလေး . . . ကြောက် . . . ကြောက်တယ်"

မကျင်မြိုင်စကားကြောင့် ကျွန်တော်တို့သုံးဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ ပိုပြီး အံ့ဩသွားခဲ့ကြရသည်။ ကျန်လူများကလည်း ကွယ်လွန်သွားခဲ့သည့် မြင့်သိန်းကြီးဟု ကြားလိုက်ရသောအခါ အထူးအဆန်း ဖြစ်သွားခဲ့ကြသည်။ သည့်နောက် ကြောက်လန့်နေသည့် မကျင်မြိုင်ကို ဝိုင်းထိန်းဖေးမပြီး ဘုန်းကြီးကျောင်းသို့ ခေါ်သွားရတော့သည်။

ကျောင်းရောက်သည်နှင့် ဆရာတော်ကို ကျိုးကြောင်းဖြစ်စဉ်အား လျှောက်လိုက်ကြသောအခါ ဆရာတော်က . . .

"အင်း . . . စိတ်က စွဲလမ်းလွန်းတော့လည်း အရိပ်ကို အရုပ်ထင်၊ အရုပ်ထင် အမြင်မှား၊ အမြင်မှားတော့ အသိတရား မှောက်ကြတာပေါ့။

✦✦✦✦✦✦✦

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC

(၅)

မကျင်မြိုင်က မီးမွှေး၍ ဆန်ပြုတ်အိုးကို နွှေးနေသည်။ နွှေးရင်း ကွယ်လွန်သူ မြင့်သိန်းကြီးကို သတိရလိုက်သည်။

လွန်ခဲ့သည့် သကြိန်ကာလများတုန်းက သည်လိုအချိန် ချက်ကြပြုတ်ကြလျှင် မြင့်သိန်းကြီးက အားကိုးရ၏။ ဝိုင်းကူလုပ်ပေး၏ အပြောအဆို၊ အဆဲလည်းခံ၏။

ခု . . . မြင့်သိန်းကြီး မရှိတော့။

သူ ဘယ်ဘဝရောက်နေပြီလဲ။

သို့ကလို စဉ်းစားနေစဉ်မှာပဲ . . .

ရှိုးရှိုးရိပ်ရိပ်မြင်လိုက်ရ၍ လှမ်းအော်အမေး ငှင်းကလည်း အမည်မပြော။ သည်မှာပဲလန့်ပြီး ကွယ်လွန်သူမြင့်သိန်း(မြင့်သိန်းကြီး) စိတ်အစွဲနှင့် မြင့်သိန်းကြီးဟုမှတ်ကာ လန့်အော်လဲကျသွားကြောင်း ဆရာတော်က စစ်မေး၍ သိရတော့၏။



တစ်ယောက်ယောက်ကများ မြင့်သိန်းအယောင်ဆောင်၍ အပျိုခေါင်း မကျင်မြိုင်ကို နောက်ပြောင် ပြေးသွားရော့လေသလား။ စဉ်းစားစရာ အများကြီးရယ်။

ဆရာတော်က မကျင်မြိုင်ဆံပင်ကို လက်ဝါးနှင့် သုံးကြိမ်သပ်လိုက်သည်။ မကျင်မြိုင် နဂိုအတိုင်းပြန်၍ တည်ငြိမ်သွားခဲ့သည်။ ပါးပေါ်မှာလည်း မျက်ရည်များ၊ အိုးမဲနှင့်စိုလို့။

"ဒကာတို့ ကွယ်လွန်သူဒကာမောင်မြင့်သိန်းကြီးသည် ကွယ်လွန်ခါနီး အစွဲအလမ်းကြီးသော စုတေစိတ်နှင့် မကျွတ်မလွတ်သော ပရိဒေဝဘ်လောကကို ရောက်သွားခဲ့ရတယ်။ သတ္တဝါတိုင်း သေဆုံးကြသည့်အခါ ကံ၊ ကမ္မ နိမိတ်၊ ဂတိနိမိတ်များ အစွဲနဲ့ထင်မြင်ကြပြီး လားရာဂတိငါးပါးဖြစ်တဲ့ လူ့ဘုံ၊ နတ်ဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံများကို အစွဲအလမ်းအတိုင်း ရောက်သွားရတယ်။

"သေဆုံးခါနီး ယောနိသော မနသိကာရခေါ် တရားနှလုံးမသွင်းမိဘဲ သမီးစွဲ၊ သားစွဲ၊ ဥစ္စာစွဲ၊ အပေါင်းအသင်းစွဲ သံယောဇဉ်အနှောင်အဖွဲ့များကို အာရုံပြုစွဲလမ်းလျက် ကွယ်လွန်ခဲ့ရင် လူ့ဘဝမှာရှိကြတဲ့ မိသားစု သို့မဟုတ် ခင်မင်သူများက ကောင်းမှုကုသိုလ်ပြုပြီး အမျှပေးဝေမှ အဲဒီကောင်းမှုကုသိုလ် အဖို့ဘာဂအမျှကို သူ [illegible] နိုင်ပြီး ကောင်းရာမွန်ရာဘုံဘဝကို ရောက်ရလိမ့်မယ် ကြားသား [illegible] အပေါင်းအသင်းများကို စွဲလမ်းစိတ်နဲ့ မကျွတ်ရှာဘူး [illegible] ဒုက္ခလည်း ရောက်နေပုံရတယ်။ ဒါကြောင့် ဒကာတို့ကို [illegible] အကူအညီတောင်းနေတာ။ ကောင်းမှုကုသိုလ်တစ်ခုလုပ်ပြီး [illegible] ဝေလိုက်ပါ ဒကာတို့"

နောက်နေ့ မိုးလင်းသောအခါ [illegible]

www.burmeseclassic.com



ပရိက္ခရာများဝယ်ပြီး ဆွမ်းအုပ်ပို့၍ မြင့်သိန်းကြီးကို ရည်မှန်းပြီး ဆရာတော်ကျောင်းမှာ ဒါနကုသိုလ်လုပ်လို့ အမျှပေးဝေလိုက်သည်။ သိမ်ကျောင်းအတွက်လည်း အလှူငွေထည့်ဝင်ကြသည်။

သို့ကလို ပြုပြီးသည့် အချိန်မှစ၍ မြင့်သိန်းကြီး ဘာအနှောင့်အယှက်မျှ မပေးတော့။ နောက်ပြောင်ခြင်းလည်း မလုပ်တော့။ ကိုယ်ထင်လည်း မပြတော့။ ထူးခြားသည်ကား အတာက်နွေညက သင်္ကြန်မဏ္ဍပ်အတွင်း ပိတောက်ပန်းရနံ့များ ခါတိုင်းထက်ပိုမွှေးသလို အားလုံးခံစားရပြီး ထိုင်စကား ပြောနေသူများအပေါ်သို့ ရေစက်များပက်သူမရှိပါဘဲနှင့် ဖွားခနဲကျလာခြင်းပဲဖြစ်သည်။ သူငယ်ချင်း . . . မင်းငါတို့ကို နှုတ်ဆက်တာလားဟင်။ အမျှ . . . အမျှ . . . အမျှ သူငယ်ချင်းရေ။ မင်းကို ငါတို့ချန်မထားခဲ့ပါဘူး။ အမျှ . . . အမျှ . . အမျှ . . . သူငယ်ချင်း။ သူငယ်ချင်း ကောင်းရာသုဂတိဘုံကို လားပါစေတော့။

* * * * * * *

မောင်ညီမှိုင်း (သန်လျင်)

www.burmeseclassic.com